# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၈ ခုနှစ်၊ တော်သလင်းလကွယ်နေ့ | ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ(၆၆)၊ အမှတ်(၁၁၁)


## အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းတွင် နေအိမ်မှသာဆောင်ရွက်ကြရန် သတ်မှတ်ကြေညာချက်အား မူလအတိုင်း ပုံမှန်ရုံးတက်ဆောင်ရွက်နိုင်ပါရန် ထုတ်ပြန်ခြင်း

နေပြည်တော် အောက်တိုဘာ ၁၀

၁။ အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့်ဖြစ်ပေါ်လာခဲ့သည့် စက်သုံးဆီရှားပါးမှုကို ကြိုတင်ကာကွယ်ရန်အတွက် စက်သုံးဆီသုံးစွဲမှုကို ချွေတာလျှော့ချရန်ရည်ရွယ်၍ အစိုးရရုံးဌာနများမှ အရာထမ်း၊ အမှုထမ်းများသည် သက်ဆိုင်ရာရုံးဌာနများသို့ သွားရောက်ခြင်းမပြုဘဲ မိမိနေထိုင်ရာ နေအိမ်၊ အဆောင်များတွင်သာ ရုံးလုပ်ငန်းဆောင်ရွက်ခြင်းအား ၂၀၂၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှစတင်ပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းတွင် (work from home) ဆောင်ရွက်သွားကြရန် သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ အထက်ပါ အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်းတွင် (work from home) ဆောင်ရွက်သွားကြရန် သတ်မှတ်ကြေညာချက်အား ယနေ့မှစ၍ မူလအတိုင်း ပုံမှန်ရုံးတက်ဆောင်ရွက်နိုင်ပါရန် ထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်သမ္မတရုံး

**အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေ**

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေ**


ဥပဒေ စာ ၄


## နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်လာကြစေရန်ရည်ရွယ်သည့် ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ခေါ်ခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားစနစ်တည်ငြိမ်ရေး၊ ဓာတ်အားတိုးတက်ရရှိရေး၊ ရေနံနှင့်ရေနံထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ စွမ်းအင်လေလွင့်ဆုံးရှုံးမှုလျော့ပါးရေးအပါအဝင် နိုင်ငံတော်၏ စွမ်းအင်ဖူလုံရေးနှင့် လုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။


စာမျက်နှာ ၇ ကော်လံ ၁ ◆




## (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၀

၂၀၂၆ ခုနှစ် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။


စာမျက်နှာ ၅ ကော်လံ ၁ ❖




## မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံပေါင်လျှော့ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိ ဒေသခံပြည်သူများနှင့် ကျေးရွာစိုက်ကေများ ထိခိုက်မှုမရှိ

နေပြည်တော် အောက်တိုဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် ယနေ့နံနက် ၆ နာရီ ၃၀ မိနစ်ခန့်တွင် ရေလှောင်တမံ၏ တမံပေါင်မှာ တမံအလျား ၂၅၀ ပေ၊ အနံ ၁၀ ပေခန့်မှ မြေသား ၂၇ ပေ ခန့်အထိ လျော့ကျခဲ့သည့်အတွက် ယနေ့ နံနက်ပိုင်းမှစ၍ အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိပြီး ထိုသို့ ဆောင်ရွက်မှုကြောင့် ရေလှောင်တမံပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများနှင့် ၎င်းတို့၏ စိုက်ကေများ ထိခိုက်မှုမရှိကြောင်း သိရှိရသည်။


စာမျက်နှာ ၉ ကော်လံ ၁ ❑


## ပဲခူးတိုင်းဒေသကြီး တောင်ငူအထူးဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိပြီး သမိုင်းအမွေအနှစ်များဖော်ထုတ်



တောင်ငူ အောက်တိုဘာ ၁၀

တောင်ငူအထူးဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် သမိုင်းအမွေအနှစ်များ ဖော်ထုတ်ဆောင်ရွက်လျက်ရှိရာ တောင်ငူမြို့ ကေတုမတီရှေးဟောင်း ကျုံးမြောက်ဘက် ရေထုတ်ပြွန်တည်ဆောက်နေမှု၊ ရှေးဟောင်းဘုတ်တလုပ်ရေကန် အဆင့်မြှင့်တင်ဖော်ထုတ်နေမှုနှင့် ကေတုမတီနန်းမြို့နှင့်


စာမျက်နှာ ၉ ကော်လံ ၅ ○





# မြို့ကြီးသူ မြို့ကြီးသားပီပီ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကျန်းမာရေးဆိုင်ရာ တရားဝင်အချက်အလက်စစ်တမ်းများအရ မြန်မာနိုင်ငံတွင် ယာဉ်တိုက်မှုကြောင့် သေဆုံးမှုနှုန်းသည် နိုင်ငံတွင်းသေဆုံးမှု စုစုပေါင်း၏ ၂ ဒသမ ၅ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းဝန်းကျင်၌ ရှိသည်ဟု သိရသည်။ အဆိုပါ ရာခိုင်နှုန်းသည် ရောဂါဘယကြောင့်မဟုတ်ဘဲ ပြင်ပအကြောင်းတရားများကြောင့် သေဆုံးရသည့် (External causes of death) အုပ်စုထဲတွင်မူ အမြင့်မားဆုံးသောအကြောင်းရင်းများထဲတွင် ပါဝင်နေသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ပျမ်းမျှ လူဦးရေ ၂၄၀၀ ကျော်မှ ၃၀၀၀ နီးပါးခန့်တို့မှာ ယာဉ်မတော်တဆမှုများကြောင့် အသက်ဆုံးရှုံးနေကြရသည်။ ယခုနှစ် ပထမ ၆ လပတ်အတွင်းတွင် ၉၃၂ ဦး ယာဉ်မတော်တဆမှုကြောင့် သေဆုံးခဲ့ကြောင်း သတင်းများအရ သိရသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ ဖြစ်ပွားသည့် ယာဉ်တိုက်မှု သေဆုံးမှုအများစုမှာ မော်တော်ဆိုင်ကယ် မတော်တဆမှုများကြောင့် ဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် ထိခိုက်လွယ်ဆုံးသူများမှာ လမ်းလျှောက်သွားလာသူများဖြစ်ပြီး ယာဉ်တိုက်မှုကြောင့် သေဆုံးသူစုစုပေါင်း၏ ၂၆ ရာခိုင်နှုန်း (၄ပုံ ၁ ပုံ ကျော်) ရှိနေကြောင်း ကုလသမဂ္ဂလမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာအစီရင်ခံစာတွင် ဖော်ပြထားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှတ်ပုံတင်ထားသော မော်တော်ယာဉ်စီးရေသည် တစ်နိုင်ငံလုံးတွင် အများဆုံးဖြစ်ပြီး တရားဝင်စာရင်းဇယားများအရ ၅ သိန်းကျော်မှ ၆ သိန်းခန့်ထိ ရှိကြောင်း သိရသည်။ ရန်ကုန်တိုင်းအတွင်း မော်တော်ဆိုင်ကယ်စီးနင်းခွင့်ကို ကန့်သတ်ထားခြင်းကြောင့် ယင်းပမာဏ၏အများစုမှာ မော်တော်ကားများ ဖြစ်ကြသည်။ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) တွင် တရားဝင် မှတ်ပုံတင်ထားသည့် YBS စီးရေ ၅၀၀၀ ကျော် ရှိပြီး လမ်းကြောင်းအသီးသီးတွင် နေ့စဉ်ပြေးဆွဲပေးနေသည့် ယာဉ်စီးရေမှာ ပျမ်းမျှအားဖြင့် ၃၅၀၀ ကျော်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲရန် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်ထားသည့် City Taxi စီးရေ ၆၀၀၀၀ ကျော်ရှိသည်ဟု သိရသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်သည် လူဦးရေထူထပ်များပြားသည်နှင့်အမျှ မော်တော်ယာဉ်စီးရေလည်း တစ်နိုင်ငံလုံးတွင် အများဆုံးဖြစ်ရာ ယာဉ်မတော်တဆမှုကြောင့် လူသေဆုံးမှု၊ ဒဏ်ရာရမှုတို့လည်း များပြားသည်။ ပြီးခဲ့သည့်နှစ်အနည်းငယ်ကို ပြန်ကြည့်ပါက ၂၀၂၄ ခုနှစ်တွင် ယာဉ်တိုက်မှု ၈၄၃ မှု ဖြစ်ပွားပြီး လူ ၄၄၆ ဦး သေဆုံးကာ ၉၄၄ ဦး ဒဏ်ရာရခဲ့သည်။ ၂၀၂၅ ခုနှစ်တွင် ယာဉ်တိုက်မှု ၈၀၁ မှု ဖြစ်ပွားပြီး လူ ၃၈၇ ဦး သေဆုံးကာ ၈၄၉ ဦး ဒဏ်ရာရခဲ့သည်။ ၂၀၂၆ ခုနှစ် ပထမ ၆ လ အတွင်း ယာဉ်တိုက်မှု ၂၅၅ မှု ဖြစ်ပွားပြီး ၁၂၅ ဦး သေဆုံးကာ ၃၆၃ ဦး ဒဏ်ရာရရှိခဲ့သည်။

ယာဉ်တိုက်မှု ဖြစ်ပွားရခြင်း၏ အကြောင်းရင်းများမှာ အရှိန်ပြင်းမောင်းနှင်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာခြင်း၊ မဆင်မခြင်မောင်းနှင်ခြင်း၊ မူးယစ်သောက်စားမောင်းနှင်ခြင်း၊ စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းခြင်းစသည်တို့ကြောင့်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မှတ်တမ်းများအရ သိရသည်။ လမ်းပေါ်တွင် သွားလာကြသူများက လမ်းစည်းကမ်းမလိုက်နာဘဲ စည်းကမ်းမဲ့လမ်းကူးခြင်းများသည် မိမိကိုယ်တိုင်အတွက်သာမက ယာဉ်မောင်းသူနှင့် အခြားသူများကိုပါ အန္တရာယ်ဖြစ်စေနိုင်သည်။

သို့ဖြစ်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ခြေကျင်သွားလာသူများသည် လမ်းဖြတ်ကူးလိုပါက သတ်မှတ်ထားသည့် မြေအောက်လမ်း၊ ခုံးကျော်တံတား၊ လူကူးမျဉ်းကျား သို့မဟုတ် ခွင့်ပြုထားသည့်နေရာ စသည်တို့မှသာ ဖြတ်ကူးရန်နှင့် စည်းကမ်းလိုက်နာမှုမရှိပါက အောက်တိုဘာ ၁၂ ရက် (မနက်ဖြန်)မှစ၍ “၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၉၆” အရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီက အသိပေးကြေညာထားသည်။

ရန်ကုန်တွင် လမ်းကူးသူများ အန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သည့် နေရာတိုင်းတွင် လူကူးတံတားများ၊ လမ်းဖြတ်ဥမင်များ၊ မျဉ်းကျားများ စသည်တို့ ပြည့်စုံစွာတည်ဆောက်ဖောက်လုပ် ရေးဆွဲပေးထားသည်။ သို့ရာတွင် လမ်းကူးသူ လူအများစုက ၎င်းတို့ကို အသုံးမပြုဘဲ စည်းကမ်းမဲ့စွာ လမ်းကူးကြရာ ယာဉ်မောင်းသူများအတွက် အနှောင့်အယှက်ဖြစ်စေသလို လမ်းကူးသူတို့အတွက်လည်း လွန်စွာအန္တရာယ်များပြားသည်။ စည်းကမ်းမဲ့လမ်းကူးခြင်းသည် ပြဋ္ဌာန်းထားသောဥပဒေကို ချိုးဖောက်ခြင်းလည်း ဖြစ်ရာ ထိရောက်စွာ အရေးယူရမည်သာ ဖြစ်ကြောင်းနှင့် လမ်းအသုံးပြုသူတိုင်း မြို့ကြီးသူ မြို့ကြီးသားပီသစွာ စည်းကမ်းနှင့်အညီ အသုံးပြုခြင်းဖြင့် ယာဉ်အန္တရာယ်ကင်းဝေးကြပါမည့်အကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး။

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး။

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## အင်အားအနည်းငယ်ရှိမြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၁၀

ယနေ့ နံနက် ၆ နာရီ၊ မိနစ် ၄၀၊ ၄၁ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် ၃၈ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင် (ကွမ်းခြံကုန်းမြို့၏ အရှေ့တောင်ဘက် ၁၆ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၆ ဒသမ ၃၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၂၁ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၅(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ မိုး/ဇလ

## ၁၀ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁ - ၁၀ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၉၅ | ၄၇၅၀ | ၄၇၀၀ | ၄၆၁၀ | ၄၇၅၀ | ၄၇၆၅ | ၄၈၀၀ | ၄၆၈၀ | ၅၀၄၅ | ၅၀၇၅ | ၄၇၀၀ | ၄၈၆၀ | ၄၇၉၀ | ၄၇၅၀ | ၄၇၆၀ | ၄၉၉၀ |
| 95 Ron | ၄၇၇၀ | ၄၉၂၅ | ၄၈၇၅ | ၄၇၈၅ | ၄၉၃၀ | ၄၉၄၀ | ၄၉၇၅ | ၄၈၅၅ | ၅၂၂၅ | ၅၂၅၀ | ၄၈၇၅ | ၅၀၅၀ | ၄၉၆၅ | ၄၉၂၅ | ၄၉၃၅ | ၅၁၆၅ |
| HSD (500 ppm) | ၄၅၈၀ | ၄၇၃၀ | ၄၆၈၅ | ၄၅၉၅ | ၄၇၃၅ | ၄၇၅၀ | ၄၇၈၀ | ၄၆၆၅ | - | ၅၀၄၅ | ၄၆၈၅ | ၅၂၂၀ | ၄၇၇၀ | ၄၇၃၀ | ၄၇၄၀ | ၄၉၆၀ |
| HSD (50 ppm) | ၅၅၇၅ | ၅၇၃၀ | ၅၆၈၅ | ၅၅၉၅ | ၅၇၃၅ | ၅၇၅၀ | ၅၇၈၅ | ၅၆၆၅ | ၆၀၃၀ | ၆၀၆၀ | ၅၆၈၅ | ၅၈၂၀ | ၅၇၇၅ | ၅၇၃၀ | ၅၇၄၅ | ၅၉၇၀ |
| HSD (10 ppm) | ၅၅၇၅ | ၅၇၃၀ | ၅၆၈၅ | ၅၅၉၅ | ၅၇၃၅ | ၅၇၅၀ | ၅၇၈၅ | ၅၆၆၅ | | ၆၀၆၀ | ၅၆၈၅ | ၅၈၂၀ | ၅၇၇၅ | ၅၇၃၀ | ၅၇၄၅ | ၅၉၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၃၆၇ | ၄၄၈၈ |
| 95 Ron | ၄၅၃၇ | ၄၆၆၂ |
| HSD (500 ppm) | ၄၃၇၁ | ၄၄၈၈ |
| HSD (50 ppm) | ၅၃၂၀ | ၅၄၅၇ |
| HSD (10 ppm) | ၅၃၂၀ | ၅၄၅၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ


မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

## ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
အမိန့်အမှတ် ၇၄ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် )
**ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄ ၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့အရ အောက်ဖော်ပြပါ ဒုတိယဝန်ကြီးများအား ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးကျော်ထင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| (၂) | ဦးဟန်ဝင်းအောင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များအဖြစ် ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
အမိန့်အမှတ် ၇၅ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် )
**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များအဖြစ် ပြောင်းလဲတာဝန်ပေးခြင်း**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်-

( ၁ ) ဦးညီညီ
ဒုတိယဝန်ကြီး
အားကစားရေးရာဝန်ကြီးဌာန

( ၂ ) ဦးထွန်းထွန်းဝင်း
အဖွဲ့ဝင်
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
အမိန့်အမှတ် ၇၆ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် )
**ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၆၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၂) နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပုဒ်မ ၅ တို့အရ အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ် အား ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်ကောင်စီဝင် အဖြစ် ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
အမိန့်အမှတ် ၇၇ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် )
**နေပြည်တော်ကောင်စီဝင် အဖြစ် ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅ ၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၂၂ နှင့် နေပြည်တော်ကောင်စီဥပဒေပုဒ်မ (၄) တို့အရ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်သန်း အား နေပြည်တော် ကောင်စီဝင်အဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
အမိန့်အမှတ် ၇၈ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် )
**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၃၄ ၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့အရ အောက်ပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ဝန်ကြီးဌာနအသီးသီးတွင် ဒုတိယဝန်ကြီး များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| ( ၁ ) | ဦးဝင်းမောင်သိန်း | ပညာရေးဝန်ကြီးဌာန |
| ( ၂ ) | ဒေါက်တာ တင်ထွန်း | ကျန်းမာရေးဝန်ကြီးဌာန |
| ( ၃ ) | ဒေါက်တာ နေသွယ်ကြည် | အမျိုးသမီးရေးရာ ဝန်ကြီးဌာန |
| ( ၄ ) | ဦးမျိုးအောင် | အလုပ်သမားဝန်ကြီးဌာန |
| ( ၅ ) | ဦးမျိုးကျော်သူ | အားကစားရေးရာ ဝန်ကြီးဌာန |

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
အမိန့်အမှတ် ၇၉ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် )
**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င) နှင့် (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စု အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့အရ ဦးစောရန်အောင် အား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
အမိန့်အမှတ် ၈၀ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
( ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် )
**ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီး**
**ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေ ပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ) တို့အရ ဒေါ်အေးအေးလှိုင် အား ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန် ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပညာရွှေအိုး လူမခိုး။

ပညာရှိရင် ပွဲလယ်တင့်။

# အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄ ။)
၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ (ဌ) ၏ နောက်တွင် ပုဒ်မခွဲ (ဍ) နှင့် (ဎ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဍ) သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊

(ဎ) ပုဒ်မ ၄ ပုဒ်မခွဲ (ဂ) အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်မှ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် သက်ဆိုင်ရာပါတီဝင်အဖြစ်မှ ပါတီစည်းမျဉ်း ဖွဲ့စည်းပုံအရ နုတ်ထွက်ခြင်း သို့မဟုတ် ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခံရခြင်း။"

၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁ ၏ နောက်တွင် ပုဒ်မ ၁၁-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၁-က။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည်-

(က) ယင်းကိုယ်စားပြုပါတီအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၁၁) တို့ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် ပုဒ်မခွဲ(ခ)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ယင်းကိုယ်စားပြုပါတီ ဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၈)၊ (၉)၊ (၁၀) တို့ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် ပုဒ်မခွဲ (ခ) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ၊ ပုဒ်မ ၂၄ ပုဒ်မခွဲ(င)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ-

(၁) မဲအများဆုံးရသူအနိုင်ယူစနစ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက အခြားပါတီတစ်ခု၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ခွင့်ပြုရန် သက်ဆိုင်ရာပါတီ၏ ပါတီဝင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားဖြင့် ပါတီဖျက်သိမ်းသည့်နေ့မှစ၍ သို့မဟုတ် ပယ်ဖျက်ခံရသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားခြင်း မရှိပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

ခြွင်းချက်။ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်အဖြစ်သာ ရပ်တည်လိုကြောင်း ဆန္ဒရှိပါက ထိုသို့ရပ်တည်လိုကြောင်း ကော်မရှင်သို့ ရက်ပေါင်း ၆၀ အတွင်း တင်ပြဆောင်ရွက်နိုင်သည်။

(၂) အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။"

၄။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၈။ (က) ပုဒ်မ ၄ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ မဲဆန္ဒနယ်အတွက် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းကလည်းကောင်း၊ ပုဒ်မ ၄ ပုဒ်မခွဲ (ဂ) ပါ မဲဆန္ဒနယ်အတွက် နိုင်ငံရေးပါတီကလည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းလွှာကို သတ်မှတ်ထားသည့်အတိုင်း ရုပ်သိမ်းခွင့်ရှိသည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းထုတ်ပြန်ကြေညာပြီးနောက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ သတ်မှတ်ထားသည့်အတိုင်း နုတ်ထွက်ခွင့်ရှိသည်။"

၅။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၀-က ခေါင်းစဉ်ပါ "နိုင်ငံရေးပါတီများ" ဆိုသည့် စကားရပ်ကို "နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၂ ပါ "နံနက် ၆ နာရီ" ဆိုသည့် စကားရပ်ကို "နံနက် ၇ နာရီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ" ဆိုသည့် စကားရပ်ကို "ညနေ ၅ နာရီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၇။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၈ ပုဒ်မခွဲ (ခ) ပါ "၂ ရက်ကြိုတင်၍" ဆိုသည့် စကားရပ်ကို "၃ ရက်ကြိုတင်၍" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ မတိုင်မီ" ဆိုသည့် စကားရပ်ကို "နံနက် ၉ နာရီမတိုင်မီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၈။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈ ပုဒ်မခွဲ (ဃ)ပါ "လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်" ဆိုသည့်စကားရပ်ကို "လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈-က ၏ နောက်တွင် ပုဒ်မ ၈၈-ခ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၈၈-ခ။ ကော်မရှင်သည်-

(က) နိုင်ငံရေးပါတီတစ်ခုသည် မိမိဆန္ဒအလျောက် ဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ ပုဒ်မ ၄၉ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၂)အရ ယင်းပါတီရရှိသော ဆန္ဒမဲရလဒ်များကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၄ ပုဒ်မခွဲ (ဂ) အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များအတွက် ပုဒ်မခွဲ(က)ပါ ပယ်ဖျက်လိုက်သည့် ဆန္ဒမဲရလဒ်များကို နုတ်ပယ်၍ ကျန်ရှိသော ခိုင်လုံမဲများကို သတ်မှတ်ထားသည့်အတိုင်း ပြန်လည်တွက်ချက်စေပြီး ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကို ကြေညာရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅ ။)
၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ (ဌ) ၏ နောက်တွင် ပုဒ်မခွဲ (ဍ) နှင့် (ဎ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဍ) သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊

(ဎ) ပုဒ်မ ၄ ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်မှ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် သက်ဆိုင်ရာပါတီဝင်အဖြစ်မှ ပါတီစည်းမျဉ်း ဖွဲ့စည်းပုံအရ နုတ်ထွက်ခြင်း သို့မဟုတ် ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခံရခြင်း။"

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁ ၏ နောက်တွင် ပုဒ်မ ၁၁-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၁-က။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည်-

(က) ယင်းကိုယ်စားပြုပါတီအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၁၁) တို့ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် ပုဒ်မခွဲ (ခ) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ယင်းကိုယ်စားပြုပါတီဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၈)၊ (၉) နှင့် (၁၀)တို့ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် ပုဒ်မခွဲ (ခ) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ၊ ပုဒ်မ ၂၄ ပုဒ်မခွဲ (င) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ-

(၁) မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်မှလွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက အခြားပါတီတစ်ခု၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ခွင့်ပြုရန် သက်ဆိုင်ရာပါတီ၏ ပါတီဝင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားဖြင့် ပါတီဖျက်သိမ်းသည့်နေ့မှစ၍ သို့မဟုတ် ပယ်ဖျက်ခံရသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားခြင်း မရှိပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

ခြွင်းချက်။ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်အဖြစ်သာ ရပ်တည်လိုကြောင်း ဆန္ဒရှိပါက ထိုသို့ရပ်တည်လိုကြောင်း ကော်မရှင်သို့ ရက်ပေါင်း ၆၀ အတွင်း တင်ပြဆောင်ရွက်နိုင်သည်။

(၂) အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။"

၄။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၈ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၈။ (က) ပုဒ်မ ၄ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ဂ) တို့ပါ မဲဆန္ဒနယ်အတွက် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းကလည်းကောင်း၊ ပုဒ်မ ၄ ပုဒ်မခွဲ (ခ) ပါ မဲဆန္ဒနယ်အတွက် နိုင်ငံရေးပါတီကလည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းလွှာကို သတ်မှတ်ထားသည့်အတိုင်း ရုပ်သိမ်းခွင့်ရှိသည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းထုတ်ပြန်ကြေညာပြီးနောက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ သတ်မှတ်ထားသည့်အတိုင်း နုတ်ထွက်ခွင့်ရှိသည်။"

စာမျက်နှာ ၅ သို့

*စာမျက်နှာ ၄ မှ*

၅။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၀-က ခြေဆင်းပါ "နိုင်ငံရေးပါတီများ" ဆိုသည့် စကားရပ်ကို "နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၂ ပါ "နံနက် ၆ နာရီ" ဆိုသည့် စကားရပ်ကို "နံနက် ၇ နာရီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ" ဆိုသည့် စကားရပ်ကို "ညနေ ၅ နာရီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၇။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၈ ပုဒ်မခွဲ (ခ) ပါ "၂ ရက်ကြိုတင်၍" ဆိုသည့် စကားရပ်ကို "၃ ရက်ကြိုတင်၍" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ မတိုင်မီ" ဆိုသည့် စကားရပ်ကို "နံနက် ၉ နာရီမတိုင်မီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၈။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈ ပုဒ်မခွဲ (ဃ) ပါ "လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်" ဆိုသည့်စကားရပ်ကို "လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈-က ၏ နောက်တွင် ပုဒ်မ ၈၈-ခ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၈၈-ခ။ ကော်မရှင်သည်-

(က) နိုင်ငံရေးပါတီတစ်ခုသည် မိမိဆန္ဒအလျောက် ဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ ပုဒ်မ ၄၉ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၂) အရ ယင်းပါတီရရှိသော ဆန္ဒမဲရလဒ်များကို ပယ်ဖျက်ရမည်။

( ခ ) ပုဒ်မ ၄ ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များအတွက် ပုဒ်မခွဲ(က) ပါ ပယ်ဖျက်လိုက်သည့် ဆန္ဒမဲရလဒ်များကို နုတ်ပယ်၍ကျန်ရှိသော ခိုင်လုံမဲများကို သတ်မှတ်ထားသည့်အတိုင်း ပြန်လည်တွက်ချက်စေပြီး ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကို ကြေညာရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်ရှိမ်း ကို အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

# မြန်မာနိုင်ငံ အဆုတ်နှင့်ရင်ခေါင်းပညာရပ်ဆိုင်ရာ ညီလာခံကျင်းပ




**ရန်ကုန် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံ အဆုတ်နှင့်ရင်ခေါင်း ပညာရပ်ဆိုင်ရာ ညီလာခံ(၂၀၂၆)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Novotel ဟိုတယ်၌ ကျင်းပပြီး ညီလာခံကို "အဆုတ်ကျန်းမာရေး ပိုမိုကောင်းမွန်ဖို့ အတူတကွလက်တွဲဆောင်ရွက်စို့" (Together for Better Lung Health) ဆောင်ပုဒ်ဖြင့် အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ ရက် နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ညီလာခံဖွင့်ပွဲတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများသည် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးစိန်ခေါ်မှုများဖြစ်သဖြင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၊ အသိပညာနှင့် အတွေ့အကြုံများ မျှဝေခြင်းတို့ဖြင့် ကုသမှုဆိုင်ရာစွမ်းရည်များ မြှင့်တင်ရန်လိုအပ်ကြောင်း၊ အဆုတ်နှင့်ရင်ခေါင်း ခွဲစိတ်ဆေးပညာဆိုင်ရာ မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး လက်ရှိတွင် မဟာဘွဲ့နှင့်ပါရဂူဘွဲ့ သင်တန်းသား စုစုပေါင်း ၃၀ တက်ရောက်သင်ယူလျက်ရှိကြောင်း၊ ပြည်သူများအတွက် ထိရောက်ပြီး လိုအပ်ချက်နှင့် ကိုက်ညီသော ကျန်းမာရေးဝန်ဆောင်မှုများပေးနိုင်ရေး အမျိုးသားကျန်းမာရေးစနစ် ခိုင်မာအားကောင်းစေရန်၊ အဆင့်မြင့်ဆေးဘက်ဆိုင်ရာ စက်ကိရိယာများနှင့် ဆေးပညာရှင်များ၏ စွမ်းရည်မြှင့်တင်ရေးကို ဆက်လက်အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ဆေးဘက်ဆိုင်ရာ သုတေသနနှင့်ဆေးပညာရှင်များအကြား ပညာရပ်ဆိုင်ရာဖလှယ်မှုများ၊ သုတေသနလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက တိုက်တွန်းပြောကြားသည်။

ထို့အတူ မြန်မာနိုင်ငံ အဆုတ်နှင့်ရင်ခေါင်းပညာရပ်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာထက်မြက်က ညီလာခံအကြိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ မြန်မာနိုင်ငံအဆုတ်နှင့် ရင်ခေါင်းပညာရပ်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌတို့က ညီလာခံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပညာရပ်ဆိုင်ရာ ပိုစတာပြခန်းနှင့် ဆေးဘက်ဆိုင်ရာပြခန်းများကို ကြည့်ရှုအားပေးသည်။

အဆိုပါညီလာခံသို့ နိုင်ငံတကာမှ အဆုတ်နှင့်ရင်ခေါင်းဆေးပညာရှင်များ၊ မြန်မာနိုင်ငံမှ အဆုတ်နှင့် ရင်ခေါင်းဆေးပညာရှင်များနှင့် မျိုးဆက်သစ်ဆေးပညာရှင်များ၊ စင်ကာပူ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနိုင်ငံတို့မှ ဆေးပညာရှင်များလည်း တက်ရောက်ကြပြီး အဆုတ်နှင့် ရင်ခေါင်းဆေးပညာရပ်နယ်ပယ်၏ တိုးတက်ဖြစ်ထွန်းမှုများ၊ လက်တွေ့လုပ်ငန်းခွင် အတွေ့အကြုံများ၊ ရောဂါရှာဖွေစစ်ဆေးခြင်းနှင့် ကုသရေးကဏ္ဍတို့တွင် စွမ်းဆောင်နိုင်မှုများကို ဆွေးနွေးကြမည်ဖြစ်သည်။

ထို့ပြင် ညီလာခံအကြို အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၉ ရက်တွင် အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်၊ အဆုတ်နှင့်ရင်ခေါင်းခွဲစိတ်ကုပညာဌာန၌ ကျင်းပခဲ့ရာ သင်တန်းသား ၅၀ တက်ရောက်၍ စာတွေ့လက်တွေ့သင်ယူခဲ့ကြသည်။

ယခုကဲ့သို့ ဆေးပညာရပ်ဆိုင်ရာညီလာခံများကို ကျင်းပပြုလုပ်ခြင်းဖြင့် နိုင်ငံတကာဆေးပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ဆေးပညာရှင်များအကြား အတွေ့အကြုံနှင့် သုတေသနဖလှယ်မှုများမှတစ်ဆင့် ဆေးပညာရှင်များ၏ စွမ်းရည်မြှင့်တင်နိုင်ပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများ၏ အရည်အသွေးနှင့်ထိရောက်မှုကို ပိုမိုတိုးတက်ကောင်းမွန်စေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ ***ရွှေဖုံးမှ***

နံနက်ပိုင်းမှ စတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်း ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်မျက်အတွဲများ၊ ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများ အလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာ ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရတနာကုန်သည်များက ပြပွဲတွင် ရောင်းချမည့် ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေး၍ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

မွန်းလွဲပိုင်းတွင် တင်ဒါအမှတ် (၃)မှ ပုလဲအတွဲ(၁၀၀)တွဲ၏ အတွဲအမှတ် (၂၄၁)မှ အတွဲအမှတ် (၃၄၀) အထိ လည်းကောင်း၊ တင်ဒါအမှတ် (၄)မှ ပုလဲအတွဲ (၁၂၀)တွဲ၏ အတွဲအမှတ် (၃၄၁) မှ အတွဲအမှတ် (၄၆၀) အထိလည်းကောင်း တင်သွင်းထားသော ဈေးနှုန်း တင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ယနေ့တွင် ပုလဲအတွဲပေါင်း ၁၉၆ တွဲ ရောင်းချခဲ့ရကြောင်း ကြေညာပေးခဲ့သည်။



မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနာယက၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ပုလဲအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးမှုနှင့် တင်ဒါအောင်သည့် ပုလဲအရောင်းစာရင်းများ ထုတ်ပြန်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြပွဲစတုတ္ထနေ့တွင် တင်ဒါအမှတ် (၅)မှ ပုလဲအတွဲ (၁၂၀)တွဲ၏ အတွဲအမှတ် (၄၆၁) မှ အတွဲအမှတ် (၅၈၀) အထိကို လည်းကောင်း၊ တင်ဒါအမှတ်(၆)မှ ပုလဲအတွဲ (၁၂၀)တွဲ၏ အတွဲအမှတ် (၅၈၁)မှ အတွဲအမှတ်(၇၀၀) အထိလည်းကောင်း၊ ပြပွဲပဉ္စမနေ့တွင် ကျောက်မျက်အတွဲပေါင်း ၁၆၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့အတူ အုပ်စု (အေ၊ ဘီ၊ စီ) သုံးအုပ်စု ခွဲခြားထားသည့် ကျောက်စိမ်း အတွဲပေါင်း ၃၀၇၃ တွဲအနက် အုပ်စု(အေ) နှင့် အုပ်စု (ဘီ) မှ ကျောက်စိမ်း အတွဲပေါင်း ၁၆၀၅ တွဲကို အောက်တိုဘာ ၁၃ ရက်မှ၁၅ရက်အထိလည်းကောင်း၊ အုပ်စု(စီ) မှ ကျောက်စိမ်းအတွဲပေါင်း ၁၄၆၈ တွဲကို အောက်တိုဘာ ၁၆ ရက်မှ ၁၇ ရက်အထိ လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက် ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပုဂ္ဂလိက ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိပြီး အဆိုပါ မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၈ ရက်မှ စတင်ကျင်းပခဲ့ရာ အောက်တိုဘာ ၁၇ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ရမည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်

**မြန်မာနိုင်ငံ၌ ကာလကြာမြင့်စွာကပင် တိုင်းတစ်ပါးမှ အမျိုးမျိုးသော မာယာမျိုးစုံတို့ ပြည့်နှက်နေသည်။ မာယာအမျိုးမျိုးတို့တွင် ခံစားမှုမာယာသည် ကြည်နူးနှစ်သက် စွဲမက်ဖွယ်ကောင်းသဖြင့် လူ့အကြိုက်ဖြစ်သည်။ ခေတ်ပေါ်တေးဂီတဖြင့် ဆိုကြ၊ ကကြ၊ သီဆိုကြဟန်များသည် လူငယ်များအဖို့ စိတ်ခံစားရှင်လန်း တက်ကြွလန်းဆန်းမှုကို ဖြစ်စေသည်။ သို့သော် မိမိတို့၏ ရိုးရင်းစွဲကောင်းမြတ်သည့် အစဉ်အလာများ၊ အကျင့်စရိုက်များ မပျောက်ပျက်ရန် သတိပြုဖို့လိုသည်။**

ကိုရင်မောင်

### ထိန်းသိမ်းစောင့်ရှောက်

ခံစားမှုမြောက်သည့် အနောက်တိုင်းယဉ်ကျေးမှုက ခေတ်ရေစီးကြောင်း ပြောင်းလဲလာမှုနှင့်အတူ ကာလအတော်ကြာအောင် လူငယ်လူရွယ်ကြားတွင် လွှမ်းမိုးထားနိုင်ခဲ့သည်။ တိုးတက်ပြောင်းလဲလာသော ခေတ်ကာလတွင် ခေတ်ရေစီးကြောင်းအလျောက် လိုက်ပါစီးမျောကြရသည် မှန်သော်လည်း မိမိတို့၏ ကိုယ်ပိုင်အနုပညာများကိုလည်း မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်သည်။

ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များ ပျောက်ပျက်ပါက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ မိမိနိုင်ငံ၊ မိမိလူမျိုးအား တန်ဖိုးထားလိုစိတ်များလည်း ပျောက်ပျက်သွားမည်ဖြစ်သည်။ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးလည်းပျောက်ပြီး နိုင်ငံပါပျောက်ကွယ်သွားနိုင်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအများစုတို့တွင် ကိုယ်ပိုင်ယဉ်ကျေးမှု အနုသုခုမပညာရပ်များ အသီးသီးရှိကြသည်။ အဆိုပါနိုင်ငံများသည် နယ်ပယ်ကဏ္ဍအသီးသီး၌ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသော်လည်း ၎င်းတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် အနုသုခုမပညာရပ်များအား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်ကို တွေ့နိုင်သည်။

၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်းက နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သွားရောက်ခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရီးစဉ်တွင် တူဗားပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ကမ္ဘာကျော် တူဗားရိုးရာလည်ချောင်းသံဖြင့် သံစဉ်ပြုလုပ်သီဆိုရသော ရိုးရာတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်းနှင့် ရိုးရာတူရိယာပစ္စည်းများဖြင့် ယဉ်ကျေးမှုအဖွဲ့များက တီးမှုတ်သီဆို ဖျော်ဖြေသရုပ်ဖော် တင်ဆက်ပြသခြင်းတို့ကို ကြည့်ရှုလေ့လာခဲ့ကြောင်း ရုပ်သံသတင်းများ၌ ကြည့်ရှုရသည်။ အဆိုတော်တစ်ဦးတည်းက သဘာဝသံစဉ်အမျိုးမျိုးကို အသံတုဖြင့် ဖန်တီးသီဆိုသည့် ရိုးရာဂီတသည် ထင်ရှားကျော်ကြားသည့် ကမ္ဘာကျော် ရိုးရာတေးဂီတဖြစ်သည်ဟု မှတ်သားခဲ့ဖူးသည်။

ရုရှားနိုင်ငံတွင် လူမျိုးစုပေါင်းများစွာရှိသလို လူမျိုးအသီးသီး၏ ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် အနုသုခုမပညာရပ်များရှိသည်။ ၎င်းတို့ကို ယနေ့ထက်တိုင် ထိန်းသိမ်းစောင့်ရှောက်ထားသည်။ တရုတ်နိုင်ငံတွင်လည်း အလားတူပင် ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ထင်ရှားကျော်ကြားသည့် လူမျိုးအသီးသီး၏ အနုသုခုမပညာရပ်များရှိသည်။ တရုတ်ကျေးလက်အကသည် နှစ်ထောင်ပေါင်းများစွာကတည်းက တီထွင်ဖွဲ့စည်းထားသော အကဖြစ်သည်။ တရုတ်နိုင်ငံတွင် ကျယ်ပြန့်စွာ ပျံ့နှံ့တိုးတက်လာခဲ့ပြီး ပြည်သူလူထု၏ နှစ်သက်ခြင်းကို ခံခဲ့ရသည်။

### အစွန့်ရှည်တည်တံ့ခိုင်မြဲ

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာ မြင့်မားခိုင်ကျည်သော နိုင်ငံဖြစ်သည်။ မြန်မာလူမျိုး၊ မြန်မာတိုင်းရင်းသားတို့၏ သီဆိုတီးမှုတ်ကခုန်မှု အနုသုခုမပညာရပ်များသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက စတင်ထွန်းကားလာခဲ့သည်။ ပုဂံခေတ်ဦး နံရံဆေးရေးပန်းချီများတွင် မြန်မာ့မူဟန် ကခုန်ဟန်များကို ရေးဆွဲထားသည်။ သရေခေတ္တရာခေတ်ဖြစ်သည့် ပျူခေတ်ကတည်းကပင် ဂီတအနုသုခုမသဘင်ပညာသည် အထွတ်အထိပ်နေရာတွင်ရှိခဲ့သည်။ အိမ်နီးချင်းတရုတ်နိုင်ငံသို့ သံတမန်ဆက်ဆံရေးအရ ပျူတေးဂီတအနုသုခုမပညာရှင်အဖွဲ့ သွားရောက်တင်ဆက်ခဲ့သည်ကို တရုတ်ထန်မင်းဆက်အုပ်ချုပ်ပုံစာတမ်း၌ လေးစားဂုဏ်ယူစွာ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ ထိုစဉ်က တရုတ်ဘုရင် “တဲကျုန်း”၏ နန်းတွင်း အတွင်းဝန် “ကဗျာစာဆို ပေါ်ကျူယိ”က ဂန္ထဝင်ကဗျာရှည်တစ်ပုဒ်ရေးဖွဲ့၍ ဂုဏ်ပြုမှတ်တမ်းတင်ခဲ့သည်။

ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်အဆုံးအထိ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်။ တိုင်းတစ်ပါးလက်အောက်တွင် နှစ်ပေါင်းတစ်ရာကျော်အောင် ရောက်ခဲ့သော်လည်း မြန်မာ့ယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့သည်။ မျက်မှောက်ကာလတွင်လည်း အစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ ကမ္ဘာပေါ်ရှိနိုင်ငံများတွင် နိုင်ငံခေတ်မီတိုးတက်နေသော်လည်း ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ထားနိုင်သည်ကို တွေ့ရသည်။ နိုင်ငံမည်သို့ပင် ခေတ်မီနေသည်ဖြစ်စေ မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို မေ့ပျောက်မထားပေ။ မိမိတို့၏ ရှေးအစဉ်အဆက် ကိုယ်ပိုင်ရိုးရာဓလေ့ထုံးစံ ယဉ်ကျေးမှုအနုသုခုမပညာရပ်များကို ထိန်းသိမ်းစောင့်ရှောက်ထားနိုင်သောကြောင့် အဆိုပါနိုင်ငံများသည် အစွန့်ရှည် တည်တံ့ခိုင်မြဲသာယာဝပြောနေသည်ကို တွေ့ရသည်။

### ထိန်းသိမ်းထားနိုင်

ယနေ့ကမ္ဘာတွင်လည်း နည်းပညာများ မြင့်မားလာသည်နှင့်အမျှ မြေကြော၊ ရေကြောတို့ရှုံ့လာသည်။ ကမ္ဘာ့တစ်နေရာမှတစ်နေရာ အကြောင်းအရာများကို ချက်ချင်းသိလာရသည်။ တစ်နေရာမှတစ်နေရာ ဆက်သွယ်မှု မြန်ဆန်လာသည်နှင့်အမျှ ယဉ်ကျေးမှုအရှိန်အဟုန်သည်လည်း အရှိန်အဟုန်ပြင်းပြင်း စီးဆင်းနေသလို အရောရော အထွေထွေလည်း ဖြစ်လာသည်။ ခေတ်ရေစီးကြောင်းအမျိုးမျိုးတွင် အနုပညာခံစားမှုရေစီးကြောင်းသည် ခံစားမှုမြောက်သလို ဖမ်းစားမှုလည်း ပြင်းထန်သည်။ ကိုယ်ပိုင်ယဉ်ကျေးမှုကိုမေ့ပျောက်၍ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်လာသည်ကို ယနေ့လူငယ်များအကြား၌ တွေ့မြင်နိုင်သည်။ သို့သော် အနောက်တိုင်းယဉ်ကျေးမှုက လွှမ်းမိုးထိုးဖောက်နိုင်သော်လည်း မြန်မာနိုင်ငံအနေဖြင့် ကိုယ်ပိုင်ယဉ်ကျေးမှု ထိန်းသိမ်းကာကွယ်ထားနိုင်သည်ကို တွေ့ရ၍ ဝမ်းမြောက်မိသည်။

မျက်မှောက်ကာလတွင် သဘင်၊ ဂီတအမျိုးမျိုးရှိသည့်အနက် ဇာတ်သဘင် အနုသုခုမပညာရပ်အနေဖြင့် မတိမ်ကောသေးဘဲ ဆက်လက်ထွန်းတောက်နေဆဲဖြစ်သည်ကို တွေ့နိုင်သည်။ ဖိုးချစ်၊ စမ်းရေမိုး၊ အောင်ဇမ္ဗူ စသည့်ဇာတ်သဘင်များအား ပြည်သူလူထု အလွန်အမင်းနှစ်ခြိုက်စွဲလမ်းကြသည်ကို တွေ့နိုင်သည်။ မြန်မာ့ယဉ်ကျေးမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသဖြင့် ကျေးဇူးတင်ရမည်ပင်ဖြစ်သည်။

မြန်မာ့ဇာတ်သဘင်ကို နှစ်သက်အားပေးကြသည့် ပြည်သူလူထုကိုလည်း အသိအမှတ်ပြုရမည်ဖြစ်သည်။ ဇာတ်သဘင်ဟူသည် အဆို၊ အတီး၊ အရေး၊ အက အားလုံးပေါင်းစပ်ထားသည့် မြန်မာ့အနုသုခုမပညာပေါင်းစုံပင်ဖြစ်သည်။ ဇာတ်သဘင် တစ်စုတစ်ဖွဲ့၊ ပရိသတ်အင်အားတစ်ခုတည်း ထိန်းသိမ်းစောင့်ရှောက်ရုံဖြင့် မလုံလောက်သေးပေ။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များအားလုံးကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်မြှင့်တင်ကြရမည်ဖြစ်သည်။

### စိုးရိမ်ဖွယ်ရာအဆင့်

မျက်မှောက်ကာလတွင် မြန်မာ့ယဉ်ကျေးမှုသည် အားနည်းလျော့ရဲလာသည်ကတော့ အမှန်ဖြစ်သည်။ အထိန်းအကွပ်မဲ့ အပြုအမူ၊ ဝတ်စားဆင်ယင်မှု လွှမ်းမိုးမှုများကို တွေ့နိုင်သည်။ အထူးသဖြင့် မျိုးဆက်သစ်အမျိုးသမီးငယ် အသိုက်အဝန်းများတွင် မြန်မာ့ယဉ်ကျေးမှုများ ပါးလျားနေသည်ကို တွေ့မြင်နိုင်သည်။ မြန်မာဆန်ဆန် မြန်မာ့ယဉ်ကျေးမှု သနပ်ခါးလိမ်းသည့် အလေ့အထများ ပျောက်ကွယ်နေပြီဖြစ်သည်။ မြန်မာဆန်ဆန် အင်္ကျီ၊ ထဘီဝတ်ဆင်မှုသည်လည်း ရှားရှားပါးပါး ဖြစ်နေသည်။ အနောက်တိုင်းစတိုင်၊ ကိုရီးယားစတိုင်များ အတော်လွှမ်းမိုးနေရာယူနေသည်။ အပြောအဆို၊ အပြုအမူများမှ အစ မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်များ ပျောက်ကွယ်နေသည်။ ကလပ်တက်၊ ဘားဝင် အရက်သေစာသာမက မူးယစ်ဆေးဝါးများပင် အချို့သုံးစွဲလာကြသဖြင့် မြန်မာ့ပုံရိပ်ကို ထိခိုက်စေနိုင်ပြီး ထိုမှ မြန်မာ့ယဉ်ကျေးမှုပျောက်နိုင်သည်အထိ စိုးရိမ်ဖွယ်အဆင့်ကို မြင်တွေ့နိုင်သည်။

စွမ်းအားကြီးသော ယဉ်ကျေးမှုမာယာသည် အချိန်ကာလတစ်ခုမှ နေရာယူလာခဲ့ပြီး လူမှုဘဝအသိုက်အဝန်းတစ်ရပ်လုံး စုံးစုံးမြုပ်နိုင်သည့် အနေအထားသို့ ရောက်လာနိုင်သည်။ အသိတစ်ဖန် ပြန်လည်မမွေးဖွားနိုင်ပါလျှင် ကိုယ်ပိုင်ယဉ်ကျေးမှုပျောက်သည့်နိုင်ငံဘဝသို့ပင် ရောက်ရှိသွားနိုင်သည်။ ထို့ကြောင့် အနုပညာမြတ်နိုးသည့်စိတ်ကို ပညာရေးအကူအညီဖြင့် ရယူနိုင်ပါသည်။ မြန်မာစာ၊ မြန်မာစကားကို ချစ်မြတ်နိုးအောင် လေ့ကျင့်ထားနိုင်ပါသည်။ မြန်မာ့ဂီတ၊ မြန်မာ့အနုသုခုမပညာရပ်များကို တန်ဖိုးထားတတ်အောင် အမြဲထိတွေ့နေရပါမည်။ မြန်မာ့ယဉ်ကျေးမှုသည် အဆင့်မြင့်မားလွန်းသည်ကို ယနေ့လူငယ်များ သိရှိနားလည်အောင် ဦးစွာကြိုးပမ်းပြီး ခေတ်မီသော မြန်မာ့ယဉ်ကျေးမှု ထွန်းကားလာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ယနေ့ကာလတွင် မြန်မာ့ဇာတ်သဘင် တစ်ခေတ်ဆန်းသစ်နေသည်ကို ဝမ်းမြောက်ဝမ်းသာကြိုဆိုရမည်ဖြစ်သည်။

### ဖော်ထုတ်ပြသ

မြန်မာ့ယဉ်ကျေးမှု မပျောက်အောင် ပြည်သူအကြိုက် အနုသုခုမပညာရပ်များကို ဖော်ထုတ်ရမည်ဖြစ်သည်။ ခေတ်အဆက်ဆက်အစိုးရများက မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးနေသည်ကို တွေ့ရမည်။ မြန်မာ့ရိုးရာအနုသုခုမပညာရပ်များတွင် အားလုံးပေါင်းစုံပါဝင်သည့် ပညာရပ်များကို ဖော်ထုတ်ပေးနေမှုသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖြစ်သည်။ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းဖော်ထုတ်ရန်အတွက် ၁၉၉၃ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပလာခဲ့သည်။

ပြိုင်ပွဲ၏ အဓိကရည်ရွယ်ချက်မှာ မြန်မာ့ယဉ်ကျေးမှု အနုပညာ အမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် ယဉ်ကျေးမှုအနှစ်သာရများကို ဖော်ထုတ်ရန်၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို ဖော်ထုတ်ပြသရန်နှင့် မျိုးဆက်သစ်အနုပညာရှင်များ ပေါ်ထွက်လာစေရန်အတွက်ဖြစ်သည်။

ပြိုင်ပွဲတွင် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ထိုမှ ဗဟိုအဆင့်(နေပြည်တော်)အထိ တက်လှမ်းနိုင်ရန် စီစဉ်ကျင်းပခြင်းဖြစ်သည်။ ယခုအခါ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကျင်းပလာခဲ့သည်မှာ (၂၇)ကြိမ်မြောက်သို့ ရောက်ရှိလာပြီဖြစ်သည်။ နှစ်စဉ်နှစ်တိုင်းလည်း နိုင်ငံတစ်ဝန်းမှ မျိုးဆက်သစ်များ၊ ရွက်ပုန်းသီးများ ပေါ်ထွက်လာအောင် အဆိုပါပြိုင်ပွဲကြီးမှ မွေးထုတ်ပေးနိုင်ခဲ့သည်။

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ယခင်နှစ်များကဲ့သို့ပင် ဝါသနာရှင်(ပထမတန်း)အဆင့်၊ ဝါသနာရှင်(ဒုတိယတန်း) အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်၊ အခြေခံပညာ(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အဆင့် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယှဉ်ပြိုင်ရန်လျာထားသည့် ဘာသာရပ်များမှာ အဆိုပြိုင်ပွဲတွင် မဟာဂီတ၊ ခေတ်ဟောင်းတေး၊ ကာလပေါ်၊ အမျိုးဂုဏ်ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။

### ဆက်လက်ထွန်းကား

အကပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးအဆင့်အားလုံး၊ အခြေခံကဗျာလွတ်အက၊ ယိမ်းအကပြိုင်ပွဲ၊ တိုင်းရင်းသားရိုးရာအက၊ ကျေးလက်ရိုးရာအကပြိုင်ပွဲ၊ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ ဇာတ်တော်ကြီးပြိုင်ပွဲ၊ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲနှင့် ကွက်စိပ်ပြိုင်ပွဲတို့ပါဝင်သည်။

**“ ခေတ်မီတိုးတက်ပြောင်းလဲနေသည့် ယနေ့ကာလ၌ တိုင်းတစ်ပါးယဉ်ကျေးမှု မာယာအမျိုးမျိုး ထိုးဖောက်လွှမ်းမိုးနေချိန်တွင် မြန်မာတို့၏ ကောင်းမြတ်သည့် ဓလေ့စရိုက်များ မပျက်ယွင်း၊ မပျောက်ပျက်စေရန် ခံစားမှုကိုယ်ခံစွမ်းအားများကို ထိန်းသိမ်းထားရမည်ဖြစ်သည်။ မျိုးဆက်သစ်များ မိမိတို့၏ ယဉ်ကျေးမှုကို မြတ်နိုးစေရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်ရေး၊ မြတ်နိုးဂုဏ်ယူဖွယ်ရာ အစဉ်အလာများ မပျောက်ပျက်ရေးအတွက် တစ်နိုင်ငံလုံးလွှမ်းခြုံပါဝင်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို အောင်မြင်စွာကျင်းပဆင်နွှဲနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက် အားပေးကြရမည် ”**

*စာမျက်နှာ ၇ သို့*

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ အမျိုးသားပြတိုက်(နေပြည်တော်) လေ့လာ

**နေပြည်တော် အောက်တိုဘာ ၁၀**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံးဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၆ ဦးနှင့် ကြီးကြပ်ကျောင်းအုပ်ဆရာ ဆရာမ သုံးဦးတို့ကို ပြည်တွင်း (နေပြည်တော်)နှင့် ပြည်ပ(ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ)များကို လေ့လာရေး ခရီးစဉ်အဖြစ် ပို့ဆောင်ပေးသွားမည်ဖြစ်သည်။

ပြည်ပခရီးစဉ် ပို့ဆောင်ရေးမတိုင်မီ ပြည်တွင်းခရီးစဉ်အဖြစ် ယနေ့နံနက်ပိုင်းက အမျိုးသားပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ထိုသို့လေ့လာစဉ် ပြတိုက်မှ တာဝန်ရှိသူများက ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ပြခန်း၊ မြန်မာ့ကျောက်ခေတ်ယဉ်ကျေးမှု၊ မြန်မာနိုင်ငံ ကျောက်ခေတ်သစ်ယဉ်ကျေးမှု၊ အညာသားယဉ်ကျေးမှု ထွန်းကားရာဒေသများ၊ နံရံဆေးရေးပန်းချီများ၊ ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်း၊ ခေတ်အဆက်ဆက်သမိုင်းမှတ်တမ်းများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ မြန်မာ့တူရိယာများ သမိုင်းအကျဉ်း၊ ခေတ်အဆက်ဆက်ရုပ်သေးများ၊ တိုင်းရင်းသားရိုးရာတူရိယာများကို ရှင်းလင်းပြသကြသည်။

ယမန်နေ့ နံနက်ပိုင်းကလည်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အဆိုပါကျောင်းသား ကျောင်းသူများကို ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဩဝါဒစကား ပြောကြားကြသည်။

အဆိုပါ ကျောင်းသား ကျောင်းသူများသည် အောက်တိုဘာ ၁၂ ရက်အထိ နေပြည်တော်အတွင်းရှိ အထင်ကရနေရာများကို သွားရောက်လေ့လာကြည့်ရှုကြမည်ဖြစ်ပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် တပ်မတော် စစ်သမိုင်းပြတိုက်တို့ကိုလည်း သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# သရက်ချောင်းမြို့နယ်အတွင်းရှိ သဘာဝဘေးကြုံတွေ့ခဲ့ရသည့် ပြည်သူများ၊ တပ်နယ်မိသားစုဝင်များအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ထားဝယ် အောက်တိုဘာ ၁၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်အတွင်းရှိ သဘာဝဘေး ကြုံတွေ့ခဲ့ရသည့် ပြည်သူများနှင့် တပ်နယ်မိသားစုဝင်များကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

အဆိုပါ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်ကျော်ဟန်တို့က တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဦးစွာ သရက်ချောင်းတပ်နယ်တပ်ရင်းခန်းမ၌ တပ်နယ်အရာရှိ၊ စစ်သည် မိသားစုဝင်များကို သွားရောက်ထောက်ပံ့စဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တပ်နယ်အရာရှိ၊ စစ်သည်မိသားစုဝင်များကို တွေ့ဆုံအားပေးစကား ပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့အတူ သရက်ချောင်းမြို့နယ်ခန်းမ၌ သဘာဝဘေးကြုံတွေ့ခဲ့ရသည့် ပြည်သူများကို တွေ့ဆုံအားပေးစကား ပြောကြားပြီး သရက်ချောင်းမြို့နယ်အတွင်းရှိရေဘေးသင့်အိမ်ထောင်စု ၁၆၀၅ စုတို့အတွက် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၂၆၇၀၀ နှင့် အသုံးအဆောင်ပစ္စည်း ငါးမျိုးစီကို ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပေးအပ်ပွဲ အပြီးတွင် မဟာစည်လမ်းရှိ မြို့မဈေးကြီး၊ ရွှေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတို့ကိုလည်းကောင်း၊ မြို့မရပ်ကွက်ရှိ ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် သံကူကွန်ကရစ်တံတားကိုလည်းကောင်း၊ သရက်ချောင်းမြို့ပေါ် ရပ်ကွက်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စက်ယန္တရားများ၊ စက်သုံးဆီများနှင့် အခြားလိုအပ်ချက်များကို ထပ်မံဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**




# တမူးမြို့၌ မြေသြဇာကြဲပက်ခြင်း ကွင်းသရုပ်ပြ

**တမူး အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ဟဲဇင်းကျေးရွာရှိ တောင်သူဦးမြင့်အောင်နှင့် ဦးမောင်ဝင်းတို့၏ မိုးစပါးစံပြကွက် မျိုးစေ့ထုတ်ကွက်များတွင် မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးကွဲနုတ်ပယ်ခြင်း၊ ပေါင်းလိုက်သမန်းနှိုးမြေသြဇာကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ တမူးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသိန်းတို့က မိုးစပါးပန်းတိုင်ရရှိရေးအတွက် တက်ရောက်လာကြသည့် တောင်သူများအား တွေ့ဆုံပြောကြားပြီး မျိုးကွဲနုတ်ပယ်ခြင်း၊ ပေါင်းလိုက်သမန်းနှိုး မြေသြဇာကြဲပက်နေမှုများကို ကြည့်ရှုအားပေးကာ ဟဲဇင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းနှင့် မြို့မရပ်ကွက် အမက(၁၂/ခ)ကျောင်းတို့၌ ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်ဖွံ့ဖြိုးစေရေး၊ အာဟာရဖြည့်စွက်စာအဖြစ် ငှက်ပျောသီး ကျွေးမွေးနိုင်ရေးအတွက် စိုက်ပျိုးထားသောငှက်ပျောပင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရတနာ(တမူး)**



◆ *ရှေ့ဖုံးမှ*

နိုင်ငံတော်တွင် စွမ်းအင်အရင်းအမြစ်မျိုးစုံ တည်ရှိနေသည့်အတွက် ယင်းတို့ကို အချိုးညီစွာပေါင်းစပ်၍ အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ပါက မျှော်မှန်းထားသည့် အချိန်ကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူတို့အတွက် စွမ်းအင်လိုအပ်ချက်များကို ဖူလုံစွာဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ စီမံကိန်းများ၊ လုပ်ငန်းများသည် ငွေကြေးအရင်းအနှီးကြီးမားပြီး အတတ်ပညာနှင့်လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ပြည်တွင်း/ပြည်ပအဖွဲ့အစည်းအသီးသီးအား ဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံသားလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို အထူးအလေးထား၍ အားပေးလျက်ရှိသည်နှင့်အညီ နိုင်ငံသားလုပ်ငန်းရှင်များကို ရေရှည်တွင် နိုင်ငံတကာစွမ်းအင်ကုမ္ပဏီကြီးများ၊ အဖွဲ့အစည်းကြီးများအဆင့်သို့ တက်လှမ်းနိုင်စေရေးအတွက် ရည်မျှော်လျက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ၊နိုင်ငံတော်အစိုးရအနေဖြင့်အားပေးကူညီမည့်အစီအစဉ်များကို Power Point Presentation များ၊ ရုပ်ပုံကားချပ်များ၊ 3D Model များဖြင့် တာဝန်ရှိသူများက ရှင်းလင်း၍ ချပြဆွေးနွေးသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ပထမပတ်တွင် နေပြည်တော်၌ ကျင်းပမည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ချပြဆွေးနွေးပွဲသို့ နိုင်ငံသားလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ခေါ်အပ်ပါကြောင်းနှင့် ဆွေးနွေးပွဲသို့ တက်ရောက်လိုသူများအနေဖြင့် ၃၀-၁၀-၂၀၂၆ ရက်နေ့(၁၆:၃၀) နာရီနောက်ဆုံးထား၍ အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေး ဖိတ်ခေါ်အပ်ပါသည်-

ဆက်သွယ်ရန် - ဦးမင်းသူအောင်၊ ဒုတိယညွှန်ကြားရေးမှူး၊
ပြည်တွင်း ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
၀၉ ၄၄၄ ၅၈၈ ၈၈၈၊ Email: messenger@e-moee.gov.mm

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

*စာမျက်နှာ ၆ မှ*

တိုင်းရင်းသားရိုးရာအကနှင့်ပတ်သက်၍ နှစ်စဉ်နှစ်တိုင်း တိုင်းရင်းသားရိုးရာအက တစ်မျိုးစီပါဝင်ယှဉ်ပြိုင်စေခဲ့ပြီး ယခုနှစ်တွင် ကချင်ပြည်နယ်ရှိ တိုင်းရင်းသားတို့၏ ရိုးရာအကများဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အတီးပြိုင်ပွဲတွင် မြန်မာ့ရိုးရာတူရိယာ အမျိုးအစားအားလုံးပါဝင်မည်ဖြစ်ပြီး အရေးပြိုင်ပွဲတွင် မြန်မာ့မူဟန် မြန်မာ့တေးသီချင်းများကို ရေးသားသီကုံးစပ်ဆိုကြမည်ဖြစ်သည်။ ဖော်ပြပါ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို နိုင်ငံတစ်ဝန်းမှ အနုသုခုမဝါသနာရှင်၊ ပညာရှင်များက ဖော်ထုတ်ယှဉ်ပြိုင်နိုင်ခြင်းသည်ပင် မြန်မာနိုင်ငံ၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များ မပျောက်ကွယ်ဘဲ ဆက်လက်ထွန်းကားနေသည်မှာ ပေါ်လွင်နေသည်။

မည်သို့ပင်ဖြစ်စေ ခေတ်မီတိုးတက်ပြောင်းလဲနေသည့် ယနေ့ကာလ၌ တိုင်းတစ်ပါးယဉ်ကျေးမှု မာယာအမျိုးမျိုး ထိုးဖောက်လွှမ်းမိုးနေချိန်တွင် မြန်မာတို့၏ ကောင်းမြတ်သည့် ဓလေ့စရိုက်များ မပျက်ယွင်း၊ မပျောက်ပျက်စေရန် ခံစားမှုကိုယ်ခံစွမ်းအားများကို ထိန်းသိမ်းထားရမည်ဖြစ်သည်။ မျိုးဆက်သစ်များ မိမိတို့၏ ယဉ်ကျေးမှုကို မြတ်နိုးစေရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်ရေး၊ မြတ်နိုးဂုဏ်ယူဖွယ်ရာ အစဉ်အလာများ မပျောက်ပျက်ရေးအတွက် တစ်နိုင်ငံလုံးလွှမ်းခြုံပါဝင်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို အောင်မြင်စွာကျင်းပဆင်နွှဲနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက် အားပေးကြရမည်ဖြစ်ပါသည်။ ။

# "မြန်မာ့ထုပ်ပိုးမှု ဖိုရမ် ၂၀၂၄" ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**
MSME ထုတ်ကုန်များ ဈေးကွက်ရရှိရေး၊ သုံးစွဲသူပြည်သူများအား ဆွဲဆောင်မှုရှိစေရေး၊ ထုပ်ပိုးမှု အဆင့်အတန်း မြင့်မားတိုးတက်လာစေရေးတို့အတွက် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများ အသင်းမှ ကြီးမှူး၍"မြန်မာ့ထုပ်ပိုးမှုဖိုရမ် ၂၀၂၄"ကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပသည်။

ဖိုရမ်ကို မြန်မာ့ထုပ်ပိုးမှုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံတကာဈေးကွက်နှင့် ရင်ပေါင်တန်းနိုင်ရန်၊ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများနှင့် MSME များအတွက် ခေတ်မီထုပ်ပိုးမှု နည်းပညာသစ်များ၊ စက်ကိရိယာများနှင့် ဆန်းသစ်သော အလေ့အထများကို မိတ်ဆက်ပေးရန်၊ လုပ်ငန်းရှင်များအချင်းချင်း ချိတ်ဆက်မှုကွန်ရက် တည်ဆောက်နိုင်ရန်၊ နည်းပညာရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများအကြား ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများ ဖန်တီးပေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါဖိုရမ်သို့ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဝန်ကြီးဌာန ရုံးအမှတ်(၃၀)အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ပြီး (ယာပုံ) အရည်အသွေးကောင်းမွန်သည့် ထုပ်ပိုးမှုစနစ်ကြောင့် ထုတ်ကုန်များ၏ သက်တမ်းကြာရှည်စေခြင်း၊ သယ်ယူပို့ဆောင်ရာတွင် ထိခိုက်ပျက်စီးမှု နည်းပါးစေခြင်း၊ စားသုံးသူများ၏ အမြင်အာရုံကိုဖမ်းစားနိုင်ပြီး ဈေးကွက်ဝေစု တိုးတက်ရရှိစေခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်းများကို လိုက်နာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာကို ရရှိစေနိုင်ကြောင်း။

ယနေ့ကာလတွင် ကမ္ဘာတစ်ဝန်း စားသုံးသူများသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသည့် ထုပ်ပိုးမှု၊ သဘာဝအတိုင်း ဆွေးမြည့်ပျက်စီးသွားနိုင်သော ထုပ်ပိုးမှု ပစ္စည်းများနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့်စနစ်များကို ပိုမိုဦးစားပေးလာကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းရှင်များအနေဖြင့်လည်း ကမ္ဘာ့စားသုံးသူများ၏ လမ်းစဉ်နှင့်အညီ ရေရှည်တည်တံ့သည့် ထုပ်ပိုးမှုနည်းပညာများကိုပါ ကြိုတင်ပြင်ဆင်အကောင်အထည်ဖော်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ မြန်မာ့ထုပ်ပိုးမှုနှင့် စပ်လျဉ်း၍ သက်ဆိုင်သည့် အခန်းကဏ္ဍများအလိုက် ကျွမ်းကျင်ပညာရှင်များက ရှင်းလင်းဆွေးနွေးခြင်း၊ အခမ်းအနား တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းခြင်း၊ ဆွေးနွေးမှုရလဒ်များအား ခြုံငုံသုံးသပ်ခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

သတင်းစဉ်





# နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သွားနှင့်ခံတွင်းအထူးကုဆေးရုံကြီး၌ သက်ကြီးပုဂ္ဂိုလ် ၅၂ ဦးအား အခမဲ့သွားတု(အံကပ်) တပ်ဆင်ပေး

**နေပြည်တော် အောက်တိုဘာ ၁၀**
နေပြည်တော် ကုသရေးဦးစီးဌာန၊ နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော သက်ကြီးပုဂ္ဂိုလ် ၅၂ ဦးအား သွားတု(အံကပ်) တပ်ဆင်ပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သွားနှင့်ခံတွင်း အထူးကုဆေးရုံကြီး၌ဆောင်ရွက်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ လာရောက်ကြည့်ရှုပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌက အထူးကုဆရာဝန်ကြီးများနှင့် ဝန်ထမ်းများအတွက် ဂုဏ်ပြုလက်ဆောင် သစ်သီးခြင်းနှင့် ဆေးရုံအတွက် အလှူငွေများပေးအပ်ကာ ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးအားပေးစကား ပြောကြားသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာအုပ်စု ကွင်းအမှတ် ၁၆၂ က၊ တောင်သူဦးငွေအောင်၏ လယ်မြေ ၁ ဒသမ ၆၅ ဧကတွင် ကရင်မထိပ်ဆောင်းစပါးမျိုး ပြန်လည်စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုပြီး မိုး၊ ဆောင်း၊ နွေ တစ်နှစ်သုံးသီး ရာသီပြည့်စိုက်ပျိုးနိုင်ရေး၊ မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းများနှင့်အညီ စိုက်နည်းစနစ် မှန်ကန်စေရေး၊ အထွက်နှုန်း ကောင်းမွန်သောမျိုးကောင်း၊ စိုက်ပျိုးမြေများအား စနစ်တကျပြုပြင်နိုင်ရေး၊ သဘာဝမြေသြဇာကို တောင်သူများကိုယ်တိုင်ပြုလုပ်သုံးစွဲရေး၊ စိုက်ပျိုးရေရရှိရေးနှင့် စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ မန္တလေးလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးနှင့် အလင်းရောင်ရရှိရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာရှိ (၁၆)မိုင် အနီးပတ်ဝန်းကျင်တွင် ဌာနပေါင်းစုံမှ ဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၁၀**
ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာ (၁၆)မိုင်အနီး ပတ်ဝန်းကျင်၌ ယနေ့နံနက်ပိုင်းတွင် ဌာနပေါင်းစုံ ဝန်ထမ်းများက စက်ယန္တရားများဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

မန္တလေး တိုင်းဒေသကြီးအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်များအလိုက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# သံဖြူဇရပ်၌ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**သံဖြူဇရပ် အောက်တိုဘာ ၁၀**
မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် မြို့ရွာသန့်ရှင်းသာယာလှပစေရေးနှင့် ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းမြေ့စွာ ဖူးမြော်နိုင်စေရေးအတွက် ယနေ့နံနက်ပိုင်းက အောင်သာယာရပ်ကွက်ရှိ ကျိုက်ဇေယျာသုခ မြို့တော်ဦးစေတီတော်ရင်ပြင်နှင့် အဝင်လမ်းတစ်လျှောက်၌ သံဖြူဇရပ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသီဟအောင်၏ဦးဆောင်မှုဖြင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်နှင့် ပြည်သူများ၊ ပြည်သူ့လုံခြုံရေးနှင့်အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ စုစုပေါင်း ၁၉၀ ခန့်ဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်ရှိ လူစည်ကားရာနေရာများ၌ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို အောက်တိုဘာ ၉ ရက်က အထွေထွေအုပ်ချုပ်ရေး၊ ကျန်းမာရေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနများမှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့ဝင်များက ဆောင်ရွက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)



# လွိုင်ကော်မြို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်



**လွိုင်ကော် အောက်တိုဘာ ၁၀**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လွိုင်ကော်မြို့အား ပြည်နယ်မြို့တော်အင်္ဂါရပ်များနှင့်အညီဖြစ်စေရေးသာမက ပြည်နယ်တွင်း စားရေရိက္ခာဖူလုံရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေးကိုပါ အလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ တပင်ရွှေထီးလမ်း၊ ဆင်းရွှေသွယ်လမ်း၊ ဆင်းသင်္ဂီလမ်းဘေးဝဲယာများတွင် ပြည်နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထို့သို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ထို့အတူ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများ အိပ်ဆောင်နှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးနှင့် အောင်ချက်မြင့်မားရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

အလားတူ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ထေးငှားလျားကန်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများနှင့်အတူ နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ ငါးသောင်းနှင့် ငါးခုံးမကောင်ရေ နှစ်သိန်းခွဲတို့ကို ကန်အတွင်း ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လာရောက်လေ့လာ



**နေပြည်တော် အောက်တိုဘာ ၁၀**

သမိုင်းစဉ် ကာလတစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ် ကြိုးပမ်းမြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက် ပေါ်ထွက်ခဲ့ကြသည့် သူရဲကောင်းများ၊ သူ့ကျွန်မခံတွန်းလှန်ခဲ့ကြသည့် မျိုးချစ်ခေါင်းဆောင်ကြီးများ၊ လွတ်လပ်ရေး ကြိုးပမ်းမှုကာလနှင့် လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များအား မြင်တွေ့လေ့လာမှုများမှတစ်ဆင့် လူငယ်လူရွယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက် တာဝန်ရှိသူများက လာရောက် လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား မုန့်များ ပေးဝေကြသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက် တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်း ပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည် ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော် လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများရိုက်ကြသည်။

သတင်းစဉ်

❏ ရှေ့ဖုံးမှ

အဆိုပါ မမြရေလှောင်တမံသည် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်မှစတင်၍ အလျား ၅၀ ပေခန့်၊ အနံ ၄ ပေခွဲခန့်၊ မြေသား ၈ လက်မခန့် နိမ့်ကျခဲ့သည့်အတွက် အဆိုပါနေရာအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်စဉ် အောက်တိုဘာ ၉ ရက် ည ၉ နာရီ ၃၀ မိနစ်ခန့်တွင် တမံပေတိုင် ၉၉၀၀ နှင့် ၁၀၀၀၀ အကြား၊ ဆည်ပေါင်ကားလမ်း၏ အလျား ၂၀၀ ပေခန့်၊ အကျယ် ၂၄ ပေခန့်မှ ရေလှောင်ကန်ဘက်ခြမ်း ၆ ပေခန့်မှာ မူလအတိုင်းတည်ရှိပြီး အပြင်ဘက်ခြမ်း ၁၈ ပေသည် ၃ ပေခွဲခန့် ထပ်မံနိမ့်ကျခဲ့ကြောင်း၊ ယနေ့နံနက် ၆ နာရီ ၃၀ မိနစ်ခန့်တွင် ၎င်းနေရာမှပင် အလျား ၂၅၀ ပေ၊ အနံ ၁၀ ပေခန့်မှ ထပ်မံ၍ ယခင်နိမ့်ကျခဲ့သည့် ပမာဏအပါအဝင် ၂၇ ပေခန့် ထပ်မံနိမ့်ကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့ကြောင့် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေအား နိမ့်မြင့်အမှတ် ၃၀၅ ပေသို့ သိုလှောင်ရေ ၁၀ ပေ လျှော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်နိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ စက်ယန္တရားများ အသုံးပြု၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး ၎င်းရေများသည် ရေဝါချောင်းမှတစ်ဆင့် မမြချောင်း၊ မမြချောင်းမှတစ်ဆင့် ဝေနမြစ်အတွင်းသို့ စီးဆင်းသွားခြင်းဖြစ်၍ ပတ်ဝန်းကျင်ကျေးရွာ စိုက်ကွေများ ထိခိုက်မှုမရှိကြောင်း သိရှိရသည်။

ထို့ပြင် ရေလှောင်တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့် နေရာအနီးနှင့် ဆည်ရေဝင်ရောက်နိုင်သည့် မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၄) စု၊ ကျေးရွာ ၁၈ ရွာ၊ အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၇)စု၊ ကျေးရွာ (၇၁)ရွာ၊ စုစုပေါင်းကျေးရွာအုပ်စု (၁၁)စုရှိ ကျေးရွာ ၈၉ ရွာမှ ပြည်သူများအား အုပ်ချုပ်ရေးအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဘေးကင်းစိတ်ချလုံခြုံရာ နေရာများသို့ ရွှေ့ပြောင်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးအေးကျော်နှင့်တာဝန်ရှိသူများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကာကွယ်ရေးလုပ်ငန်းစဉ်များဖြစ်သည့် တာတမံတာအခြေထောက်ခြင်း လုပ်ငန်းများ လျင်မြန်စွာ ဆောင်ရွက်နိုင်ရေး၊ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်စီးဆင်းရန် စက်ယန္တရားအသုံးပြု၍ တူးဖော်ဆောင်ရွက်နေမှု၊ ဆည်ရေဝင်ရောက်နိုင်သည့် ကျေးရွာများရှိ ဒေသခံပြည်သူများအား ရေလွတ်ရာကုန်းမြင့်ဒေသများသို့ ပြောင်းရွှေ့ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေး အုပ်ချုပ်ရေး ကော်မတီများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ရေလှောင်တမံဆင်ခြေလျှော မြေသားနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ မျှင်ဝါးတောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာရှိဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

❍ ရှေ့ဖုံးမှ

နန်းတော်ရာဟောင်း တူးဖော်ထားရှိမှုတို့ကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အနောက်ဘက်ကျုံးနှင့် တောင်ဘက်ကျုံးတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ကေတုမတီမြို့ဟောင်း ယိုးဒယားပေါက် ပြန်လည်ထိန်းသိမ်းထားရှိမှုနှင့် ပေါရိသာဒ် တံခါးပေါက်ရှေ့ ကျုံးရေပြင်အတွင်း တူးဖော်ရရှိသည့် ရှေးဟောင်းကျုံးကူးတံတားဟောင်း၏ ကျွန်းတိုင်လုံးများကို ကြည့်ရှုစစ်ဆေးပြီး ရေရှည်စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ရေလမ်းကြောင်း ပိတ်ဆို့မှုမရှိစေရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် တောင်ငူမြို့နယ် ကင်းဆိပ်ကျေးရွာအုပ်စု၌ တောင်ငူဘူတာသစ် တည်ဆောက်မည့်နေရာသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာက တောင်ငူဘူတာယာဒ်ဝင်းသစ် တည်ဆောက်ရေးနှင့် တောင်ငူမြို့ရှောင် ရထားလမ်းဖောက်လုပ်နေမှုအခြေအနေအား ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး တောင်ငူမြို့ ခပေါင်းခန်းမဘက်စုံအဆင့်မြှင့်တင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် အောက်တိုဘာ ၁၀**

ယနေ့နံနက် ၇ နာရီ ၅၃ မိနစ် ၂၉ စက္ကန့်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၅၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မိုင်းခတ်မြို့၏ အနောက်မြောက်ဘက် ၂၁ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၉၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၂၀ ဒီဂရီ၊ အနက် ၁၄ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃.၆(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ မိုး/ဇလ

# အားကစားဖြင့် လူငယ်များ၏ အနာဂတ်ကို မြှင့်တင်ကြပါစို့

**"ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး" ဆိုသော ဆိုရိုးစကားအတိုင်း လူတိုင်း၏ အဓိကတာဝန်မှာ မိမိကိုယ်ကို ကျန်းမာကြံ့ခိုင်အောင် ထိန်းသိမ်းရန်ဖြစ်သည်။ ထိုသို့ ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားသည် မပါမဖြစ်သောကဏ္ဍမှ ပါဝင်နေပါသည်။**

**အောင်သူ(အား/က)**

> **" အားကစားသည် လူငယ်များအား မူးယစ်ဆေးဝါး၊ အကြမ်းဖက်မှုနှင့် အခြားသော လူမှုရေးဒုက္ခများမှ ကာကွယ်ပေးသည့် ကာကွယ်ရေး ခံတပ်ကြီးတစ်ခုလည်း ဖြစ်သည်။ အားကစားကွင်းအတွင်း ပျော်ရွှင်စွာလှုပ်ရှားနေသော လူငယ်တစ်ဦးသည် အခြားသော အန္တရာယ်ရှိသည့် အပြုအမူများဘက်သို့ ဦးတည်သွားနိုင်ခြေ အလွန်နည်းပါးသွားစေပါသည် "**

အားကစားသည် ကိုယ်ကာယဖွံ့ဖြိုးရေးအတွက် သာမက စိတ်ဓာတ်ခွန်အား၊ စရိုက်လက္ခဏာကောင်းများပေါ်ထွန်းရေးနှင့် လူ့အသိုင်းအဝိုင်းအတွင်း ပျော်ရွှင်စွာ ပေါင်းသင်းဆက်ဆံနိုင်ရေးအတွက်ပါ အထောက်အကူပြုပါသည်။ ထို့ကြောင့် လူငယ်များ၏ အနာဂတ်ကို စစ်မှန်သော အောင်မြင်မှုဖြင့် မြှင့်တင်လိုပါက အားကစားကို အခြေခံသည့် ဘဝနေထိုင်မှုပုံစံကို အလေးထားမွေးမြူကြရန် လိုအပ်ပါသည်။

လူငယ်ဘဝသည် ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှုအတွက် အရေးကြီးဆုံးသော အချိန်ကာလဖြစ်ပါသည်။ ဤအရွယ်တွင် ပုံမှန်အားကစားပြုလုပ်ခြင်းဖြင့် ရရှိလာနိုင်သော ရုပ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးများမှာ အံ့မခန်းပင်ဖြစ်သည်။

အားကစားပြုလုပ်ခြင်းဖြင့် ကြွက်သားများ သန်မာလာပြီး အရိုးများသိပ်သည်းဆမြင့်မားကာ ပိုမိုခိုင်မာလာစေသည်။ နှလုံးသည် သွေးညှစ်အားကောင်းလာကာ အဆုတ်၏ လေညှစ်အား မြင့်တက်လာပြီး ခန္ဓာကိုယ်တစ်ခုလုံးသို့ အောက်ဆီဂျင် ပိုမိုရရှိစေသည်။

ပုံမှန်ကိုယ်လက်လှုပ်ရှားမှုရှိသူများသည် အဝလွန်ခြင်း၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ စသည့် ရောဂါမျိုးစုံမှ ကင်းဝေးတတ်ကြသည်။ ကိုယ်ခံအားစနစ်လည်း ပိုမိုကောင်းမွန်လာပြီး ရောဂါပိုးမွှားများ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်သည်။

**အားကစားလုပ်ခြင်းသည် ခန္ဓာကိုယ်အတွင်းရှိ ဇီဝရုပ်ဖြစ်ပျက်မှုများကို မြှင့်တင်ပေးသောကြောင့် နေ့စဉ်လုပ်ငန်းဆောင်တာများကို ပိုမိုတက်ကြွစွာ ဆောင်ရွက်နိုင်စွမ်းရှိစေပါသည်။ အားကစားလုပ်ပြီးနောက် ပင်ပန်းနွမ်းနယ်မှုထက် လန်းဆန်းတက်ကြွမှုကို ပိုမိုခံစားရစေသည်။ အားကစား၏ အကျိုးကျေးဇူးများသည် ရုပ်ပိုင်းဆိုင်ရာတွင်သာမက စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ များစွာအထောက်အကူပြုနိုင်သည်။**

ပညာရေး၊ မိသားစုနှင့် လူမှုရေးဖိအားများကြောင့် ယနေ့လူငယ်များသည် စိတ်ဖိစီးမှုဒဏ်ကို မကြာခဏခံစားနေကြရသည်။ အားကစားလုပ်ခြင်းသည် ဦးနှောက်အတွင်းမှ စိတ်ချမ်းသာမှုကို ဖြစ်စေသော 'အန်ဒေါ်ဖင်' ဟော်မုန်းများ ထွက်ရှိစေကာ စိတ်ဖိစီးမှုများကို ထိရောက်စွာ လျှော့ချပေးနိုင်သည်။

အားကစားတွင် ရည်မှန်းချက်တစ်ခုသတ်မှတ်ပြီး ယင်းကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်သည့်အခါ မိမိကိုယ်ကို ယုံကြည်မှုအပြည့်အဝဖြစ်ပေါ်စေပါသည်။ ဤသည်ပင်လျှင် ဘဝ၏အခြားနယ်ပယ်များတွင်ပါ အောင်မြင်မှုရရှိရန် အားဖြစ်စေသည်။

အသင်းနှင့် ကစားရသော အားကစားနည်းများသည် အသင်းဝင်များအကြား ပူးပေါင်းဆောင်ရွက်မှု၊ ခေါင်းဆောင်မှု၊ အခြားသူများ၏ စွမ်းရည်ကို အသိအမှတ်ပြုမှုနှင့် အနိုင်အရှုံးကို ဂုဏ်ယူစွာလက်ခံတတ်မှု (Sportsmanship) စသော စိတ်ဓာတ်များကို ပေါ်ထွန်းစေပါသည်။ ဤသို့သော အရည်အသွေးများသည် လုပ်ငန်းခွင်နှင့် လူမှုအသိုင်းအဝိုင်းအတွင်း အောင်မြင်စွာ နေထိုင်သွားနိုင်ရန် အထောက်အကူပြုပါသည်။

အားကစားနှင့် ပညာရေးသည် ခွဲခြား၍မရသော အရာ ဖြစ်သည်။ ပုံမှန်အားကစား လေ့ကျင့်သူ ကျောင်းသားလူငယ်များသည် အာရုံစူးစိုက်နိုင်စွမ်း ပိုမိုကောင်းမွန်လာပြီး သင်ယူမှုစွမ်းရည် မြင့်တက်လာကြောင်း လေ့လာတွေ့ရှိချက်များစွာက သက်သေပြုထားသည်။ အားကစားလုပ်ခြင်းဖြင့် ဦးနှောက်သို့ သွေးစီးဆင်းမှုကောင်းမွန်စေကာ မှတ်ဉာဏ်အားကောင်းစေပါသည်။

ထို့ပြင် အားကစားမှတစ်ဆင့် ရရှိလာသော စည်းကမ်း၊ ဇွဲလုံ့လ၊ အချိန်စီမံခန့်ခွဲနိုင်မှုစွမ်းရည်နှင့် ရည်မှန်းချက်ထားရှိမှုတို့သည် စာမေးပွဲခန်းအတွင်း သာမက ဘဝ၏စစ်မှန်သော စာမေးပွဲများအတွက်ပါ အဖိုးမဖြတ်နိုင်သော လက်နက်ကောင်းများ ဖြစ်လာစေမည်ဖြစ်သည်။

လူငယ်များသည် နိုင်ငံ၏အနာဂတ်ခေါင်းဆောင်များဖြစ်ကြသည်။ ထိုခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာစေရန်အတွက် ကျန်းမာကြံ့ခိုင်ပြီး စိတ်ဓာတ်မြင့်မားသောလူငယ်များ လိုအပ်ပါသည်။ အားကစားသည် ဤသို့သော လူငယ်မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်သော အကောင်းဆုံးသော လမ်းကြောင်းဖြစ်သည်။

**အားကစားသည် လူငယ်များအား မူးယစ်ဆေးဝါး၊ အကြမ်းဖက်မှုနှင့် အခြားသော လူမှုရေးဒုက္ခများမှ ကာကွယ်ပေးသည့် ကာကွယ်ရေးခံတပ်ကြီးတစ်ခုလည်းဖြစ်သည်။ အားကစားကွင်းအတွင်း ပျော်ရွှင်စွာလှုပ်ရှားနေသော လူငယ်တစ်ဦးသည် အခြားသောအန္တရာယ်ရှိသည့် အပြုအမူများဘက်သို့ ဦးတည်သွားနိုင်ခြေ အလွန်နည်းပါးသွားစေပါသည်။**

နိုင်ငံတကာအဆင့်တွင် အားကစားထူးချွန်သော လူငယ်များသည် နိုင်ငံတော်၏ဂုဏ်ကို ကမ္ဘာ့အလယ်တွင် မြှင့်တင်ပေးနိုင်သော ဂုဏ်ဆောင်သံတမန်များ ဖြစ်လာနိုင်ပါသည်။

လူငယ်များ၏အနာဂတ်ကို အားကစားဖြင့် မြှင့်တင်နိုင်ရန် အောက်ပါအချက်များကို စနစ်တကျ ဆောင်ရွက်သင့်ပါသည်-

(က) မိသားစုများအနေဖြင့် ကလေးငယ်များကို ငယ်စဉ်ကတည်းက အားကစားဝါသနာပါအောင် အားပေးမြှင့်တင်ပေးရန်၊ အားကစားနည်းတစ်နည်း ကစားနိုင်အောင် အချိန်ပေးရန်နှင့် လိုအပ်သော ပစ္စည်းကိရိယာများ ထောက်ပံ့ပေးရန်၊

(ခ) ကျောင်းများအနေဖြင့် အားကစားသင်ခန်းစာများကို အရည်အသွေးမြှင့်တင်ပေးရန်၊ အားကစားပြိုင်ပွဲများ ပုံမှန်ကျင်းပပေးရန်၊ အားကစားပစ္စည်းကိရိယာများ လုံလောက်စွာ ထားရှိပေးရန်၊ ထူးချွန်သော အားကစားသမားလူငယ်များအား အားပေး ဆုချီးမြှင့်ပေးရန်၊

(ဂ) အစိုးရနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် လူငယ်များအတွက် အားကစားအဆင့်မီကွင်းများ တည်ဆောက်ပေးရန်၊ လူငယ်အားကစား ဖွံ့ဖြိုးရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊ နိုင်ငံတကာအဆင့် သင်တန်းများသို့ စေလွှတ်တက်ရောက်စေရန်၊

(ဃ) လူငယ်များအနေဖြင့် မိမိနှစ်သက်ရာ အားကစားနည်းတစ်ခုခုကို နေ့စဉ်ဘဝ၏ အစိတ်အပိုင်း တစ်ရပ်အဖြစ် ပုံမှန်လေ့ကျင့်ကစားမှုပြုရေးကို စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်ကြရန်။

**အားကစားသည် လူငယ်တစ်ဦး၏ ဘဝအား အပြည့်အဝပြောင်းလဲမှုဖြစ်စေနိုင်သော လျှို့ဝှက်ချက်တစ်ခု ဖြစ်သည်။ ယင်းသည် ကျန်းမာသန်စွမ်းသော ခန္ဓာကိုယ်၊ ကြံ့ခိုင်သောစိတ်ဓာတ်နှင့် ကောင်းမွန်သော စရိုက်လက္ခဏာများကို ပုံဖော်ပေးပြီး ပညာရေးနှင့် ဘဝအောင်မြင်မှုအတွက် ခိုင်မာသောအုတ်မြစ်ကို ချပေးနိုင်ပါသည်။ ထို့ကြောင့် မိမိကိုယ်ကို၊ မိသားစုကို၊ လူမှုအသိုင်းအဝိုင်းကို၊ နိုင်ငံတော်ကို ချစ်မြတ်နိုးသူ လူငယ်တိုင်းသည် အားကစားကို မျက်စိမှိတ်ယုံကြည်ကာ မိမိ၏ အနာဂတ်ကို ကိုယ်တိုင်မြှင့်တင်ရန် ယနေ့ကတည်းက စတင်လေ့ကျင့်ကြပါစို့။** ။

## ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ဖလမ်း အောက်တိုဘာ ၁၀**

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေပြီး ဖလမ်းခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာများရုံးနှင့် ရုံးပတ်ဝန်းကျင် သန့်ရှင်းရေးကို ယနေ့နံနက်ပိုင်းတွင် ပူးပေါင်းအင်အားဖြင့် ဆောင်ရွက်ကြသည်။

ချင်းပြည်နယ် ဖလမ်းမြို့ ယာယီဆေးရုံအတွက် လျာထားသည့် ခြောက်ခန်းတွဲ နှစ်ထပ်အိမ်ရာအတွင်းအပြင်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်နေမှု၊ လမ်းတစ်လျှောက်ရှိ ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းအိမ်ရာ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှု၊ မြို့နယ်လမ်းဦးစီးဌာနရုံး ပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်နေမှု၊ ဖလမ်းခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မြေနေရာ သန့်ရှင်းရေး ဆောင်ရွက်နေမှု၊ ဆယ်တင်ပစ္စည်းများ စနစ်တကျ ဖယ်ရှား နေရာချထားနေမှု၊ မြို့နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် ခရိုင်လမ်းဦးစီးဌာန ရုံး သန့်ရှင်းရေးဆောင်ရွက်နေမှု နှင့် တောင်ဇလပ်ရိပ်သာနှင့် ရိပ်သာပတ်ဝန်းကျင် သန့်ရှင်းရေး နှင့် ဥယျာဉ်ခြံစိုက်ပျိုးနေမှုတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်သည် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့အင်္ဂါရပ်နှင့် အညီဖြစ်စေရေး အလေးထား ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။



ထို့ပြင် ချင်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်နှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီအဖွဲ့ဝင်များသည် ချင်းပြည်နယ် ဖလမ်းမြို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဖြစ်သည့် ဖလမ်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာ၊ ဖလမ်းမြို့ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းနှင့် ဝန်ထမ်းအိမ်ရာ ပြုပြင်နေမှုကိုလည်းကောင်း၊ ခရိုင်တိုင်းရင်းဆေးကုဌာန ရုံးအဆောက်အအုံ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အအုံများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးနှင့် ပစ္စည်းအရည်အသွေး၊ လုပ်ငန်းအရည်အသွေး ကောင်းမွန်စေရေး စနစ်တကျ ဆောင်ရွက်ရန် မှာကြားကာ ဖလမ်းခရိုင် မီးသတ်ဦးစီးဌာနက မီးလောင်မှုဖြစ်ပါက မီးငြိမ်းသတ်ရေးအတွက် ကြိုတင်ပြင်ဆင်သရုပ်ပြလေ့ကျင့်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့။**

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး



**တောင်ကြီး အောက်တိုဘာ ၁၀**

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ပဥ္စမနေ့) ကို ယမန်နေ့နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်သို့ တင်ပြပြီး အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦးက ကြယ်ပွင့်ပြမေးခွန်းပေါင်း ၁၅ ခုကို မေးမြန်းကြရာ သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြပြီး ရပ်စောက်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးအောင်ကျော်ညွန့် တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများ လာမည့်စိုက်ပျိုးရာသီတွင် ရာသီချိန်မီ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြေပြင်အခြေအနေမှန်အပေါ် အခြေခံသည့် ရေတိုအစီအစဉ်များဖြင့် စက်သုံးဆီ လွယ်ကူစွာ ဝယ်ယူရရှိစေရေးနှင့် ရေရှည်အတွက် တောင်သူစမတ်ကတ်( Smart Card) စနစ်ဖြင့် သီးနှံအလိုက် စက်သုံးဆီခွဲတမ်း စနစ်တကျ စိစစ်ဖြန့်ဖြူးပေးနိုင်ရေး ပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် လေးဦးက ထောက်ခံဆွေးနွေးကြကာ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ရယူကာ ယင်းအဆို၏ ပထမပိုင်းအား အတည်ပြုကြောင်းနှင့် အဆို၏ ဒုတိယပိုင်းအား မှတ်တမ်းအဖြစ် ထားရှိကြောင်း ကြေညာသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ပဥ္စမနေ့) ကို ရပ်နားလိုက်ကြောင်းနှင့် တတိယအကြိမ် စတုတ္ထပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာခဲ့သည်။

**စိုင်းအယ်ဘဲ**

# ကရင်ပြည်နယ်အတွင်း ယခုနှစ်ပြီမှ စက်တင်ဘာအထိ တရားမဝင်ကုန်သွယ်မှု အမှုတွဲပေါင်း ၁၃၉ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၉၂၇ ဘီလီယံခန့် ဖမ်းဆီးရမိ



**ဘားအံ အောက်တိုဘာ ၁၀**

ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့အနေဖြင့် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားအဆင့် မဟာဗျူဟာနှင့်နည်းဗျူဟာများအတိုင်း လိုက်နာကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဧပြီမှ စက်တင်ဘာအထိ တရားမဝင်ကုန်သွယ်မှု အမှုတွဲပေါင်း ၁၃၉ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၉၂၇ ဘီလီယံခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း ယမန်နေ့ မွန်းလွဲပိုင်းက ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည့် အထူးအဖွဲ့(၅/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

ဦးစွာ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးဝင်းက တရားမဝင် ကုန်သွယ်မှုလုပ်ဆောင်နေသူများသည် တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် နည်းလမ်းမျိုးစုံအသုံးပြုဆောင်ရွက်နေကြပြီး အကောက်ခွန်နှင့် ရသင့်ရထိုက်သည့်အခွန်အခများ ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်လျက်ရှိသောကြောင့် တရားမဝင် ကုန်သွယ်မှုများအား တားဆီးဖမ်းဆီးစစ်ဆေးပြီး ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တရားမဝင်သယ်ဆောင်လာသည့် ကုန်စည်များကို စနစ်တကျတားဆီးထိန်းချုပ်၍ တရားမဝင် ကုန်သွယ်မှုများကိုလျှော့ချပြီး တရားဝင်ကုန်သွယ်မှု လမ်းကြောင်းပေါ်သို့ ရောက်ရှိလာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ဒုတိယဥက္ကဋ္ဌ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညီညီဇော်က စစ်ဆေးရေးစခန်းများ၊ ဂိတ်များနှင့် ကုန်သွယ်ရေးဇုန်တို့တွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအနေဖြင့် ဦးဆောင်ကော်မတီက ချမှတ်ထားသည့် စံပြုလုပ်ငန်းစဉ်(SOPs)များ၊ သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပူးပေါင်းစစ်ဆေးဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားပြီး အထူးအဖွဲ့အတွင်းရေးမှူး အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးက တရားမဝင်ကုန်သွယ်မှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက တရားမဝင်ကုန်သွယ်မှု လျော့နည်းပပျောက်ရေးနှင့်တရားဝင် ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိလာစေရေး ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြကာ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြည်သူ့လွှတ်တော် အစည်းအဝေးကျင်းပမှု လာရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၁၀**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့တွင် စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း(နေပြည်တော်)မှ ကျောင်းစီမံအုပ်ချုပ်သူ (CEO) ဦးကျော်ထင်လတ် ဦးဆောင်သည့် ကြီးကြပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၇ ဦးတို့သည် ယမန်နေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာပြီး လွှတ်တော်အဆောက်အအုံများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ယင်းနောက် ကြီးကြပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် လွှတ်တော်အဆောက်အအုံ B ဆောင်ရှိ (B-annex) တွင် လွှတ်တော်အစည်းအဝေးကျင်းပပုံနှင့် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ပါဝင်သည့် လွှတ်တော်ပုံစံတူ (Mock Parliament) သရုပ်ပြအစီအစဉ်အား စိတ်ပါဝင်စားစွာ ဆောင်ရွက်ခဲ့ကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့ အသိပေးခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများနှင့် စပ်လျဉ်းသည့် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ နိုင်ငံသား တစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေး၊ ကလေးသူငယ် အခွင့်အရေး၊ အမျိုးသမီး အခွင့်အရေး ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်း ခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း **မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၃၀** အရ ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့** နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့များရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ အောက်ပါအချက်များ (အားလုံး) ပြည့်စုံစွာ ဖော်ပြတိုင်ကြားနိုင်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၃။ ကော်မရှင်သည် တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှုသို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသော အမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၁၁၇)သင်တန်းဆင်း



**နေပြည်တော် အောက်တိုဘာ ၁၀**

စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၁၁၇) ၏သင်တန်းဆင်းစစ်ရေးပြအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရှိ စစ်ရေးပြကွင်း၌ ကျင်းပရာ ပါမောက္ခချုပ် ဦးကျော်စိုး၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)၊ တက္ကသိုလ် သင်ကြား / စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ သင်တန်းဆင်းတပ်ခွဲက နိုင်ငံတော်အလံအား အလေးပြုပြီး ပါမောက္ခချုပ်အား အလေးပြုကာ ပါမောက္ခချုပ်က ထူးချွန်ဆုရရှိသူများကို ဆုချီးမြှင့်၍ သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသား သင်တန်းသူ ကိုယ်စားလှယ်များသို့ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနအဖွဲ့အစည်းအသီးသီးမှ အငယ်တန်းစာရေး၊ အကြီးတန်းစာရေးနှင့် အဆင့်တူ သင်တန်းသား ၁၄၄ ဦး၊ သင်တန်းသူ ၂၈၈ ဦး စုစုပေါင်း ၄၃၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၀ ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❐ *ကျောဖုံးမှ*

အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား (၃၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲတွင် အဆင့်အလိုက် ပင်းဝိတ်တန်းဗိုလ်လုပွဲ ပွဲစဉ်များကို ဇေယျာသီရိ တပ်မတော်အားကစားရုံ(A)၌ လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး ကွာတားအဆင့် ပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ဇေယျာသီရိ တပ်မတော်အားကစားရုံ(B)၌ လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း (၃၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲ၊ အမျိုးသားဗန်တို အတိုက်(က)တန်း၊ အမျိုးသားဗန်တို အတိုက်(ခ)တန်း အကြိုဗိုလ်လုပွဲ ပွဲစဉ်များ၊ အမျိုးသား ပန်ကြပ်ဆီလပ် အတိုက် (ခ)တန်း အကြို ဗိုလ်လုပွဲစဉ်များ၊ အမျိုးသမီး ပန်ကြပ်ဆီလပ် အတိုက် အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသားဓားတစ်လက် အတိုက် (က) တန်း အကြိုဗိုလ်လုပွဲ ပွဲစဉ်များ၊ အမျိုးသားဓားတစ်လက်အတိုက်(ခ)တန်း အကြိုဗိုလ်လုပွဲစဉ်များ၊ ခွဲမှူးဆရာအဆင့် လက်ရေပညာစဉ် စွမ်းရည်ပြပြိုင်ပွဲနှင့် တစ်ယောက် ငါးယောက်အတွဲတိုက် စွမ်းရည်ပြပြိုင်ပွဲများကို ဇေယျာသီရိ တပ်မတော်အားကစားရုံ(C)၌ လည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်းရှိ စိန်ပန်းခန်းမ(၂)၌ ၂၀၂၄ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲတွင် လူသစ်တန်း၊ အကြီးတန်း၊အသင်းလိုက် "ကုမိတဲ့" ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် လူသစ်တန်း၊ အကြီးတန်း၊ အသင်းလိုက် "ခတ" ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း၊ စံပယ်(၆) အားကစားရုံ၌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ ) ရိုးရာခြင်းလုံးခတ် ပြိုင်ပွဲတွင် (၄) ပေါက်တန်းပြိုင်ပွဲ၊ အခြေခံအထိ(၆)ချက် ပြိုင်ပွဲများကိုလည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားကြသည်။

(၅၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် လူသစ်တန်း၊ အလွတ်တန်းနှင့် (က)အဆင့်အကြိုဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားကြသည်။

ထို့အတူ ၂၀၂၄ ခုနှစ် (၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် အကြိုဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပွဲကစားချိန် (မိနစ် ၉၀) အချိန်ပြည့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြပြီး ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့သည်။ ထို့နောက် အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့သဖြင့် ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ငါးဂိုး - လေးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။




✽ *ကျောဖုံးမှ*

အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိအွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံ ၆၃ လုံးအနက် ယနေ့တွင် ၆ ထပ်အဆောက်အအုံ ၁ လုံးအား ယမ်းဖြင့် ထပ်မံဖောက်ခွဲ၍ စနစ်တကျ ဖြိုချဖျက်ဆီးနိုင်ခဲ့ပြီး ဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၆၁ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အား အသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၆ ထပ် အဆောက်အအုံ ၁ လုံးကို ထပ်မံ၍ ဖြိုချဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု (ONLINE SCAM) များ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)




✽ *ကျောဖုံးမှ*

မွန်းလွဲ ၁ နာရီပွဲစဉ်တွင် JV FC အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ တစ်ဖက် သုံးဂိုးစီဖြင့် သရေကျခဲ့သည်။ ၂ နာရီခွဲပွဲစဉ်တွင် Gold Dream အသင်းက ULAD FC အသင်းကို တစ်ဂိုး – ဂိုးမရှိဖြင့်လည်းကောင်း၊ YCDC Dream Team အသင်းက Burmese Warriors FC အသင်းကို ၁၃ ဂိုး – နှစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့သည်။ အပတ်စဉ်(၁၄) ပြိုင်ပွဲများအပြီးတွင် Pacific Sun Far အသင်းနှင့် MIU FC အသင်းတို့က ၃၇ မှတ်စီ၊ YRG FC အသင်းက ၃၄ မှတ်၊ ULAD FC အသင်းက ၂၇ မှတ်၊ YCDC Dream Team အသင်းက ၂၆ မှတ်၊ Gold Dream အသင်းက ၂၄ မှတ်၊ United City အသင်းက ၁၈ မှတ်၊ JV FC အသင်းက ၁၇ မှတ်၊ Royal Noka အသင်းက ၁၂ မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက ၈ မှတ်၊ မင်္ဂလာဒုံစီးတီးအသင်းက ၃ မှတ်၊ Burmese Warriors FC အသင်းက တစ်မှတ် အသီးသီးရရှိထားသည်။

**နေမျိုး၊ ဓာတ်ပုံ–MFF**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်)မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့်အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ပနားမား၌ ပြင်းအား ၇ ဒသမ ၇ ရှိ ငလျင်လှုပ်ခတ် လူ ၂၇ ဦး ဒဏ်ရာရရှိပြီး အဆောက်အအုံများနှင့် လမ်းတံတားများ ပျက်စီး

**ပနားမားစီးတီး အောက်တိုဘာ ၁၀** ပနားမားနိုင်ငံ၌ ပြင်းအား ၇ ဒသမ ၇ ရှိ အင်အားပြင်းငလျင်တစ်ခု အောက်တိုဘာ ၉ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ဝန်းကျင်၌ လှုပ်ခတ်ခဲ့ကြောင်း အမေရိကန် ဘူမိဗေဒဆိုင်ရာ သုတေသနအဖွဲ့က ပြောကြားသည်။



ပစိဖိတ်ဆူနာမီသတိပေးရေးစင်တာသည် ပနားမားနိုင်ငံနှင့် ဒေသတွင်းရှိ အခြားနိုင်ငံများအတွက် ဆူနာမီအန္တရာယ်ရှိကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့သော်လည်း နောက်ပိုင်းတွင် ယင်းသတိပေးချက်ကို ပြန်လည်ရုပ်သိမ်းခဲ့သည်။ အောက်တိုဘာ ၉ ရက် ညပိုင်းတွင် ဒုတိယအကြိမ် ထုတ်ပြန်ခဲ့သည့် ကြေညာချက်အရ ငလျင်လှုပ်ခတ်မှုကြောင့် ၂၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပနားမားအမျိုးသားအရပ်ဘက် ကာကွယ်ရေးအဖွဲ့က ပြောကြားသည်။

ဒေသစံတော်ချိန် ည ၈ နာရီ အထိ ပျောက်ဆုံးသူမရှိကြောင်း သိရသည်။ ကော့ကလေပြည်နယ်၌ ဒဏ်ရာရရှိသူ ၁၇ ဦးရှိပြီး နိုင်ငံအတွင်း အများဆုံးဖြစ်သည်။ အင်အားပြင်း ငလျင်ကြောင့် ပနားမားနိုင်ငံတစ်ဝန်းရှိ နေအိမ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ လမ်းများနှင့် တံတားများ ပျက်စီးခဲ့ကြောင်း သိရသည်။ ထို့ပြင် လူမှုအသိုင်းအဝိုင်းအချို့မှာ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုများ ဖြစ်ပွားခဲ့သည်။

ပနားမားနိုင်ငံ ပညာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ နိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်း ၁၈၈ ကျောင်း ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ၊ဆင်ဟွာ**

## ၂၀၂၆ ခုနှစ် နိုဘယ်စာပေဆုကို ကနေဒါစာရေးဆရာမ အန်းကာဆန် ရရှိ

**စတော့ဟုမ်း အောက်တိုဘာ ၁၀** ယခုနှစ် နိုဘယ်စာပေဆုကို ကနေဒါစာရေးသူ အန်းကာဆန်က ရရှိခဲ့ကြောင်း ဆွီဒင်အကယ်ဒမီက အောက်တိုဘာ ၈ ရက်တွင် ကြေညာသည်။ ကာဆန်သည် ဂန္ထဝင်စာပေအစဉ်အလာနှင့် ဆန်းသစ်တီထွင်မှုတို့ကိုပေါင်းစပ်ကာ ခေတ်ပြိုင်စာပေအတွက် ပုံစံသစ်များဖန်တီးခဲ့သည့် ရဲရင့်ပြီး ဆန်းသစ်တီထွင်မှုရှိသော စာပေလက်ရာများကြောင့် ဆုရရှိခဲ့ခြင်းဖြစ်ကြောင်း ဆွီဒင်အကယ်ဒမီ အမြဲတမ်းအတွင်းရေးမှူး အင်ဂရစ်ကားလ်ဘာ့ဂ်က ပြောကြားသည်။

အသက် ၇၆ နှစ်အရွယ် ကာဆန်သည် ကနေဒါနိုင်ငံ အွန်တေးရီးယိုးပြည်နယ် တိုရွန်တိုမြို့တွင် မွေးဖွားခဲ့ပြီး တိုရွန်တိုတက္ကသိုလ်တွင် ဂန္ထဝင်စာပေများကိုလေ့လာခဲ့သည်။ ၎င်း၏စာပေလက်ရာများတွင် ရှေးဟောင်းဂရိစာပေနှင့် ဒဏ္ဍာရီများ၏လွှမ်းမိုးမှုများထင်ရှားပြီး ကဗျာ၊ စကားပြေနှင့် ဘာသာပြန်စာပေတို့ကို ထူးခြားသည့်ပုံစံဖြင့် ပေါင်းစပ်ရေးသားထားသည်။

အန်းကာဆန်သည် အဲလစ်မန်ရိုးပြီးနောက် နိုဘယ်စာပေဆုရရှိသည့် ဒုတိယမြောက် ကနေဒါစာရေးသူဖြစ်လာသည်။

**အင်န်အိတ်ချ်ကေ**

## သီရိလင်္ကာလေကြောင်းလိုင်းက ရီယာ့ဒ်မြို့သို့ပျံသန်းမည့် လေယာဉ်ခရီးစဉ်များ ယာယီရပ်ဆိုင်း

**ကိုလံဘို အောက်တိုဘာ ၁၀** မကြာသေးမီက ရီယာ့ဒ်လေဆိပ်ကို သက်ရောက်မှုရှိသည့် လုံခြုံရေးဖြစ်စဉ်တစ်ခုကြောင့် သီရိလင်္ကာလေကြောင်းလိုင်းသည် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့သို့ ပျံသန်းမည့် လေယာဉ်ခရီးစဉ်အားလုံးကို အောက်တိုဘာ ၁၈ ရက်အထိ ယာယီရပ်ဆိုင်းထားကြောင်း အောက်တိုဘာ ၁၀ ရက်တွင် ပြောကြားသည်။

ဘေးကင်းလုံခြုံရေးနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ သုံးသပ်ချက်များ ဆောင်ရွက်နေစဉ်အတွင်း ယခုကဲ့သို့လေယာဉ်ခရီးစဉ်များကို ယာယီရပ်ဆိုင်းထားခြင်းဖြစ်ကြောင်း အမျိုးသားလေကြောင်းလိုင်းက ပြောကြားသည်။

ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများ၏ ဘေးကင်းလုံခြုံရေးသည် အမြင့်ဆုံး



ဦးစားပေးဖြစ်ကြောင်း သီရိလင်္ကာလေကြောင်းလိုင်းက ပြောကြားသည်။

**ဆင်ဟွာ**

## အယ်လ်နီညိုရာသီဥတုဖြစ်စဉ် စက်တင်ဘာလတွင် စံချိန်တင်အပြင်းထန်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ဟုဆို

**တိုကျို အောက်တိုဘာ ၁၀** အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် စက်တင်ဘာလတွင် စံချိန်တင် အပြင်းထန်ဆုံးအဆင့်သို့ရောက်ရှိခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားသည်။ ယင်းအဆင့်သည် ယခုဆောင်းရာသီအထိ ဆက်လက်တည်ရှိနေနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပီရူးကမ်းလွန် ပစိဖိတ်သမုဒ္ဒရာအရှေ့ပိုင်းရှိ အီကွေတာတစ်လျှောက် ပင်လယ်ရေမျက်နှာပြင်အပူချိန် ပုံမှန်ထက် ပိုမိုမြင့်တက်လာသည့် ဖြစ်စဉ်ဖြစ်သည်။ လက်ရှိ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် မတ်လနှင့် မေလအကြားတွင် စတင်ခဲ့သည်ဟု ယူဆရကြောင်း အေဂျင်စီက ပြောကြားသည်။

ပီရူးကမ်းလွန်ရှိ ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် မေလတွင် ပျမ်းမျှအပူချိန်ထက် ၁ ဒီဂရီဆဲလ်စီးယပ် စတင်မြင့်တက်ခဲ့ပြီး စက်တင်ဘာလတွင် ၄ ဒီဂရီဆဲလ်စီးယပ်အထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

ယင်းသို့ ၄ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်မှုသည် ၁၉၄၉ ခုနှစ်တွင် မှတ်တမ်းစတင်ကောက်ယူခဲ့သည့်နောက်ပိုင်း အမြင့်ဆုံးစံချိန်ဖြစ်သည်။ ယခင်အမြင့်ဆုံးစံချိန်မှာ ၃ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်ဖြစ်ပြီး ၁၉၉၇ ခုနှစ် ဒီဇင်ဘာလတွင် မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## ဂျပန်၊ ဗြိတိန်နှင့် အီတလီတို့၏ ပူးပေါင်းဂျက်တိုက်လေယာဉ်စီမံကိန်းအတွက် စက်ရုံသစ် တူရင်မြို့၌ ဖွင့်လှစ်

**တူရင် အောက်တိုဘာ ၁၀** ဂျပန်၊ ဗြိတိန်နှင့် အီတလီနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဂျက်တိုက်လေယာဉ်စီမံကိန်းသည် ရှေ့တစ်လှမ်းတိုးလာခဲ့ပြီး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကုမ္ပဏီ Edgewing သည် အီတလီနိုင်ငံမြောက်ပိုင်း တူရင်မြို့၌ စက်ရုံသစ်တစ်ရုံကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၉ ရက်က ကျင်းပခဲ့သည့် ဖွင့်ပွဲအခမ်းအနားသို့ ကုမ္ပဏီ၏ အဆင့်မြင့်တာဝန်ရှိသူများနှင့် အဆိုပါသုံးနိုင်ငံမှ အစိုးရတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ Edgewing ကုမ္ပဏီကို ဂျပန်၊ ဗြိတိန်နှင့် အီတလီနိုင်ငံတို့က ရင်းနှီးမြှုပ်နှံတည်ထောင်ထားပြီး လက်ရှိအချိန်အထိ စာချုပ်ချုပ်ဆိုထားသည့် တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၃ ဘီလီယံကျော်ရှိကြောင်း သိရသည်။

Edgewing ကုမ္ပဏီသည် လက်ရှိအသုံးပြုနေသည့် ခေတ်မီတိုက်လေယာဉ်များထက် စွမ်းဆောင်ရည်ပိုမိုသာလွန်ပြီး ဒရုန်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်မည့် မျိုးဆက်သစ်ဂျက်တိုက်လေယာဉ်ကို ၂၀၃၅ ခုနှစ်တွင် ဖြန့်ကြက်ချထားရန် ရည်ရွယ်ထားကြောင်း သိရသည်။

ကုမ္ပဏီ၏ရုံးချုပ်သည် လန်ဒန်မြို့ ဆင်ခြေဖုံးဒေသတွင်တည်ရှိပြီး ဂျပန်နိုင်ငံ နာဂိုယာမြို့နှင့် ဗြိတိန်နိုင်ငံ ဝါတန်ဒေသတို့တွင်လည်း စက်ရုံသစ်များ ထပ်မံဖွင့်လှစ်ရန် အစီအစဉ်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းရှိ ကန်လာအွန်မီးတောင် ပေါက်ကွဲမှုဖြစ်ပွား

**မနီလာ အောက်တိုဘာ ၁၀** ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းရှိ ကန်လာအွန် မီးတောင်သည် အောက်တိုဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒအင်စတီကျုက ပြောကြားသည်။

နီဂရိုးစ်ကျွန်းပေါ်ရှိ ကန်လာအွန်မီးတောင်သည် အောက်တိုဘာ ၁၀ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၄၆ မိနစ်တွင် အသင့်အတင့် ပြင်းထန်သော ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး နှစ်မိနစ်ခန့် ကြာမြင့်ခဲ့ကြောင်း အဆိုပါ အင်စတီကျုက ပြောကြားသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်ထိပ်ဝအထက် ၅ ကီလိုမီတာမှ ၆ ကီလိုမီတာအထိ မြင့်တက်သည့် မီးတောင်ပြာတိမ်တိုက်ဖြစ်ပေါ်ခဲ့ပြီး မီးတောင်ပြာများသည် မြောက်ဘက်နှင့် အရှေ့မြောက်ဘက်သို့ လွင့်မျောသွားနိုင်ကြောင်း အင်စတီကျုက ခန့်မှန်းထားသည်။

အဆိုပါ မီးတောင်အတွက် သတိပေးချက်အဆင့်ကို လက်ရှိတွင် အဆင့် ၂ အဖြစ် ဆက်လက်သတ်မှတ်ထားကြောင်း သိရသည်။

ပစိဖိတ်မီးတောင် ရပ်ဝန်းပေါ်တွင်တည်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ငလျင်လှုပ်ခတ်မှုများနှင့် မီးတောင်ပေါက်ကွဲမှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### NASA ၏ SpaceX Crew-12 မစ်ရှင် ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိ

NASA ၏ SpaceX Crew-12 မစ်ရှင်သည် နိုင်ငံတကာအာကာသစခန်း (ISS)တွင် ရှစ်လနီးပါး တာဝန်ထမ်းဆောင်ပြီးနောက် အောက်တိုဘာ ၈ ရက်တွင် ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း NASA က ထုတ်ပြန်ထားသည်။ အဆိုပါမစ်ရှင်ကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနာဗာရယ် အာကာသစခန်းမှ ဖေဖော်ဝါရီ ၁၃ ရက်တွင် စတင်ခဲ့ပြီး အမှုထမ်းများသည် မစ်ရှင်ကာလအတွင်း သိပ္ပံဆိုင်ရာစမ်းသပ်မှုများနှင့် နည်းပညာဆိုင်ရာ သရုပ်ပြမှုများကိုလုပ်ဆောင်ခဲ့ကြသည်။ **ဆင်ဟွာ**

### Renoir ပြတိုက်မှ ခိုးယူခံရသည့် ပန်းချီကားနှစ်ချပ် ပြန်လည်ရရှိ

ပြင်သစ်နိုင်ငံအရှေ့တောင်ပိုင်း ကန်းညာ-ဆူရ်-မဲရ်မြို့ရှိ Renoir ပြတိုက်မှ စက်တင်ဘာလအတွင်း ခိုးယူခံခဲ့ရသည့် ပန်းချီကားနှစ်ချပ်ကို ပြန်လည်ရရှိခဲ့ကြောင်း ပြင်သစ်ယဉ်ကျေးမှုဝန်ကြီး ကက်သရင်း ပီဂ့ါဒ် က အောက်တိုဘာ ၉ ရက်တွင် ပြောသည်။ **ဆင်ဟွာ**

### ကမ္ဘောဒီးယားနိုင်ငံ၏ ရေနံနှင့်ဓာတ်ငွေ့ တင်သွင်းမှုစရိတ် ဒေါ်လာ ၂ ဒသမ ၈၂ ဘီလီယံရှိ

ကမ္ဘောဒီးယားနိုင်ငံ၏ ၂၀၂၆ ခုနှစ် ပထမကိုးလအတွင်း ဒီဇယ်ဆီ၊ ဓာတ်ဆီနှင့် ဓာတ်ငွေ့တင်သွင်းမှု စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၂ ဘီလီယံရှိကြောင်း သိရသည်။ အဆိုပါပမာဏသည် ယမန်နှစ်အလားတူကာလက ဒေါ်လာ ၁ ဒသမ ၈၃ ဘီလီယံရှိခဲ့ရာမှ ၅၃ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အောက်တိုဘာ ၉ ရက်တွင် ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

### တောင်ကိုရီးယား၌ မျက်နှာကြက်ပြိုကျမှုကြောင့် ၃၈ ဦး ဒဏ်ရာရရှိ

တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်း ဒယ်ဂူမြို့ရှိ အဆောက်အအုံတစ်ခုတွင် အောက်တိုဘာ ၁၀ ရက်က မျက်နှာကြက်အလှဆင်ပစ္စည်းများ ပြိုကျမှုကြောင့် လူ ၃၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက ဖော်ပြသည်။ **ယွန်ဟပ်**

### အိန္ဒိယနိုင်ငံ၌ IndiGo လေယာဉ် မိုးကြိုးပစ်ခံရ

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းရှိ ပတ္တနာမြို့မှ မြောက်ပိုင်းရှိ လက်ခ်နောင်းမြို့သို့ ပျံသန်းနေသည့် IndiGo ပြည်တွင်းလေကြောင်းလိုင်း လေယာဉ်တစ်စင်းသည် အောက်တိုဘာ ၇ ရက်က ဆိုးရွားသော ရာသီဥတုအခြေအနေအတွင်း ပျံသန်းစဉ်မိုးကြိုးပစ်ခံရသည်ဟု သတင်းများထွက်ပေါ်ခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။ လေယာဉ်သည် လက်ခ်နောင်းမြို့ရှိ ချောင်ဒရီချရန် ဆင်းဂ်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့ပြီး လေယာဉ်ပေါ်ပါ ခရီးသည် ၁၀၄ ဦးနှင့် လေယာဉ်အမှုထမ်းခြောက်ဦး စုစုပေါင်း ၁၁၀ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “qwertyuiopasdfghjklzxcvbnm” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် လက်ပံကျေးရွာနေ ချစ်ဆွေ(ခ)ခလီလွလ်လာအား ည ၉ နာရီ ၃၅ မိနစ်တွင် ချောင်းခွနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## M League 2026 U-20 ပြိုင်ပွဲ ရန်ကုန်စီးတီးအသင်း GALAXY အသင်းကို အနိုင်ရ

**ရန်ကုန် အောက်တိုဘာ ၁၀**

M League 2026 U–20 အမှတ်ပေးဘောလုံးပြိုင်ပွဲ အပတ်စဉ်(၁၈) နောက်ဆုံးပွဲစဉ်ကို ယနေ့ ညနေ ၃ နာရီခွဲက ဗဟန်းကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်စီးတီးအသင်းက GALAXY အသင်းကို နှစ်ဂိုး– ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အမှတ်ပေးဇယား အဆင့် (၉) နေရာမှ ရန်ကုန်စီးတီးအသင်းနှင့် အဆင့် (၈)နေရာမှ GALAXY အသင်းတို့ ထိပ်တိုက်တွေ့ဆုံသည့် ယနေ့ပွဲစဉ်တွင် ရန်ကုန်စီးတီးအသင်းက ပွဲချိန် ၃ မိနစ်မှာပင် ရန်ပိုင်ဦး၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုး စတင်ရရှိခဲ့ပြီး ပထမပိုင်းအပြီးတွင် ရန်ကုန်စီးတီးအသင်းက တစ်ဂိုး – ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်းတွင် ရန်ကုန်စီးတီးအသင်းက ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၆၃ မိနစ်တွင် ရဲထက်ဘိုက ဒုတိယမြောက်အနိုင်ဂိုးကို ထပ်မံသွင်းယူပေးခဲ့သည်။ GALAXY အသင်း ချေပဂိုးရရှိရေး တန်ပြန်ထိုးဖောက်ကစားခဲ့သော်လည်းရရှိသည့် အခွင့်အရေးများကို အသုံးမချနိုင်ခဲ့ဘဲ ပွဲပြီးဆုံးချိန်တွင် ရန်ကုန်စီးတီးအသင်းက နှစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သည်။

အပတ်စဉ်(၁၈) ပွဲစဉ်များအပြီးတွင် ISPE အသင်းက ရမှတ် ၄၁ မှတ်ဖြင့် အဆင့်(၁) နေရာကို ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်က အဆင့်(၂)၊ ဒဂုံစတားယူနိုက်တက်က အဆင့်(၃)၊ ရှမ်းယူနိုက်တက်က အဆင့်(၄)၊ ရတနာပုံက အဆင့်(၅)၊ FALCON က အဆင့်(၆)၊ သစ္စာအားမာန်က အဆင့်(၇)၊ ရန်ကုန်စီးတီးက အဆင့်(၈)၊ GALAXY က အဆင့်(၉)၊ ဧရာဝတီယူနိုက်တက်က အဆင့်(၁၀)၊ ဟံသာဝတီယူနိုက်တက်က အဆင့်(၁၁)၊ စစ်ကိုင်းယူနိုက်တက်က အဆင့်(၁၂)၊ မြဝတီက အဆင့်(၁၃) နှင့် ချင်းလန်းအသင်းက အဆင့်(၁၄)နေရာတွင် အသီးသီး ရပ်တည်ခဲ့သည်။ **နေမျိုး**

❖ *ကျော်ဖုံးမှ*

(တစ်ကီလိုလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၅၁၀) ဖမ်းဆီးရမိသဖြင့် စိုင်းဆမ်ရှန်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



တရားခံ စိုင်းဆမ်ရှန်ကို သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ အောက်တိုဘာ ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လားရှိုးမြို့ ရပ်ကွက်(၁) လားရှိုး– မယ်ဟန်သွားကားလမ်းတွင် ကွတ်ခိုင်မြို့ ရပ်ကွက်(၃) နေသူများဖြစ်သည့် အောင်ကိုကိုညီ (၃၇)နှစ် မောင်းနှင်ပြီး မဟန်နီစိုး (ခ) ဟွမ်ခမ်း (၁၉)နှစ် လိုက်ပါလာသည့် TOYOTA CROWN အမျိုးအစား မော်တော်ယာဉ်နှင့် လားရှိုးမြို့ ရပ်ကွက်(၇)နေ ကျော်နိုင် (ခ) အားစွင့် (၃၁)နှစ် မောင်းနှင်လာသော KENBO SCOPPY အမျိုးအစား ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့သုံးဦး သယ်ဆောင်လာသည့် စိတ်ပြောင်းဆေးဝါး HAPPY WATER ၁ ဒသမ ၅ ကီလို(တစ်ကီလိုလျှင်ငွေကျပ်သိန်း ၄၅၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၆၇၅ သိန်း) ဖမ်းဆီးရမိသဖြင့် အောင်ကိုကိုညီ၊ မဟန်နီစိုး(ခ) ဟွမ်ခမ်းနှင့် ကျော်နိုင်(ခ)အားစွင့်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၈ ရက် နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ စမ်းချောင်းမြို့နယ် စမ်းချောင်း(မြောက်)ရပ်ကွက် ဗဟိုလမ်းမကြီးအတိုင်း လမ်းလျှောက်လာသူ ကြည့်မြင်တိုင်မြို့နယ် သာစု(အရှေ့) ရပ်ကွက်နေ မသန်းသန်းထွေး(ခ) သေးသေး(၂၉)နှစ်အား စစ်ဆေးရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွဆေးပြား၁၀၀၀၀(တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၂၀၀)ဖမ်းဆီးရမိသဖြင့် မသန်းသန်းထွေး(ခ)သေးသေးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

■ *ကျော်ဖုံးမှ*

ခြေစွမ်းထက်သည့် အသင်းနှစ်သင်း တွေ့ဆုံမှုဖြစ်သောကြောင့် ပွဲစသည်နှင့် တစ်ပြိုင်နက် အကြိတ်အနယ်ရှိပြီး နောက်ဆုံးမိနစ်အထိ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ လိဒ်စ်အသင်းသည် ပွဲအစပိုင်းမိနစ်များတွင် အာဆင်နယ်အသင်းကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သော်လည်း ပွဲချိန်ကြာလာသည်နှင့်အမျှ အိမ်ရှင်အာဆင်နယ်အသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကိုပြန်လည်ခုခံကာကွယ်ခဲ့ရသည်။

အာဆင်နယ်အသင်းသည် တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်နေသည့်အခြေအနေမှ ဒုတိယပိုင်းတွင် လူစားလဲမှုများပြုလုပ်ကာ ပွဲကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ချေပဂိုးနှင့် အနိုင်ဂိုး ပြန်လည်သွင်းယူကာ အရေးပါသည့် နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ယခုပွဲစဉ်တွင် နိုင်ပွဲရရှိခဲ့သော်လည်း ဦးဆောင်သူ မန်စီးတီးအသင်းထက် တစ်ပွဲပိုကစားပြီး ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နေသည်။ လိဒ်စ်အသင်းသည် ခြေစွမ်းကောင်းအချို့ ပြသနိုင်ခဲ့သော်လည်း အသင်းကစားသမားများ၏ အဆုံးသတ်ပိုင်းလိုအပ်ချက်များကြောင့် ပရီမီယာလိဂ်တွင် ယခုနှစ်ရာသီ ပထမဆုံးရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့ရသည်။ **အောင်ဇော်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**



## ဇေယျာသီရိမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းလေ့လာ

**နေပြည်တော် အောက်တိုဘာ ၁၀**

ဇေယျာသီရိမြို့နယ် သာစည်ကျေးရွာအုပ်စု အောင်သာကျေးရွာ ကွင်းအမှတ် ၁၅၂၄/၁၅၂၂ ကွင်း၌ မြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာအောင်ကြီးသည် ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းလေ့လာပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံကာ တောင်သူများ၏ လိုအပ်ချက်များကို လွှတ်တော်တွင်တင်ပြ၍ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် တောင်သူဦးဇော်ဦးက ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးထားသည့် ဆီထွက်သီးနှံပဲပုပ် စိုက်ပျိုးထားရှိမှုအခြေအနေနှင့် တောင်သူများက ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် တင်ပြဆွေးနွေးခဲ့ရာ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ ဒေါက်တာအောင်ကြီး၊ ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများက ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးထားသည့် ဆီထွက်သီးနှံပဲပုပ် စိုက်ပျိုးထားရှိမှုအခြေအနေများနှင့် အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**

❂ *ကျော်ဖုံးမှ*

ပုသိမ်မြို့ ကျောက်တိုင်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် သစ္စာအားမာန်အသင်းက ပွဲချိန် ၂၅ မိနစ်တွင် စောမျိုးဇော်၏ သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်းပွဲချိန် ၄၆ မိနစ်တွင် ပြည့်စုံအောင်က ဒုတိယဂိုး ထပ်မံသွင်းယူပေးခဲ့သည်။ အိမ်ရှင်ဧရာဝတီယူနိုက်တက်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် သူရမင်းသန့်က သွင်းယူပေးနိုင်ခဲ့သော်လည်း ပွဲချိန် ၈၈ မိနစ်တွင် ရှိုင်းဝဏ္ဏအောင်က သစ္စာအားမာန်အသင်းအတွက် တတိယဂိုး သွင်းယူပေးခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် ဧရာဝတီယူနိုက်တက်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ယူကာ အဝေးကွင်း၌ နိုင်ပွဲစတင်ရရှိခဲ့သည်။ အဆိုပါ ပွဲစဉ်၏ AYA Pay Player of the match ဆုကို သစ္စာအားမာန်အသင်း တိုက်စစ်မှူး စောမျိုးဇော်က ရရှိခဲ့သည်။

သီဟဒီပကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် ရတနာပုံအသင်းက မြဝတီအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရတနာပုံအသင်း၏ အနိုင်ဂိုး နှစ်ဂိုးစလုံးကို အသင်းခေါင်းဆောင် ဆွန်လမ်မန်က ပွဲချိန် ၂၂ မိနစ် နှင့် ၈၂ မိနစ်(ပယ်နယ်တီ)တို့တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ယနေ့ပွဲစဉ်တွင် အကောင်းဆုံးစုဖွဲ့မှုပုံစံဖြင့် မြဝတီအသင်းကို ဖိအားပေးကစားနိုင်ခဲ့ပြီး အဝေးကွင်းတွင် အဖိုးတန်ရမှတ်သုံးမှတ် ရယူနိုင်ခဲ့သည်။

M League 2026–2027 ပြိုင်ပွဲ အပတ်စဉ်(၃) တတိယနေ့ပွဲစဉ်အဖြစ် အောက်တိုဘာ ၁၁ ရက်တွင် YUSC ကွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ပဲခူး Grand Royal ကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ–ML**

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၀** – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# စက်တင်ဘာ ၂၁ ရက် မှ ၂၂ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် MFVP ဥက္ကဋ္ဌ ဦးကျော်သူ၊ အတွင်းရေးမှူး ဦးပြည့်သာစံတို့၏ ခေတ်မီဆန်းသစ်သော Multi-Route ပို့ကုန်ထောက်ပံ့ပို့ဆောင်ရေးနှင့် အရည်အသွေးစံချိန်စံညွှန်းများမှတစ်ဆင့် မြန်မာ့သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံ့ထုတ်ကုန်တိုးတက်ရေး စာတမ်းကောက်နုတ်ချက်

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် အမျိုးသားအသားတင်ထုတ်ကုန် (GDP) ၏ ၃၈ ရာခိုင်နှုန်းခန့်ကို အဓိကထောက်ပံ့ပေးနေပြီး စုစုပေါင်း လုပ်သားအင်အား၏ ၇၀ ရာခိုင်နှုန်းခန့်ကို အလုပ်အကိုင် ဖန်တီးပေးထားသည့် စီးပွားရေးမဏ္ဍိုင်ကြီးဖြစ်သည်။ ယင်းအနက် သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် (Horticulture) ကဏ္ဍသည် စိုက်ပျိုးမြေဧရိယာ အကန့်အသတ်အတွင်းမှပင် တန်ဖိုးမြှင့် ပို့ကုန် (High-value Exports) များကို ထုတ်လုပ်ပေးနိုင်သည့် မဟာဗျူဟာမြောက်ကဏ္ဍဖြစ်သည်။

သို့သော် လွန်ခဲ့သောကာလများအတွင်း မြန်မာ့သစ်သီးဝလံ ပို့ကုန်များသည် နယ်စပ်ထွက်ပေါက် လေလံစနစ်တစ်ခုတည်း (Single-border Auction Dependency) အပေါ် လွန်စွာမှီခိုခဲ့ရခြင်းကြောင့် လမ်းကြောင်းပိတ်ဆို့မှုများ၊ ဈေးကွက်မတည်ငြိမ်မှုများနှင့် ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှု (Post-harvest Losses) များကို ရင်ဆိုင်ခဲ့ရသည်။

ယခုစာတမ်းသည် သစ်သီးဝလံအသင်းအနေဖြင့် သမားရိုးကျ နယ်စပ်ကုန်သွယ်ရေးစနစ်မှ လွတ်မြောက်ကာ Multi-Route Transport Corridors (ပင်လယ်ရေကြောင်းနှင့် တိုက်ရိုက်လမ်းကြောင်းများ)သို့ ကူးပြောင်းခြင်း၊ GAP / SPS စံချိန်စံညွှန်းများ မြှင့်တင်ခြင်းနှင့် ကျေးလက်ဒေသအစုအဖွဲ့များ၏ တန်ဖိုးမြှင့်ထုတ်ကုန်များကို ကမ္ဘာ့ဈေးကွက်သို့ ချိတ်ဆက်ပေးခြင်းတို့ဖြင့် နိုင်ငံတော်၏ အသားတင်ထုတ်ကုန် (National Output Growth) ကို မည်သို့ အရှိန်အဟုန်မြှင့်တင်မည်ကို အဆိုပြုခြင်းဖြစ်သည်။

> **❝ ပြန်လည်အားကောင်းစေခြင်း။ ။ မူဆယ်သစ်သီးဝလံ ကုန်စည်ဒိုင်ကဲ့သို့ သစ်သီးဝလံကုန်စည်ဒိုင်များ ပြန်လည်အားကောင်းလာပြီး သစ်သီးဝလံကုန်စည်ဒိုင်များ ပြန်လည်ချိတ်ဆက်ရန် လိုအပ်ပါသည်။ အောင်ပန်းကုန်စည်ဒိုင်၊ တောင်ငူကုန်စည်ဒိုင်၊ တာချီလိတ်ကုန်စည်ဒိုင် အစရှိသဖြင့် သစ်သီးဝလံကုန်စည်ဒိုင်များ အားကောင်းလာပြီး နေ့စဉ်ဈေးကွက်ပေါက်ဈေးများ အချိန်နှင့်တစ်ပြေးညီ ပြန်ကြားပေးမည့်** Digital Information Clearinghouse **စနစ်ထူထောင်၍ အငြင်းပွားမှုများကို ကောင်းစွာထိန်းသိမ်းကိုင်တွယ်ရန် လိုအပ် ❞**

**အဓိက မဟာဗျူဟာ မဏ္ဍိုင် (၄) ရပ်**

**မဏ္ဍိုင် (၁) – နယ်စပ်လေလံစနစ်မှ Multi-Route လမ်းကြောင်းများသို့ ကူးပြောင်းခြင်း**

**နယ်စပ်ကုန်သွယ်ရေးအား Backup ပြုလုပ်ခြင်း။** ။ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နယ်စပ်များမှ တင်ပို့ခြင်းအပြင် ပုံမှန်တင်ပို့နိုင်ရန်လိုအပ်သော SPS Measures များကို ကြိုတင်ဆောင်ရွက်ထားခြင်း၊ နှစ်နိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ဆိုင်ရာများအတွက် လိုအပ်သော ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာ သဘောတူညီချက်များ ရယူထားခြင်း၊

**ရေကြောင်း၊ လေကြောင်းနှင့် တိုက်ရိုက်ကုန်သွယ်ရေးတိုးချဲ့ခြင်း။** ။ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်၊ အရှေ့အလယ်ပိုင်းနှင့် ဥရောပဈေးကွက်များသို့ ပင်လယ်ရေကြောင်း အအေးပေးကွင်းဆက် (Direct Sea-freight & Cold-chain Logistics) မှတစ်ဆင့် တိုက်ရိုက်တင်ပို့ရေး၊

**သီးနှံအလိုက် အထူးပြု ပို့ကုန်စီမံကိန်းများ**

**စိန်တလုံးသရက်။** ။ "မြန်မာစိန်တလုံးသရက်" အား အမျိုးသားအဆင့် အမှတ်တံဆိပ်သတ်မှတ်၍ စိုက်ပျိုးမြေ ဧက ၃၀၀၀၀ အထိ စနစ်တကျ အစုအဖွဲ့ပြန်လည်ဖွဲ့စည်းထားသော စိုက်ခင်းများမှတစ်ဆင့် တစ်နှစ်လျှင် အနည်းဆုံး ပို့ကုန်မက်ထရစ်တန် ၆၀၀၀၀ အထိ နိုင်ငံတကာအရည်အသွေးစံနှုန်းဖြင့် တိုက်ရိုက်တင်ပို့ရန်၊ (ဥပမာ – One Diamond Branding)

**ထောပတ်သီး။** ။ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် စိုက်ပျိုးထားသော ထောပတ်သီးများ(ဥပမာ– Hass, Amra, Buccaneer စသည်) ကို ရေကြောင်းအအေးခန်း ကွန်တိန်နာများဖြင့် နိုင်ငံတကာဈေးကွက်သို့ ခြောက်လထက်မနည်း ပုံမှန်တင်ပို့နိုင်ရေး ဆောင်ရွက်ရန်၊ ဗီယက်နမ်ကိုယ်ပိုင်ထောပတ်မျိုး (034)၊ ထိုင်းကိုယ်ပိုင်ထောပတ်မျိုး (ဘာကေးနီယား) ကဲ့သို့ မြန်မာကိုယ်ပိုင်ထောပတ်မျိုး (အမရာ)လို မျိုးကောင်းမျိုးသန့်တစ်မျိုးအား ဒေသနှင့်လိုက်လျောညီထွေရှိပြီး နိုင်ငံတကာ ယှဉ်ပြိုင်နိုင်စွမ်းရှိသောမျိုးအား သုတေသနပြုလုပ်ဖော်ထုတ်၍ ပြန့်ပွားစေကာ မြန်မာထောပတ်သီးအား အမျိုးသားအဆင့် ထုတ်ကုန်တစ်ခုဖြစ်လာစေရန်၊

**အခြားသီးနှံများ။** ။ ငှက်ပျော၊ ပင်မှည့်၊ ဝဥ၊ ကန်စွန်းဥ အစရှိသဖြင့် နိုင်ငံတော်ထုတ်ကုန်လည်းဖြစ်လာနိုင်ပြီး အာဟာရပြည့်ဝ၍ စားနပ်ရိက္ခာဖူလုံရေးအား အထောက်အကူပြုသော သီးနှံတစ်မယ်ချင်းအလိုက် ဗျူဟာများ ဖော်ထုတ်သုံးသပ်ဆောင်ရွက်ရန်။

**မဏ္ဍိုင် (၂) – အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီသော သစ်သီးဝလံများ ထုတ်လုပ်မှုတိုးမြှင့်ရေး**

**Good Agricultural Practices (GAP) ချဲ့ထွင်ခြင်း။** ။ နိုင်ငံတကာဈေးကွက်မှ တောင်းဆိုသော အပင်သန့်ရှင်းရေးနှင့် ပိုးမွှားကင်းစင်ရေး (SPS Certificate) များ ရရှိစေရန် GAP စိုက်ပျိုးမှုစနစ်ကို တောင်သူအဆင့်ထိ အရှိန်အဟုန်မြှင့်ထူထောင်ခြင်း၊

**Good Manufacturing Practices (GMP) / HACCP အသိအမှတ်ပြုလက်မှတ်များ ရရှိစေခြင်း။** ။ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ ခူးဆွတ်၊ ထိန်းသိမ်းကိုင်တွယ်၊ ထုပ်ပိုးသိုလှောင်ဖြန့်ချိရောင်းချရာတွင် နိုင်ငံတကာဈေးကွက်မှ တောင်းဆိုသော အပင်သန့်ရှင်းရေးနှင့် ပိုးမွှားကင်းစင်ရေး (SPS Certificate) များရရှိစေရန် ထုပ်ပိုးရုံများ၊ သိုလှောင်ရုံများအား GMP/HACCP စနစ်ကို ကုန်သည်၊ ပွဲစား၊ တောင်သူအဆင့်အထိ အရှိန်အဟုန်မြှင့်ထူထောင်ခြင်း၊

**မူရင်းဒေသ ခြေရာခံနိုင်မှု။** ။ သီးနှံတစ်ခုချင်း၏ စိုက်ပျိုးသည့်ဒေသ၊ ခူးဆွတ်ချိန်နှင့် အချက်အလက်များကို Crop Data Sheet / QR Code တင်ပြနိုင်သည့် စနစ်ကျသော Traceability စနစ်အား ကျင့်သုံးခြင်း၊ တောင်သူများ အလွယ်တကူ စက်ပစ္စည်းနှင့် နည်းပညာသုံးစွဲနိုင်ရန် ရုပ်ပုံ/စာသား ယှဉ်တွဲပါဝင်သည့် လမ်းညွှန်ချက်များ (Visual Illustrations) အသုံးပြုခြင်း။

**မဏ္ဍိုင် (၃) – ကျေးလက်တောင်သူအစုအဖွဲ့များ၊ ဒေသခံတောင်သူများ၏ တန်ဖိုးမြှင့် သဘာဝထုတ်ကုန်များမှတစ်ဆင့် နိုင်ငံ့ထုတ်ကုန်တိုးမြှင့်ရေး**

**တိုင်းရင်းသား ဒေသခံ တောင်သူအစုအဖွဲ့များ။** ။ တောင်တန်းဒေသများရှိ တောင်သူများမှ သဘာဝအတိုင်း စိုက်ပျိုးထားသောသီးနှံများ (ဥပမာ– ကယန်းဒေသထွက် ငရုတ်သီး၊ နနွင်း၊ မက်ခါစေ့ စသည်) ကို Htubyanbi ထူဗျန်းဘီး (ငှက်မင်းသား) ကဲ့သို့ ဒေသခံအမှတ်တံဆိပ်များဖြင့် စနစ်တကျပြုပြင်ထုပ်ပိုး၍ ပို့ကုန်အဖြစ် ပြောင်းလဲခြင်း၊ ချင်းပြည်နယ်မှထွက်ရှိသော ဝဥကို Vakok (ဝကောက်)(အောက်ချင်းငှက်) ကဲ့သို့ ဒေသခံအမှတ်တံဆိပ်ဖြင့် စနစ်တကျပြုပြင်ထုပ်ပိုး၍ ပို့ကုန်အဖြစ် ပြောင်းလဲခြင်း၊ ၎င်းတို့နှင့် လျော်ညီသည့် စီးပွားရေးအဖွဲ့အစည်း (သမဝါယမ သို့မဟုတ် အစုအဖွဲ့ ကုမ္ပဏီများ) ဖွဲ့စည်းပေးပြီး အခွန်အခလျှော့ပေးသက်သာစေသည့် မက်လုံးများပေးခြင်း၊ စီးပွားရေးစွမ်းဆောင်ရည်မြင့်တက်လာရန် သင်ကြားပေးခြင်း၊ အမျိုးသမီးဦးဆောင်သော စိုက်ပျိုးရေးလုပ်ငန်းများ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ပေးခြင်း၊

**သီးနှံအလိုက် အစုအဖွဲ့များ ပြန်လည်အားကောင်းလာစေခြင်း။** ။ သရက်၊ ဖရဲ၊ သခွားမွှေး၊ ငှက်ပျော၊ ထောပတ်၊ နာနတ် အစရှိသဖြင့် သီးနှံအစုအဖွဲ့များ အဖွဲ့ ၃၀ ကျော် ဖွဲ့စည်းထားသော်လည်း ပြန်လည်ဖွဲ့စည်းရန်လိုအပ်နေပြီး ၎င်းတို့ ရှင်သန်ရေးအတွက် စီးပွားရေးပုံစံ လည်ပတ်ရန် လိုအပ်နေပါသည်။ မူဝါဒများ၊ အမတော်ကြေးများ၊ အထောက်အပံ့များ လိုအပ်နေပါသည်။

**ကုန်သည်အဖွဲ့များ၊ ကုန်စည်ဒိုင်များ ပြန်လည်အားကောင်းစေခြင်း။** ။ မူဆယ်သစ်သီးဝလံ ကုန်စည်ဒိုင်ကဲ့သို့ သစ်သီးဝလံကုန်စည်ဒိုင်များ ပြန်လည်အားကောင်းလာပြီး သစ်သီးဝလံ ကုန်စည်ဒိုင်များ ပြန်လည်ချိတ်ဆက်ရန် လိုအပ်ပါသည်။ အောင်ပန်းကုန်စည်ဒိုင်၊ တောင်ငူကုန်စည်ဒိုင်၊ တာချီလိတ်ကုန်စည်ဒိုင် အစရှိသဖြင့် သစ်သီးဝလံကုန်စည်ဒိုင်များ အားကောင်းလာပြီး နေ့စဉ်ဈေးကွက်ပေါက်ဈေးများ အချိန်နှင့်တစ်ပြေးညီ ပြန်ကြားပေးမည့် Digital Information Clearinghouse စနစ်ထူထောင်၍ အငြင်းပွားမှုများကို ကောင်းစွာ ထိန်းသိမ်းကိုင်တွယ်ရန် လိုအပ်ပါသည်။

**ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုလျှော့ချခြင်း။** ။ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်သည် အလွယ်တကူပုပ်သိုးလွယ်သော ဆုံးရှုံးမှုများသည့် ကုန်စည်ဖြစ်သဖြင့် အခြောက်ခံခြင်း၊ အနှစ်တိုက်ခြင်း၊ အေးခဲခြင်း၊ အချဉ်တည်ခြင်း အစရှိသော Processing လုပ်ငန်းလေးမျိုးအနက် တစ်မျိုးမျိုးကို မဖြစ်မနေဆောင်ရွက်ကြရပါသည်။ အလွယ်တကူ ပုပ်သိုးလွယ်သော သစ်သီးဝလံများကို မိုဘိုင်းအခြောက်ခံရုံများ (Solar Dome Dryers)နှင့် အနှစ်ပြုပြင်ခြင်းများ ကျင့်သုံးခြင်း၊ နည်းပညာ၊ အသေးစားချေးငွေ သို့မဟုတ် Matching Grant အစီအစဉ်များ ဖန်တီးပေးခြင်းဖြင့် စိုက်ပျိုးမြေ ထပ်မံတိုးချဲ့စရာမလိုဘဲ အသားတင် ပို့ကုန်တန်ဖိုးကို မြှင့်တင်ခြင်း။

**မဏ္ဍိုင် (၄) – ဈေးကွက်သစ် ဖော်ဆောင်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု**

China-ASEAN Business Council (CABC) I Asia Fruit Logistica ကဲ့သို့သော နိုင်ငံတကာ စီးပွားရေး ပလက်ဖောင်းများနှင့် ချိတ်ဆက်၍ Myanmar Produce များကို စီးပွားရေးတွေ့ဆုံပွဲများ (Business Matchmaking) တွင် ပုံမှန်မိတ်ဆက်ခြင်း၊ Global Ethical Sourcing နှင့် ESG ဈေးကွက်များသို့ တိုက်ရိုက်ချိတ်ဆက်ပေးခြင်း။

**(၂၀၂၆ – ၂၀၃၀) ငါးနှစ်တာ မြန်မာ့သစ်သီးဝလံ ပို့ကုန်ဖွံ့ဖြိုးရေး လမ်းပြမြေပုံ**

| ခုနှစ် | အဆင့် (Phase) | အဓိကပန်းတိုင်နှင့် မဟာဗျူဟာမြောက် လုပ်ဆောင်ချက်များ |
|---|---|---|
| ၂၀၂၆ | **Phase 1: အစုအဖွဲ့များ ပြန်လည်အားကောင်းစေခြင်းနှင့် အခြေခံအဆောက်အအုံ/စံချိန်စံညွှန်း ညှိနှိုင်းရေး** | စိန်တလုံးသရက် ဧက ၃၀၀၀၀ စိုက်ပျိုးထုတ်လုပ်မှုဇုန်များတွင် GAP၊ Visual-guided Traceability စနစ်များ စတင်တည်ဆောက်ခြင်း၊ အမျိုးသားအဆင့်အမှတ်တံဆိပ်ပြုလုပ်ရန် ပြင်ဆင်ခြင်း၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်ရှိ ထောပတ်သီး စိုက်ပျိုးသူများအား Global GAP ထောက်ခံချက် ပိုမိုရရှိအောင် အဓိကပန်းတိုင်နှင့် မဟာဗျူဟာမြောက် လုပ်ဆောင်ချက်များ ကူညီပေးခြင်း၊ ထုပ်ပိုးရုံများအား GMP/HACCP လက်မှတ်ရရှိအောင် ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍ Public-Private Dialogue (PPD) Task Force ဖွဲ့စည်းကာ Digital Phytosanitary (SPS) စနစ်မြန်ဆန်စေရန် ပေါင်းစပ်ခြင်း၊ ထောပတ်သီးအား တရုတ် GACC နှင့် ထိုင်း SPS ရရှိရန် ဆောင်ရွက်ခြင်း |

စာမျက်နှာ ၁၇ သို့

# ဘုရားစေတီများ၊ ဘိုးဘွားရိပ်သာနှင့် အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အပါအဝင် မြို့နယ် လေးမြို့နယ်ရှိ ဘုရားစေတီများ၊ ဘိုးဘွားရိပ်သာနှင့် အခြေခံပညာကျောင်းများ၌ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ စာသင်ခုံများ နေရာချထားပေးခြင်းနှင့် ပြုပြင်ပေးခြင်းများကို စုပေါင်း ဆောင်ရွက်ကြသည်။



ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း နေပြည်တော်ရုံးခွဲ အလုပ်အမှုဆောင်ရွေးချယ်

**နေပြည်တော် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း နေပြည်တော်ရုံးခွဲ အလုပ်အမှုဆောင်ရွေးချယ်ပွဲ အခမ်းအနားကို ယနေ့နံနက်က နေပြည်တော် ဒက္ခိဏသီရိမြို့နယ် Max Hotel ၌ ကျင်းပရာ နေပြည်တော် အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေဝင်းနှင့် မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အသင်းဗဟိုဥက္ကဋ္ဌ ဦးနန္ဒကျော်တို့က အလုပ်အမှုဆောင် ရွေးချယ်ခြင်းနှင့် ပတ်သက်သည်များကို ပြောကြားသည်။



ထို့နောက် နေပြည်တော်ရုံးခွဲ တိုင်းအတွင်းရေးမှူးက ၂၀၂၂ ခုနှစ်မှ ၂၀၂၆ ခုနှစ် စက်တင်ဘာလအထိ စာရင်းရှင်းတမ်းများကို တင်ပြပြီး ၂၀၂၆ -၂၀၃၀ သက်တမ်းအတွက် အလုပ်အမှုဆောင် အသစ်ကို ရွေးချယ်တင်မြှောက်ရာ ရွေးချယ်ခံရသည့် ဥက္ကဋ္ဌအသစ်က ကျေးဇူးတင်စကားပြောကြားသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အလုပ်အမှုဆောင်အသစ်ရွေးချယ်ပွဲများ ကျင်းပပြီးပါက ဗဟိုအဆင့် ရွေးချယ်သွားမည် ဖြစ်ကြောင်း သိရသည်။ **ဟိန်းထက်ဇော်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

*စာမျက်နှာ ၁၆ မှ*

| | | |
|---|---|---|
| ၂၀၂၇ | **Phase 2: Multi-Route ပို့ကုန်လမ်းကြောင်းများ စတင်ကျင့်သုံးခြင်း** | နယ်စပ်လမ်းကြောင်းတစ်ခုတည်း မှီခိုမှုကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ချပြီး ရေကြောင်း/တိုက်ရိုက်လမ်းကြောင်းများ တိုးချဲ့ခြင်း၊ ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် စင်ကာပူ၊ မလေးရှား၊ အရှေ့အလယ်ပိုင်းနှင့် ဥရောပသို့ Direct Sea-Freight Cold-chain လမ်းကြောင်းများ စတင်ပြေးဆွဲတင်ပို့နိုင်ရန် MFVP အသင်းနှင့် MIFFA အသင်းတို့ စတင်ပူးပေါင်းဆောင်ရွက်ခြင်း၊ စိန်တလုံးသရက် မက်ထရစ်တန် ၅၀၀ ထက်မနည်းကို ရေကြောင်းလိုင်းများဖြင့် တိုက်ရိုက်တင်ပို့ခြင်း၊ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ (China GAP, ASEAN GAP, EU Standards) ကို ညှိနှိုင်းပေါင်းစပ်ခြင်း |
| ၂၀၂၈ | **Phase 3: ရိတ်သိမ်းချိန်လွန် နည်းပညာနှင့် တန်ဖိုးမြှင့် ကဏ္ဍ** | ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုကို ၄၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ လျှော့ချခြင်း၊ သစ်သီးဝလံဇုန်များတွင် မိုဘိုင်း အအေးခန်းစက်ရုံများ၊ Solar Dome အခြောက်ခံရုံများ တိုးချဲ့တည်ဆောက်ခြင်း၊ အဓိကပန်းတိုင်နှင့် မဟာဗျူဟာမြောက် လုပ်ဆောင်ချက်များနှင့် Processing လုပ်ငန်း (၄) မျိုးအတွက် Matching Grant/Micro-finance အစီအစဉ်များ ဖန်တီးပေးခြင်း၊ ဒေသထွက် သဘာဝထုတ်ကုန်များကို တန်ဖိုးမြှင့် ပြုပြင်ထားသော စားသောက်ကုန်များ၊ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် တင်ပို့နိုင်ရေးစက်ရုံများနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများကို ချိတ်ဆက်ပေးခြင်း၊ စွန့်ပစ်ပစ္စည်းမှ မှိုနှင့် သဘာဝမြေဩဇာထုတ်လုပ်ရေး တစ်တွဲတည်း ဆောင်ရွက်ခြင်း |
| ၂၀၂၉ | **Phase 4: ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်သစ် ထိုးဖောက်ရေး** | "Myanmar Produce / Proud Brand of Myanmar" အမှတ်တံဆိပ်ဗျူဟာ သေချာရေးဆွဲ၍ နိုင်ငံတကာစင်တင်ဈေးကွက်များသို့ ထိုးဖောက်ခြင်း၊ Asia Fruit Logistical ThaiFexi CABC Matching Event များတွင် မြန်မာ့သစ်သီးဝလံနှင့် တန်ဖိုးမြှင့် ထုတ်ကုန်များကို သီးသန့်ပြခန်းများ (National Pavilion) ဖြင့် ပြသခြင်း၊ ဒေသအခြေပြု စိုက်ပျိုးသူများ၊ တိုင်းရင်းသားများနှင့် အမျိုးသမီး ဦးဆောင်သော စိုက်ပျိုးရေးလုပ်ငန်းများကို Global Ethical Sourcing ဈေးကွက်များနှင့် ချိတ်ဆက်ပေးခြင်း |
| ၂၀၃၀ | **Phase 5: ရေရှည်တည်တံ့သော စိုက်ပျိုးရေးပို့ကုန်ဖြင့် အမျိုးသား GDP တိုးတက်စေခြင်း** | သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍမှ နိုင်ငံတော်ပို့ကုန်ဝင်ငွေကို လက်ရှိထက် ၂ ဆ မြှင့်တင်ခြင်း၊ မြန်မာ့သစ်သီးဝလံ ပို့ကုန်ကဏ္ဍတစ်ခုလုံးကို ရေကြောင်း၊ လေကြောင်း၊ နယ်စပ်လမ်းကြောင်း စသည့် ဘက်စုံအဓိကပန်းတိုင်နှင့် မဟာဗျူဟာမြောက်လုပ်ဆောင်ချက်များ မြှင့်တင်ထားသောစနစ်အဖြစ် အပြည့်အဝလည်ပတ်ခြင်း၊ ကျေးလက်တောင်သူများ၏ အိမ်ထောင်စုဝင်ငွေကို တိုက်ရိုက်မြှင့်တင်ပေးခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍမှ နိုင်ငံတော်၏ အသားတင်ထုတ်ကုန် (National Output Growth) တိုးတက်ရေးကို အပြည့်အဝအထောက်အကူပြုခြင်း |

**အစိုးရနှင့် အဖွဲ့အစည်းများသို့ မူဝါဒဆိုင်ရာ ဆွေးနွေးချက်များ (Policy Recommendations)**

**၁။ အအေးခန်းကုန်သွယ်ရေး အခြေခံအဆောက်အအုံ။** ။ ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများနှင့် အဓိကသီးနှံစုဆောင်းရာ စက်မှုဇုန်များတွင် အအေးခန်းကွန်တိန်နာ (Reefer Container) များနှင့် အအေးခန်းသိုလှောင်ရုံများ ပိုမိုအသုံးပြုနိုင်ရေး လျှပ်စစ်နှင့် အခြေခံအဆောက်အအုံထောက်ပံ့ပေးရန်၊

**၂။ GREEN CHANNEL – SPS နှင့် ပို့ကုန်ထောက်ခံချက်များ လျင်မြန်ရေး။** ။ သစ်သီးဝလံများသည် ပုပ်သိုးလွယ်/သက်တမ်းတိုသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ Phytosanitary/GAP ထောက်ခံချက်များကို ဒီဂျစ်တယ်စနစ်ဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အကောက်ခွန်ဌာနများနှင့် စနစ်တကျချိတ်ဆက်ပေးရန်၊ PPD Task Force ဖွဲ့စည်း၍ GACC/SPS လုပ်ငန်းစဉ်များ တစ်ရှိန်ထိုး အကောင်အထည်ဖော်ရန်၊

**၃။ GREEN CHANNEL စိုက်ပျိုးထုတ်လုပ်မှုလွန် စက်ပစ္စည်းတင်သွင်းမှု သက်သာခွင့်နှင့် ဘဏ္ဍာရေးမက်လုံး။** ။ မိုဘိုင်းအခြောက်ခံရုံ၊ အအေးခန်းစက်ပစ္စည်းများနှင့် ထုပ်ပိုးစက်ရုံသုံးကိရိယာများ (sorting Machine, color sorter) အလွယ်တကူ ရရှိနိုင်ရန် ကုန်သွယ်ရေးနှင့် အခွန်ဆိုင်ရာသက်သာခွင့်များ ထောက်ပံ့ပေးရန်၊ တောင်သူအစုအဖွဲ့ သမဝါယမများနှင့် ကုမ္ပဏီများအတွက် အခွန်သက်သာခွင့် မက်လုံးပေးခြင်းနှင့် Matching Grant ချေးငွေစနစ်များ ဖန်တီးပေးရန်၊

**၄။ GREEN CHANNEL_သယ်ယူပို့ဆောင်ရေး။** ။ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ သယ်ယူပို့ဆောင်ရာတွင် ဂိတ်များတွင် green channel ဖွင့်ထားပေးနိုင်ပါက ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုသက်သာစေနိုင်ပါမည်။

**နိဂုံး**

ဤစာတမ်းအား အချိန်တိုအတွင်း ပြုစုရသဖြင့် ပြည့်ပြည့်စုံစုံ သုံးသပ်ချိန်မရပါသောကြောင့် ထပ်မံအချိန်ယူ၍ (၂၀၂၆ – ၂၀၃၀) လမ်းပြမြေပုံအား အသေးစိတ် ဆက်လက်ရေးဆွဲရဦးမည် ဖြစ်ပါသည်။ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်ကဏ္ဍသည် နယ်စပ်လမ်းကြောင်း တစ်ခုတည်းအပေါ် မှီခိုသည့် အလေ့အထမှ ရေကြောင်းနှင့် တိုက်ရိုက်ပို့ကုန်လမ်းကြောင်းများသို့ ကူးပြောင်းကာ GAP၊ Traceability နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲဆောင်ရွက်ပါက နိုင်ငံတော်အတွက် နိုင်ငံဝင်ငွေ ပိုမိုရရှိစေမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFVP)အနေဖြင့် မိမိတို့၏ ညီနောင်အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူအစုအဖွဲ့များနှင့် အစိုးရဌာနများပူးပေါင်းကာ (၂၀၂၆-၂၀၃၀) လမ်းပြမြေပုံအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် “လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံထုတ်ကုန် တိုးတက်မှုသို့” ဦးတည်ရာတွင် ကဏ္ဍအလိုက် အဓိကမောင်းနှင်အားအဖြစ် ပါဝင်သွားမည်ဖြစ်ပါသည်။ ။

## ဒက္ခိဏသီရိမြို့နယ်ရှိ စက်မှုဇုန်များသို့ Naypyitaw Polytechnic Institute (NPI) ကျောင်းသား ကျောင်းသူများ လက်တွေ့ကွင်းဆင်းလေ့လာ



**နေပြည်တော် အောက်တိုဘာ ၁၀**
နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အသေးစားနှင့် အလတ်စား စက်မှုဇုန်အတွင်းရှိ စက်ရုံများသို့ Naypyitaw Polytechnic Institute (NPI) မှ ကျောင်းသား ကျောင်းသူများ၏ Industrial Training လက်တွေ့ကွင်းဆင်းလေ့လာခြင်း အစီအစဉ်ကို အောက်တိုဘာ ၅ ရက်မှ ၉ ရက်အထိ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းလေ့လာရာတွင် ဘာသာရပ်အလိုက် Level-4 သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား လိုအပ်သော လက်တွေ့ကျွမ်းကျင်မှုများ ရရှိနိုင်ရေးအတွက် NPI ကျောင်းမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၇ ဦးတို့သည် ဒက္ခိဏသီရိ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက စက်မှုဇုန်အတွင်းရှိ စက်ရုံများနှင့်လုပ်ငန်းကုမ္ပဏီများတွင် သွားရောက်၍ လက်တွေ့လုပ်ငန်းခွင် နည်းပညာများကို ကွင်းဆင်းလေ့လာခဲ့ကြသည်။

ထို့ပြင် ကျောင်းသား ကျောင်းသူများသည် ယမန်နေ့က စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး၌ ကွင်းဆင်းလေ့လာစဉ်ရရှိခဲ့သည့် လုပ်ငန်းခွင်ဆိုင်ရာ နည်းပညာရပ်များနှင့် အတွေ့အကြုံများကို ပြန်လည်မျှဝေ ဆွေးနွေးခဲ့ကြသည်။ **သျှင်ဦးမောင်(ဒက္ခိဏ)**

## ဘီးလင်းမြို့နယ်အတွင်းရှိ စာသင်ကျောင်းများအား စံကိုက်ကျောင်း စံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေးစစ်ဆေး

**ဘီးလင်း အောက်တိုဘာ ၁၀**
ဘီးလင်းမြို့နယ်အတွင်းရှိ စာသင်ကျောင်းများအား စံကိုက်ကျောင်း



များ၏ စံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေးအတွက် တာဝန်ရှိသူများက အောက်တိုဘာ ၈ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ကျိုက်ထိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများ၊ ကျောင်းကော်မတီများက ဘီးလင်းမြို့နယ်အတွင်းရှိ အထက(ကော့ကဒွတ်)ကျောင်း၊ အထက(ဇုတ်သုတ်)ကျောင်းနှင့် အမက(မြင်သာ)ကျောင်းများသို့ သွားရောက်၍ စံကိုက်ကျောင်းများ၏ စံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေးအတွက် ကျောင်းဆောင်သစ်၊ ဘက်စုံသုံးခန်းမ၊ ကျောင်းတွင်းအားကစားရုံ၊ ဝန်ထမ်းအိမ်ရာ၊ စုဝေးကွင်းနေရာ စသည့် လုပ်ငန်းဆောင်ရွက်မည့်နေရာများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ် ခလော့ကနိုင်းကျေးရွာရှိ Home Garden စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်း



**ချောင်းဆုံ အောက်တိုဘာ ၁၀**
မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကုလားတို့ကျေးရွာအုပ်စု ခလော့ကနိုင်းကျေးရွာ အကွက် (၁၁) ရှိ တောင်သူ ဦးဘထွန်း၏ Home Garden စိုက်ပျိုးမြေ ငါးဧကအတွင်း စနစ်တကျ စိုက်ပျိုးထားရှိသော ကန်စွန်းရွက်၊ ချဉ်ပေါင်၊ မုန်လာဥနှင့် သခွား စသည့် ဟင်းသီးဟင်းရွက် အသီးအနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဈေးကွက်အတွင်း အဆင်ပြေစွာ ရောင်းချနိုင်သဖြင့်ဈေးကောင်း ရရှိလျက်ရှိသည်။

ဒေသခံ တောင်သူများ၏ Home Garden စိုက်ခင်းများ ရေရှည်ဖွံ့ဖြိုး တိုးတက်စေရန်အတွက် မျိုးစေ့ရွေးချယ်ရေး၊ စိုက်ပျိုးရေးနည်းပညာများ၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ စနစ်တကျ အချိုးကျသုံးစွဲမှုနှင့် ဈေးကွက်သို့ လွယ်ကူစွာတင်ပို့ ရောင်းချနိုင်ရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည့်နည်းပညာစိုက်ပျိုးရေးဆိုင်ရာများ ဆောင်ရွက်ပေးခဲ့သည်။ **ကိုကျော်(ချောင်းဆုံ)**

## နွေစပါးရာသီတွင် ရေဆင်းပေါ်ဆန်းစပါးမျိုးများ တိုးချဲ့စိုက်ပျိုးရေးဆွေးနွေး



**ပန်းတောင်း အောက်တိုဘာ ၁၀**
ပန်းတောင်းမြို့နယ် သရက်လိန်ကျေးရွာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသင်းနှင့် စိုက်ပျိုးရေး ပညာရှင်ဝန်ထမ်းများသည် နွေစပါးစိုက်တောင်သူ ၁၈ ဦးနှင့် တွေ့ဆုံ၍ ရေဆင်းပေါ်ဆန်း(၁)နှင့် ရေဆင်းပေါ်ဆန်း(၂)စပါးမျိုးများ နွေစပါးရာသီတွင် တိုးချဲ့စိုက်ပျိုးနိုင်ရေးနည်းပညာပေး တွေ့ဆုံဆွေးနွေးပွဲဆောင်ရွက်သည်။

ဆွေးနွေးပွဲတွင် ပြည်ပဈေးကွက်ဝယ်လိုအားနှင့် ဈေးကောင်းရရှိနိုင်မှုအခြေအနေ၊ တစ်ဧကအထွက်နှုန်း ကောင်းမွန်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း ဟန်ချက်ညီညီ ဆောင်ရွက်ရမည့်အခြေအနေများနှင့် ရေဆင်းပေါ်ဆန်း စပါးမျိုးကောင်းမျိုးသန့်စပါးမျိုးများရရှိရေးအတွက် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးရာသီတွင် ရေဆင်းပေါ်ဆန်းစပါးမျိုးများ၊ မျိုးသန့်မျိုးပွား စိုက်ပျိုးထားသော တောင်သူများနှင့် မိတ်ဆက်ပေးခြင်းနှင့် ထွက်ရှိလာသော ရေဆင်းပေါ်ဆန်း(၁)နှင့် ရေဆင်းပေါ်ဆန်း(၂) စပါးမျိုးများ ဝယ်ယူစိုက်ပျိုးနိုင်ရေး တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **လပြည့်လင်း(ပြန်/ဆက်)**

## မြစ်ကြီးနားမြို့နယ် သမဝါယမအသင်းလီမိတက် အသင်းသားများ၏ မိုးစပါးစိုက်ကေ ပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းဆင်းစစ်ဆေး



**မြစ်ကြီးနား အောက်တိုဘာ ၁၀**
မြစ်ကြီးနားမြို့နယ် သမဝါယမ အသင်းလီမိတက် အသင်းသားများ၏ မိုးစပါးစိုက်ကေ ပန်းတိုင်အထွက်နှုန်းရရှိရေး ကချင်ပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်၊ တာဝန်ရှိသူများ၊ တောင်သူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်ကြီးနားမြို့ မော်ဖောင်းကျေးရွာရှိ ငါးအိုးစိုက်ပျိုးရေးနှင့် ပမ္မတီးရပ်ကွက် အနောက်မြောက်ကွင်းရှိ အသင်းသား ဦးချစ်ရွှေ၏ လယ် ၂၁ ဧကနှင့် တူးရိန်ကွင်းရှိ အသင်းသား တောင်သူများ၏ မိုးစပါး ၁၉၆ ဧက စိုက်ပျိုးထားမှုနှင့် အောင်နိုင်တိုး မျိုးစပါး အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် တောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## တောင်ကြီး၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်း

**တောင်ကြီး အောက်တိုဘာ ၁၀**
တောင်ကြီးမြို့နယ် အေးသာယာမြို့တွင် ကုန်သွယ်လုပ်ငန်းခွန်နှင့် ပတ်သက်သောပြေစာများပေါ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ အခွန်အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၉ ရက်က အေးသာယာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဆွေသက်က ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် အေးသာယာမြို့ရပ်ကွက်များရှိ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ရွှေဆိုင်လုပ်ငန်းရှင်များနှင့် မိုတယ်/တည်းခိုခန်းလုပ်ငန်းရှင်များက သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ဖြေကြားရှင်းလင်းခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၌ အားကစားဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် အောက်တိုဘာ ၁၀**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော အားကစားဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ယမန်နေ့က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ရီက လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးဒေါ်သန်းသန်းနွယ်က လူငယ်နှင့်အားကစားအကြောင်း အသိပညာပေးဟောပြောသည်။ ဆက်လက်၍ မြို့နယ်အားကစားမှူးဒေါ်သန်းသန်းနွယ်က အားကစားပစ္စည်းများအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်ထံသို့ ပေးအပ်သည်။ **မြို့နယ်(ပြန်/ဆက်)**



ကျောက်တံခါးမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်ဟိန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသခြင်းကို အောက်တိုဘာ ၉ ရက်က ဈေးပိုင်းရပ်ကွက် မြို့မစည်ပင်သာယာဈေး၌ ဆောင်ရွက်စဉ်။
မျိုးမင်း(ပြန်/ဆက်)

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့်**
**မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

## မင်းဘူးမြို့နယ်၌ မြို့နယ်အဆင့် စီမံကိန်းသုံးသပ်ဆွေးနွေး

**မင်းဘူး အောက်တိုဘာ ၁၀**

မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်သူအားလုံးပါဝင်သော မြို့နယ်အဆင့် စီမံကိန်း သုံးသပ်ဆွေးနွေးပွဲကို အောက်တိုဘာ ၇ ရက်က မင်းဘူးမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းဟို၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းမြင့်နှင့် တာဝန်ရှိသူများက မြို့နယ်အဆင့် စီမံကိန်းသုံးသပ်ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းတစ်ခုချင်းအလိုက် သုံးသပ်ဆွေးနွေးရမည့် အချက်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းများနှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးသုံးသပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြပြီး တာဝန်ရှိသူများက ပြန်လည်စိစစ် သုံးသပ်ခဲ့ကြောင်း သိရသည်။ **အထွေး**

## သရက်မြို့နယ်၌ မြို့နယ်အဆင့် စီမံကိန်းသုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**သရက် အောက်တိုဘာ ၁၀**

သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း၊ ခေတ်မီစံပြကျေးရွာထူထောင်ရေး



စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ မြို့နယ်အဆင့် စီမံကိန်းသုံးသပ်ဆွေးနွေးပွဲကို အောက်တိုဘာ ၇ ရက်က အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းက စီမံကိန်းသုံးသပ်ဆွေးနွေးပွဲ ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စီမံကိန်းလည်ပတ်မှု အခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲ၊ အားနည်းချက်၊ အားသာချက်များနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြပြီး မြို့နယ်စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေး ကော်မတီဝင်များက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်စိစစ် သုံးသပ်ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စီမံကိန်းကျေးရွာ ၂၀ မှ ကော်မတီဝင် ၅၈ ဦး တက်ရောက်ခဲ့သည်။ **ဆက်လူ**

## ညောင်တုန်းမြို့နယ်၌ ခွေးရူးရောဂါကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် ကာကွယ်ဆေး အခမဲ့ထိုးနှံ

**ညောင်တုန်း အောက်တိုဘာ ၁၀**

ညောင်တုန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ခွေးရူးရောဂါကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် ကာကွယ်ဆေး အခမဲ့ထိုးနှံခြင်းကို အောက်တိုဘာ ၇ ရက်က အုန်းပင်စုကျေးရွာရှိ ဘက်စုံသုံးခန်းမ၌ ပြုလုပ်ရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစိန်ဝင်းက ခွေးရူးရောဂါကြိုတင်ကာကွယ်ရေး သိကောင်းစရာများ၊ ခွေးရူးရောဂါကူးစက်နိုင်သည့်နည်းလမ်းများ၊ သတိထားလိုက်နာရမည့်အချက်များကို အသိပညာပေးဟောပြောပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျေးရွာအုပ်စု ကျန်းမာရေးဆရာမ ဒေါ်ဇင်မာသင်းက ခွေးရူးပြန်ရောဂါ ကူးစက်နိုင်သည့်နည်းလမ်းများ၊ ခွေးရူးပြန်ရောဂါလက္ခဏာများ၊



သတိထားလိုက်နာရမည့်အချက်များကို အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက စက္ကော့တောင်ကျေးရွာအုပ်စုမှ ကျေးရွာလေးရွာရှိ အိမ်မွေးခွေး၊ ကြောင်အကောင် ၃၀၀ ကို ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## သနပ်ပင်မြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်



**သနပ်ပင် အောက်တိုဘာ ၁၀**

သနပ်ပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းဆိုင်ရာ စာရင်းကောက်သင်တန်းကို အောက်တိုဘာ ၈ ရက်က ဖွင့်လှစ်ရာ မြို့နယ်တိရစ္ဆာန်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသန်းနှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအေးအေးအောင်တို့ တက်ရောက်၍ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းစဉ် များကို ရှင်းလင်းဆွေးနွေးကာ သင်တန်းသား သင်တန်းသူ ၁၃၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ညီပြာ(ပြန်/ဆက်)**

## မတ္တရာမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူနိုင်ရေး ဆင့်ပွားသင်တန်းဖွင့်

**မတ္တရာ အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူနိုင်ရေးဆိုင်ရာ ဆင့်ပွားသင်တန်းကို အောက်တိုဘာ ၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြတ်သူနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ သန်းထွန်းဦးတို့က စာရင်းကောက်ယူမည့် ဌာနဆိုင်ရာဝန်ထမ်းများအား တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းမေးခွန်းလွှာများကို ဆွေးနွေးပို့ချသည်။



မတ္တရာမြို့နယ်တွင် ရပ်ကွက်တစ်ခုနှင့် ကျေးရွာအုပ်စု ကိုးအုပ်စုတို့တွင် ဒီဇင်ဘာ ၁ ရက်မှ ၄ ရက်အထိ တိရစ္ဆာန်ကောင်ရေစာရင်းများကို ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **ရွှေရာသား**



## ဓနုဖြူမြို့နယ်၌ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးနှင့် မီးဘေးလုံခြုံရေး ကြည့်ရှုစစ်ဆေး

**ဓနုဖြူ အောက်တိုဘာ ၁၀**

ဓနုဖြူမြို့နယ်အတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် မီးဘေးလုံခြုံရေးအတွက် အောက်တိုဘာ ၇ ရက်က ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ အမှတ်(၅)ရပ်ကွက်ရှိ မြို့မဈေး၊ အမှတ်(၁၀)ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံနှင့် အမှတ်(၁၀)ရပ်ကွက်ရှိ ကျိုက္ကလွန်ပွန်းစေတီတော်မြတ်ကြီးတို့အတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် မီးဘေးလုံခြုံရေးတို့အတွက် လိုက်လံကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



ဒိုက်ဦးမြို့နယ်၌ စားအုန်းဆီ လက်လီ လက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိသော အရောင်းဆိုင်များကို အောက်တိုဘာ ၈ ရက်က မြို့နယ်စားအုန်းဆီ ဖြန့်ဖြူးရောင်းချမှုကြီးကြပ်ရေးအဖွဲ့က သတ်မှတ်ရည်ညွှန်းဈေးနှုန်းအတိုင်း ဖြန့်ဖြူးရောင်းချခြင်း ရှိ၊ မရှိ၊ ဆီစာအုပ်များဖြင့် စနစ်တကျထုတ်ပေးခြင်းနှင့် မှန်ခြောက်မှန်နှင့်အညီ ပြည်သူများအား ရောင်းချပေးခြင်း ရှိ၊ မရှိတို့ကို ကွင်းဆင်းစစ်ဆေးစဉ်။ **စိုးထက်ကျော်(ပြန်/ဆက်)**



မော်လမြိုင်ကျွန်းမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ် ကြိုတင်ကာကွယ်ရန် ရေလှောင်ကန်များ ရှင်းလင်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ရာ တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။ **ရဲကိုမောင်(ပြန်/ဆက်)**



ကျုံပျော်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငဝန်မြစ်ရေဝင်ရောက်မှုများကြောင့် ရေဘေးသင့်ခဲ့သည့် ကျေးရွာများ သောက်ရေ၊ သုံးရေ အဆင်ပြေစေရေးအတွက် အောက်တိုဘာ ၅ ရက်က ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဋ္ဌေးနှင့် တာဝန်ရှိသူများက ငါးပြေမရိုးကျေးရွာ၌ တွင်းဆေးလေမှုတ်ခြင်း၊ ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ **သန်းလွင်(မကွေး)**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ကျိုင်းတုံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**ကျိုင်းတုံ အောက်တိုဘာ ၁၀**

ကျိုင်းတုံမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ME STYLE SPORT (အားကစားအကျီ အရောင်းဆိုင်)တို့ ပူးပေါင်း၍ ရပ်ကွက်၊ ကျေးရွာနှင့် ကလပ်ပေါင်းစုံ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက် (၂၂)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို အောက်တိုဘာ ၈ ရက်က



မြို့မအားကစားကွင်း၌ ကျင်းပရာ အဖွင့်ပွဲစဉ်အဖြစ် Young Stars အသင်းနှင့် Sein United အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Young Stars အသင်းက Sein United အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပြိုင်ပွဲတွင် ကျိုင်းတုံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနှင့် ကလပ်ပေါင်းစုံများမှ စုစုပေါင်း အသင်း ၁၇ သင်း ပါဝင်ယှဉ်ပြိုင်ကစားကြပြီး အောက်တိုဘာ ၈ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## လေးမျက်နှာမြို့နယ် ကွမ်းခြံကုန်းကျေးရွာ၌ သောက်သုံးရေ ရရှိရေး ဆောင်ရွက်

**လေးမျက်နှာ အောက်တိုဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ရေကြီးရေလျှံမှုများဖြစ်ပွားပြီး ရေပြန်လည်ကျဆင်းသွားသည့် ကျေးရွာများမှ ဒေသခံပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်ကာ သန့်ရှင်းသော သောက်သုံးရေ ရရှိနိုင်ရန် အောက်တိုဘာ ၅ ရက်က သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး၊ ဟင်္သာတခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကွမ်းခြံကုန်းကျေးရွာသို့ ကွင်းဆင်းစစ်ဆေး၍တွင်းနက်



စက်ရေတွင်းများကို တွင်းဆေးတွင်းမှုတ်ခြင်းနှင့် ကလိုရင်းခတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ကျေး/လက်)**

## မုဒုံမြို့၌ လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့်မှတ်တမ်းရေးသွင်းနည်း သင်တန်းဖွင့်

**မုဒုံ အောက်တိုဘာ ၁၀**

မုဒုံမြို့နယ်တွင် ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်သည့် မှတ်တမ်းရေးသွင်းနည်း သင်တန်း (၁/၂၀၂၆)ကို အောက်တိုဘာ ၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ရာ မြို့နယ်လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းက



လူကုန်ကူးခံရသူများနှင့် တွေ့ဆုံမေးမြန်းပြီး ဖြည့်သွင်းရမည့် အချက်အလက်များကို စနစ်တကျ ကောက်ယူဖြည့်သွင်းရန် အရေးကြီးကြောင်းနှင့် ဆွေးနွေးပို့ချလိုက်သည့် ဘာသာရပ်များကို နားလည်သဘောပေါက်ပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ အသုံးချရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် နည်းပြများက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေသင်ခန်းစာများကို သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား ၃၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**

## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မအူပင်တက္ကသိုလ်၌ အာစရိယပူဇော်



**မအူပင် အောက်တိုဘာ ၁၀**

မအူပင်မြို့ မအူပင်တက္ကသိုလ် ပင်မဆောင်ခန်းမ၌ အငြိမ်းစားဆရာကြီး ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၈ ရက်က ကျင်းပရာ မအူပင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနီနီဦး၊ ဒုတိယပါမောက္ခချုပ်များနှင့် ကန်တော့ခံ အငြိမ်းစားဆရာကြီး ဆရာမကြီးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ကြပြီး မအူပင်တက္ကသိုလ် ပါမောက္ခချုပ်က ဂါရဝပြုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ ဆရာ ဆရာမများက မြတ်ဆရာသီချင်းဖြင့် ဆီမီးထွန်းညှိပူဇော်ကန်တော့ခြင်းနှင့် ကန်တော့ခံဆရာကြီး ဆရာမကြီးများအား ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## ရေဦးမြို့၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြော

**ရေဦး အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ မကျီးတောကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ အောက်တိုဘာ ၆ ရက်က အယ်လ်နီညိုဖြစ်စဉ်အကြောင်း သိကောင်းစရာနှင့် ကြိုတင်ကာကွယ်ဆောင်ရွက်ထားရှိရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်ရာ ဒေသခံပြည်သူ ၁၅၀ ခန့် တက်ရောက်ခဲ့သည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ



ဦးမင်းသူရက စိုက်ပျိုးမွေးမြူရေးကဏ္ဍများအတွက် ရေရရှိရေး ကြိုတင် ဆောင်ရွက်ထားရမည့် နည်းလမ်းများအပါအဝင် အပူဒဏ်ကာကွယ်ရေးအတွက် အပူရှောင်စခန်းများ ဖွင့်လှစ်ထားရှိရေး ကြိုတင်ပြင်ဆင်မှုများကို ခရိုင်၊ မြို့နယ် သက်ဆိုင်ရာဌာနများနှင့်အတူ ဒေသခံပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်စေလိုကြောင်းအသိပညာပေးဟောပြောပြီး ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများက ဒေသဖွံ့ဖြိုးရေး၊ နယ်မြေတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးအလေးထားဆောင်ရွက်ပေးနေမှုများ၊ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်များ၊ Smart Card ဆောင်ရွက်ပေးနေမှုအခြေအနေများကိုအသိပညာပေးဟောပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**



လွိုင်လင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ပင်လုံ-မက္ကန်းကျေးရွာလမ်း၊ လဲလျားလမ်းခွဲမှကျူယုံးကျေးရွာလမ်းနှင့် လွိုင်လင် - လွိုင်မုံမိုင်းကျေးရွာ ကျောက်ရိုးစီ ကွန်ကရစ်တံတား ဆောင်ရွက်နေမှုကို အောက်တိုဘာ ၇ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးစဉ်။ လွိုင်လင်မိုး



မော်လမြိုင်ကျွန်းမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်တက်မှုနှင့် မီးဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်တိုဘာ ၈ ရက်က ဌာနဆိုင်ရာများနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးဇော်နှင့် တပ်ဖွဲ့ဝင်များက မြို့မဈေးနှင့် အောင်သာယာဈေးတို့တွင် မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်စဉ်။ ရဲကိုမောင်(ပြန်/ဆက်)



ဇလွန်မြို့နယ်ရှိ ဇလွန်မြို့မဈေးသစ်၌ အောက်တိုဘာ ၇ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်သူနှင့် ဌာနဆိုင်ရာများ မြေအောက်ရေကန်၊ ရေစင်၊ ရေငုတ်များ ကောင်းမွန်ခြင်းရှိ မရှိနှင့် ဈေးဆိုင်ခန်းများ မီးဘေးလုံခြုံရေး စစ်ဆေးပြီး မီးငြိမ်းသတ်မှုတို့ကို ဈေးသူ ဈေးသားများအား လက်တွေ့သရုပ်ပြသစဉ်။ ဝေယံ(ပြန်/ဆက်)



မြင်းခြံမြို့၌ အောက်တိုဘာ ၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်ကားဖြင့် မီးသတ်ရေသိုလှောင်ကန်များကို ရေဖြည့်တင်းခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။ ချစ်ဦးနွေ(မြင်းခြံ)



အမရပူရမြို့နယ်၌ အောက်တိုဘာ ၈ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မျိုးထက်နှင့်တပ်ဖွဲ့ဝင်များ မြို့နယ်အတွင်းရှိ မီးသတ်ရေငုတ် ၁၈ ခုကို ရေထွက်အား ကောင်းမွန်စေရေး ဆောင်ရွက်စဉ်။ လွဲ့လွဲ့ခိုင်

## ငပုတောမြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေး အသိပညာပေး

**ငပုတော အောက်တိုဘာ ၁၀**

ငပုတောမြို့နယ် အုန်းပင်စုကျေးရွာ၌ မိုးစပါးသီးနှံ ပန်းတိုင်အထွက်နှုန်း ရရှိရေးနှင့် ဆီထွက်သီးနှံများ လျာထားဧကအတိုင်း ပြည့်မီစွာစိုက်ပျိုး



နိုင်ရေးအတွက် နည်းပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၈ ရက်က အုန်းပင်စုကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးနိုင်မော်လွင်က မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက်လိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးရေးနည်းစနစ်များ၊ မျိုးကောင်း မျိုးသန့် ရွေးချယ်စိုက်ပျိုးရေးနှင့် မြေဩဇာ စနစ်တကျသုံးစွဲရေးနည်းလမ်းများကို ရှင်းလင်းဆွေးနွေးပြီး တာဝန်ရှိသူများက စိုက်ပျိုးနည်းစနစ်ဆိုင်ရာ နည်းပညာများပေးခြင်း၊ စပါးစိုက်ခင်းများတွင် ကျရောက်လျက်ရှိသော နှံစုပ်ပိုးအန္တရာယ်မှ ကာကွယ်ရန်အတွက် ကာကွယ်နှိမ်နင်းရေးနည်းလမ်းများကို အသိပညာပေးခဲ့ကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**

## တောင်ငူမြို့နယ်၌ အပူဒဏ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**တောင်ငူ အောက်တိုဘာ ၁၀**

တောင်ငူမြို့နယ်အတွင်း အပူရှောင်စခန်းများ ဖွင့်လှစ်ထားရှိရေးနှင့် သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သည့် ဆွေးနွေးပွဲကို အောက်တိုဘာ ၈ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌရုံးခန်း၌ ကျင်းပရာ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်နှင့် တက်ရောက်လာသည့် အဖွဲ့ဝင်များက အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာမည့် အပူဒဏ်အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် အပူရှောင်စခန်းများ စနစ်တကျဖွင့်လှစ်ပေးရေး၊ ဆန်ရိက္ခာနှင့် သောက်သုံးရေမပြတ်လပ်စေရန် ကြိုတင်စီစဉ်ရေး၊ ရေသန့်စက်များ၊ ရေလှောင်ကန်များ၊ ဆည်ရေ၊ မြစ်ရေနှင့် ရေတွင်း၊ ရေကန်များတွင် ရေလုံလောက်စွာ သိုလှောင်ထိန်းသိမ်းရေး စသည့်လုပ်ငန်းစဉ်များကို တင်ပြ ဆွေးနွေးကြသည်။



ထို့နောက် နေပူကုန်းကျေးရွာ၊ ကန်ကြီးကျေးရွာ၊ မြောက်ရေကြည်ကျေးရွာနှင့် ကျွန်းကုန်းကျေးရွာတို့ရှိ ဆိုလာစနစ်နှင့် လျှပ်စစ်စနစ်သုံး ရေတွင်း၊ ရေကန်များ တူးဖော်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

## အမရပူရမြို့နယ်၌ မိုးနှင့် ဆောင်းသီးနှံအထွက်နှုန်းမြင့်မားရေး ဆောင်ရွက်

**အမရပူရ အောက်တိုဘာ ၁၀**

အမရပူရမြို့နယ်တွင် မိုးစပါးနှင့် မိုးသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် သွင်းအားစုများ



ထောက်ပံ့ပေးအပ်ပွဲကို ဆောက်တောဝကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၇ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းသန့်ဇင်မျိုးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးလှိုင်တို့က မိုးစပါးပန်းတိုင်ရရှိရေးနှင့် ပတ်သက်သော နည်းပညာများ အသိပညာပေးပြောကြားပြီး သွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဆောက်တောဝကျေးရွာအုပ်စု တောင်သူဦးကျော်ဝင်း စိုက်ခင်းတွင် မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာကြဲပက်ပွဲကျင်းပပြီး မင်းရွာကျေးရွာ နေကြာစိုက်ပျိုးမည့် တောင်သူများအား နေကြာမျိုး၊ ပိုက်ဆံလျှော်မျိုးစေ့၊ ဓာတ်မြေဩဇာ၊ သဘာဝဓာတ်မြေဩဇာသွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**လှဲ့လှဲ့ခိုင်**

## ပခုက္ကူမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**ပခုက္ကူ အောက်တိုဘာ ၁၀**

ပခုက္ကူမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပရာ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးညွန့်ဦးက မော်တော်ယာဉ်ဥပဒေနည်းဥပဒေများ၊ ၂၀၂၂ ခုနှစ် မော်တော်ယာဉ် စီမံခန့်ခွဲမှုနည်းဥပဒေများ၊ စစ်ဆေးမှူး(၃) ဦးဌေးဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများကို အသိပညာပေးဟောပြောကြသည်။

**ဘာမီသာ(ပခုက္ကူ)**





## ကျောက်တန်းမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေး

**ကျောက်တန်း အောက်တိုဘာ ၁၀**

ကျောက်တန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သီးထပ်စိုက်ပျိုးသည့် တောင်သူများအတွက် ၂၀၂၄ ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးပွဲကို အောက်တိုဘာ ၈ ရက်က အဆိုပါဘဏ်၌ ကျင်းပရာ ကျောက်တန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးတင်မောင်သိန်းနှင့် တာဝန်ရှိသူများက ပန်းချောင်းကျေးရွာအုပ်စုမှ တောင်သူ ၅၁ ဦးတို့၏ ပဲစိုက်ဧက ၄၀၁ ဧကအတွက် တစ်ဧကလျှင် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၂၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၀၀၂၅၀၀၀၀ ကို တောင်သူများထံ ပေးအပ်ခဲ့သည်။

**သန့်ဇင်ထွန်း**

## ဘီးလင်းမြို့ အထက(ကင်းရွာ)ကျောင်း၌ အသိပညာပေး ဟောပြော

**ဘီးလင်း အောက်တိုဘာ ၁၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် အထက(ကင်းရွာ) ကျောင်း၌ ယမန်နေ့က အသိပညာပေးဟောပြောပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သူဇာနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်လင်းဦးတို့က အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်သော မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်နှင့်စာပေဖတ်ရှုခြင်းအကြောင်းကိုလည်းကောင်း ဟောပြောခဲ့သည်။

ထို့နောက် မီးသတ်ဦးစီးဌာနက မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်နည်း ပြသခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**





မအူပင်မြို့၌ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သက်ခိုင်နှင့် ဌာနဆိုင်ရာများပူးပေါင်း၍ အောက်တိုဘာ ၈ ရက်က အပူဒဏ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။ အောင်မြင့်မြတ်(ပြန်/ဆက်)



ကျိုက်လတ်မြို့နယ်တွင် အပူဒဏ်ကြောင့် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်စေရန် အောက်တိုဘာ ၉ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်လျှပ်စစ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဌာနဆိုင်ရာရုံးများသို့ ကွင်းဆင်းစစ်ဆေးစဉ်။ လှိုင်မင်းအောင်(ပြန်/ဆက်)



မော်လမြိုင်ကျွန်းမြို့နယ်၌ စားသုံးဆီများကို သတ်မှတ်ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရေးအတွက် အောက်တိုဘာ ၈ ရက်က နယ်မြေခံတပ်ရင်းရှိ မိသားစုဝင်များအား အိမ်ထောင်စုတစ်စုလျှင် တစ်ပိဿာ ၅၀ ကျပ်သားနှုန်း ရောင်းချပေးစဉ်။ ရဲကိုမောင်(ပြန်/ဆက်)



မလှိုင်မြို့နယ်၌ အောက်တိုဘာ ၈ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့် ဌာနဆိုင်ရာများ အပူဒဏ် အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



ဝမ်းတွင်းမြို့နယ်၌ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို အောက်တိုဘာ ၈ ရက်က ဝမ်းတွင်းဈေး၌ ဆောင်ရွက်စဉ်။ သိန်းမြင့်ကျော်(မိတ္ထီလာ)

## လှိုင်ကော်မြို့၌ သီလရှင်များအား ဝတ်စုံ၊ ဝတ္ထုငွေ၊ ဆွမ်းဆန်တော်နှင့် ဆီများလှူဒါန်း

**လှိုင်ကော် အောက်တိုဘာ ၁၀**

ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ သီလရှင်များအား ဝတ်စုံ၊ ဝတ္ထုငွေ၊ ဆွမ်းဆန်တော်နှင့် ဆီများ လှူဒါန်းခြင်းအခမ်းအနားကို အောက်တိုဘာ ၈ ရက်က လှိုင်ကော်မြို့ သာသနာ့ဗိမာန်၌ ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဘောက်နမ်၊ အဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက လှိုင်ကော်မြို့ရှိ သီလရှင်စာသင်တိုက်များမှ သီလရှင်ဆရာကြီး၊ ဆရာလေး ၁၃၇ ပါးအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုပြီး သီလရှင်ဆရာကြီး ဆရာလေးများအား ဝတ်စုံ၊ ဝတ္ထုငွေ၊ ဆွမ်းဆန်တော်နှင့် ဆီများကို ဆက်ကပ်လှူဒါန်းကြသည်။

ပြည်နယ်(ပြန်/ဆက်)



## သရက်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်

**သရက် အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာငါးရွာမှ ကော်မတီဝင်များထံ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၇ ရက်က အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူး၊ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဆောင်ရွက်မည့် ရွာတန်းရှည်ကျေးရွာ၊ သီးကုန်းကျေးရွာ၊ စခန်းကြီးကျေးရွာ၊ ဖျောက်ဆိပ်ခုံကျေးရွာနှင့် ထန်းရုံကျေးရွာတို့မှ ကျေးရွာကော်မတီဝင်များထံ ရန်ပုံငွေကျပ်သိန်း ၁၅၀၀စီကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လူ



## အစုအဖွဲ့ဖြင့်ဆောင်ရွက်သည့် နို့စားနွားမွေးမြူရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၀**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်သည် အောက်တိုဘာ ၈ ရက်က တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကြည်စောနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သန်လျင်မြို့နယ် ဘော့သပြေကန်ကျေးရွာတွင် သမဝါယမစနစ်ကို မဏ္ဍိုင်ပြု၍ အစုအဖွဲ့ဖြင့် ဆောင်ရွက်သော နို့စားနွားမွေးမြူရေးလုပ်ငန်းသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ မွေးမြူရေးတောင်သူများ၏ တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ညွှန်ကြားရေးမှူးချုပ်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်တိုးတက်စေရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

## ပုသိမ်ကြီးမြို့နယ်၌ ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်

**ပုသိမ်ကြီး အောက်တိုဘာ ၁၀**

ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ပုသိမ်ကြီးမြို့နယ် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပုသိမ်ကြီး မြို့မအစမှ ဇီးချိုကုန်း-ညောင်ပင်သာ၊ ဆင်ရွာကြီး ကျေးရွာချင်းဆက်လမ်း (၀/၅)မိုင် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာ ၉ ရက်က တိုင်းဒေသကြီး ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် ခရိုင်၊ မြို့နယ်တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး ညွှန်ကြားရေးမှူးက လမ်းအရည်အသွေးပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးနိုင်ရေး ပြောကြားသည်။ ထိုသို့ ဆောင်ရွက်ပြီးပါက ကျေးရွာ ခုနစ်ရွာ၊ အိမ်ခြေ ၂၅၉၄၁ အိမ်၊ လူဦးရေ ၁၁၂၀၁ ဦးအား အကျိုးပြုမည် ဖြစ်သည်။

ရွှေရန်ကင်း





## ကျိုက်ထိုမြို့၌ လူငယ်ရေးရာအသိပညာပေး ဟောပြော

**ကျိုက်ထို အောက်တိုဘာ ၁၀**

ကျိုက်ထိုမြို့နယ်တွင် အောက်တိုဘာ ၉ ရက်က လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဇေယျာမွန်ရပ်ကွက်ရှိ အထက(ခွဲ) ဇေယျာမွန်ကျောင်း၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က ကျောင်းသား ကျောင်းသူများအနေဖြင့် အားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုကြရေး၊ ကျောင်းစာကို ကြိုးစားကြသကဲ့သို့ ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဆွေးနွေးပြောကြားပြီး စွမ်းရည်ပြိုင်ပွဲများပြုလုပ်ကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာကြသည်။ ပြည့်ဖြိုး(ပြန်/ဆက်)

## လပွတ္တာမြို့နယ်၌ ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံပေး

**လပွတ္တာ အောက်တိုဘာ ၁၀**

လပွတ္တာမြို့နယ်တွင် ခွေးရူးကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ခွေးရူးရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အတွင်းရေဆိုင်ကျေးရွာ၌ ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးမှူးများနှင့် ဝန်ထမ်းများက ခွေးရူးပြန်ရောဂါ ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ ကာကွယ်ဆေးထိုးနှံခြင်း၏ အရေးပါပုံများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက ခွေးနှင့် ကြောင်ကောင်ရေ ၂၃၇ ကောင်ကို ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။ ခရိုင်(ပြန်/ဆက်)





ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညောင်လေးပင်ခရိုင် ဦးစီးမှူးက ဒိုက်ဦးမြို့နယ် ဦးဒေါင်းစုကျေးရွာ မြကန်သာလမ်း ဂဝံခင်းခြင်းလုပ်ငန်းပြီးစီးမှုကို အောက်တိုဘာ ၉ ရက်က ကြည့်ရှုစစ်ဆေးစဉ်။ စိုးထက်ကျော်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်းရှိ ဈေး၊ အရောင်းဆိုင်များအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အောက်တိုဘာ ၉ ရက်က မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂)ရပ်ကွက်၌ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်စဉ်။ မင်းသိန်းထွန်း



မြစ်သားမြို့နယ်တွင် ကြိုတင်ကာကွယ်အပူဒဏ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဌာနဆိုင်ရာများ ပူးပေါင်း၍ အောက်တိုဘာ ၉ ရက်က မြို့အဝင်ဆိုင်းဘုတ်အနီး ဆောင်ရွက်စဉ်။

ဝါဝါမြင့်(မြစ်သား)



ဝါးခယ်မမြို့နယ်၌ အောက်တိုဘာ ၉ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် ဌာနဆိုင်ရာများ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မီးဘေးကာကွယ်ရေးအတွက် မြို့မဈေးကြီးအတွင်း မီးဘေးကာကွယ်ရေး လက်တွေ့သရုပ်ပြခြင်း၊ လျှပ်စစ်မီးကြိုးများ ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် အပူဒဏ်ကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်စဉ်။ ရီရီလွင်(ပြန်/ဆက်)



တောင်ငူမြို့ မြို့မဈေးကြီး၌ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးရုံး၊ မြို့ပေါ် ပရဟိတအသင်းအဖွဲ့များနှင့် ဈေးသူဈေးသားများ ပူးပေါင်း၍ အောက်တိုဘာ ၉ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်မှု ဆောင်ရွက်စဉ်။ ဇော်ကိုကို(တောင်ငူ)

## ချောင်းဆုံမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲ ကျင်းပ

**ချောင်းဆုံ အောက်တိုဘာ ၁၀**
မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် (၂၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက ချောင်းဆုံ (အထက)ကျောင်း သီရိရတနာခန်းမ၌ ကျင်းပရာ အခမ်းအနားကို



ဆရာ ဆရာမများက တို့ဆရာသီချင်းဖြင့် သီဆိုဖွင့်လှစ်ကြပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဖြူပြာသက်က မြတ်ဆရာပူဇော်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမင်းမြင့်မောင်လေး၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမျိုးမင်းလှိုင်နှင့် တာဝန်ရှိသူများက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသည့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့် ပရဟိတလုပ်ငန်းဆောင်ရွက်သူ တစ်ဦးတို့အား ဂုဏ်ပြုလွှာနှင့် ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာသူများက ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ပြီး အပူဇော်ခံဆရာကြီး ဆရာမကြီးများအား ဂါရဝလက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**



မော်လမြိုင်ကျွန်းမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ် ကြိုတင်ပြင်ဆင်ရေး မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးဇော်နှင့် ဌာနဆိုင်ရာများပူးပေါင်း၍ အောက်တိုဘာ ၁၀ ရက်က စက်သုံးဆီဆိုင်များနှင့် အိမ်သုံးဓာတ်ငွေ့ဆိုင်များကို မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် ကြည့်ရှုစစ်ဆေးစဉ်။ ရဲကိုမောင်(ပြန်/ ဆက်)

## လပွတ္တာမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**လပွတ္တာ အောက်တိုဘာ ၁၀**
လပွတ္တာမြို့နယ် ရေဆိုင်ကျေးရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ယမန်နေ့က သီတာရုံဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ တက်ရောက်လာကြသော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်ကျေးလက်လမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ၂၀၁၆-၂၀၁၇ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်တွင် ကျေးလက်



နေပြည်သူများအနေဖြင့် ကဏ္ဍအလိုက် ပြောင်းလဲဆောင်ရွက်သင့်သည့် အချက်များကို အကြံပြု ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **အောင်ဖြိုး(ပြန်/ဆက်)**



ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၅)ရှိ မြို့မဈေး မီးဘေးလုံခြုံရေးအတွက် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးဆောင်၍ ခရိုင်/မြို့နယ် သန္ဓေတပ်ဖွဲ့ဝင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဈေးတာဝန်ခံများဖြင့် ဈေးမီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ မီးသတိမူရေး လက်ကမ်းစာစောင်များ၊ ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို စက်တင်ဘာ ၁၀ ရက်က ဆောင်ရွက်စဉ်။ ဘုန်းမြတ်

## လက်ပံတန်း၌ အပူဒဏ်ကြိုတင်ကာကွယ်ရေး စုပေါင်းသစ်ပင်စိုက်ပျိုး



**လက်ပံတန်း အောက်တိုဘာ ၁၀**
ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မဟာဗျူဟာလမ်းဘေးတွင် ယနေ့နံနက် ၇ နာရီက အပူဒဏ်ကြိုတင်ကာကွယ်ရေး စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြပြီး မဟော်ဂနီ၊ ပျဉ်းကတိုး ပျိုးပင်ပေါင်း ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ဘိုကလေးမြို့နယ်၌ မီးဘေးသရုပ်ပြလေ့ကျင့်

**ဘိုကလေး အောက်တိုဘာ ၁၀**
ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မြို့မဈေးတွင် ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မီးလောင်မှု မဖြစ်စေရေးအတွက် မီးဘေးသရုပ်ပြခြင်းနှင့်အတူ လေ့ကျင့်မှုဆောင်ရွက်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ဈေးသူဈေးသားများတက်ရောက်ကြပြီး မြို့နယ်မီးသတ်ဦးစီးဌာန၊ ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအတွက် အသိပညာပေးဟောပြောခြင်း၊ ဆီမီးလောင်ခြင်း၊ ဂတ်(စ်)မီးလောင်ခြင်းတို့အတွက် သရုပ်ပြသခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုနည်းကို သရုပ်ပြသခြင်းတို့ ဆောင်ရွက်ကာ ဈေးသူ ဈေးသားများအား လက်တွေ့မီးငြိမ်းသတ်စေ၍ သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။ **မိုးစက်(ဘိုကလေး)**



## ရန်ကုန်မြို့ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သို့ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

**ရန်ကုန် အောက်တိုဘာ ၁၀**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၁၇၆ ဦးနှင့် ဆရာ ဆရာမများသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သို့ သွားရောက်လေ့လာကြရာ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါ်စောနန်းနွယ်နှင့် တာဝန်ရှိသူများက အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သမိုင်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်မှ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား မော်ကွန်းတိုက်၏ စာရွက်စာတမ်းများ ထိန်းသိမ်းခြင်းလုပ်ငန်း၊ မိုက်ကရို ဖလင်ရိုက်ကူးခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်း၊ သုတေသီအထောက်အကူပြု လုပ်ငန်းနှင့် မော်ကွန်းပြခန်းများ အကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ကျောင်းသား ကျောင်းသူများအား ဉာဏ်စမ်းပြိုင်ပွဲများ ကျင်းပ၍ အမှတ်တရ လက်ဆောင်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## မိုးပြောင်းဖူးများထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်အခြေအနေ

**ကျောက်ဆည် အောက်တိုဘာ ၁၀**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသဖြစ်သောကြောင့် သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ သီးနှံများအနက် မိုးပြောင်းဖူးသီးနှံကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ကျောက်ဆည်မြို့နယ်တွင် ၈၀၈ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၁၇၆၁ ဧက၊ မြစ်သားမြို့နယ်တွင် ၂၇၅ ဧက စုစုပေါင်း ၂၈၄၄ ဧကစိုက်ပျိုးခဲ့ပြီး စဉ့်ကိုင်မြို့နယ်တွင် ၇၉ ဧက ရိတ်သိမ်းပြီးစီးကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရသည်။

အများဆုံးစိုက်ပျိုးသောမျိုးများမှာ သကြားပြောင်းမျိုးဖြစ်ပြီး တစ်ကေမျိုးအနေဖြင့် ပြောင်းဖူးစေ့ ရှစ်ပြည်စိုက်ပျိုးရကြောင်း၊ မေလတွင် စိုက်ပျိုးခဲ့သော မိုးပြောင်းဖူးများမှာ ဩဂုတ်လမှစတင်၍ ထွက်ရှိနေပြီး တစ်ကေစိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် မျိုးသွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်းကျပ် ၆၀၀၀၀၀ အထိ ကုန်ကျကြောင်း၊ တစ်ကေအထွက်နှုန်းအနေဖြင့် ပြောင်းဖူးစုစုပေါင်း (၄၀၀၀-၄၅၀၀) ဖူးခန့် ထွက်ရှိကြောင်းသိရသည်။

ပြောင်းဖူးသီးနှံကို သရေစာအဖြစ် စားသုံးကြသလို ပြောင်းဖူးကြော်၊ ပြောင်းဖူးသုပ်၊ ပြောင်းဖူးထောင်း စသည်ဖြင့် အမျိုးမျိုးစားသုံးကြကြောင်း၊ ပြောင်းဖူးကို ပွဲစားများက အခင်းထဲအရောက်လာရောက်ဝယ်ယူကြကြောင်း၊ ပွဲစားများမှတစ်ဆင့် ရန်ကုန်၊ မန္တလေးမြို့များရှိ ကုန်စိမ်းသီးနှံပွဲရုံများသို့ တစ်ဆင့်ပြန်လည်ရောင်းချကြောင်း၊ အကျိုးအမြတ်အနေဖြင့် စိုက်ပျိုးစရိတ်နုတ်ပြီး ငွေကျပ် ၇၀၀၀၀၀ ခန့်မြတ်ကြောင်း ပြောင်းဖူးစိုက်ပျိုးသော တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**DOCA(မန္တလေး)**

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၁၀**
မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။ **မိုး/ဇလ**

# နောင်ချိုမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ အာဟာရနှင့်အသုံးအဆောင်ပစ္စည်းများ ပေးအပ်

**နောင်ချို အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နောင်ချိုမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ဆန်နှင့်အသုံးအဆောင်ပစ္စည်းများလှူဒါန်းခြင်းကို ယမန်နေ့က နောင်ချိုမြို့ စိန့်အလွိုက်ရက်(စ်) မသန်စွမ်းမိဘမဲ့ဂေဟာ၌ ဆောင်ရွက်ရာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်



များသည် ကံကြီးကျေးရွာသားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပစ္စည်းနှင့် အလှူငွေများ ပေးအပ်ခြင်း၊ မူကြိုမှ ကလေးငယ်များအား နွားနို့၊ ကြက်ဥ၊ မုန့်များတိုက်ကျွေးခြင်း၊ စာရေးကိရိယာများ ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ယင်းနောက် ကျေးရွာအတွင်း သက်ကြီးရွယ်အိုများနှင့် မီးဖွားပြီးစ နို့တိုက်မိခင်တစ်ဦးတို့အား အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်ခြင်း၊ အာဟာရဖြည့်အစားအစာများ၊ အန္တေးစောင်၊ မျက်နှာသုတ်ပဝါနှင့် အလှူငွေများ ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်၌ ရာသီဥတုပြောင်းလဲဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ကြိုတင်ပြင်ဆင် ကာကွယ်နိုင်ရန် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူကျော် ဦးဆောင်၍ ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် အောက်တိုဘာ ၁၀ ရက်က မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ လူစည်ကားရာနေရာများ၌ ဖြန့်ဝေပေးခဲ့စဉ်။ ဖြိုးမမ (ပြန်/ဆက်)

## ထားဝယ်ခရိုင်၌ ရုံးပတီသီးများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိ

**ထားဝယ် အောက်တိုဘာ ၁၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများသည် ရုံးပတီသီးများကို မိသားစုအပိုဝင်ငွေရရှိစေရန်အတွက် စီးပွားဖြစ်တစ်နိုင်တစ်ပိုင် တိုးချဲ့စိုက်ပျိုးလာကြရာမှ ဒေသတွင်းစားသုံးမှုများအပြင် အနီးပတ်ဝန်းကျင်မြို့နယ်များနှင့် ကျေးရွာများအထိပါ စနစ်တကျ တင်ပို့ရောင်းချနိုင်သည်အထိ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိသည်။

ထားဝယ်မြို့နယ်နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများတွင် ရုံးပတီသီးများကို ရေရရှိနိုင်သည့် မြစ်ချောင်းဘေး၊ မြစ်ကမ်းဘေးများနှင့် ဥယျာဉ်ခြံများအတွင်း မြေလွတ်မြေလပ်များတွင် အများဆုံး စိုက်ပျိုးကြသည်။

ရုံးပတီသီးများသည် စိုက်ပျိုးပြီး ရက်ပေါင်း ၄၅ ရက်မှ ရက် ၅၀ အကြာတွင် စတင်ဆွတ်ခူးနိုင်ပြီး နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး တာရှည်ဆွတ်ခူးရောင်းချနိုင်သည့် သီးနှံဖြစ်သည်။ ရာသီဥတုနှင့် မြေဩဇာများအပေါ် မူတည်၍ နှစ်ရက်မှ သုံးရက်လျှင် တစ်ကြိမ် ပုံမှန်အသီးဆွတ်ခူးနိုင်သဖြင့် တောင်သူများအတွက် နေ့စဉ်နှင့်အမျှ ပုံမှန်ဝင်ငွေရရှိကြောင်း၊ ထားဝယ်ဒေသထွက် ရုံးပတီသီးများကို ထားဝယ်မြို့ရှိ စည်ပင်သာယာဈေးကြီး၊ ကမ်းနားပျံကျဈေးနှင့် ညနေဈေးများတွင် အဓိက တင်ပို့ရောင်းချလျက်ရှိပြီး ဒေသတွင်း ကုန်စိမ်းပွဲရုံများမှတစ်ဆင့် အခြားမြို့နယ်များနှင့် နယ်စပ်ဒေသများသို့ ကုန်ကားကြီးများဖြင့် တင်ပို့ရောင်းချလျက်ရှိသည်။

DOCA
(တနင်္သာရီ)



ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ဆန်၊ ဆီ၊ ဘဲဥများနှင့် ကြက်ဥများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက အမှတ် (၄) ရပ်ကွက် အောင်ဆန်း (၁၁) လမ်းထိပ်၌ ဆောင်ရွက်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးတင့်ဇော်ထက်နှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးစဉ်။ ရဲကိုမောင်(ပြန်/ဆက်)

## နတ်တလင်းဒေသထွက် ဩဇာသီးများ ဈေးကောင်းရရှိ

**နတ်တလင်း အောက်တိုဘာ ၁၀**

ဩဇာပင်ကို နတ်တလင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် မိသားစုစားသုံး၍ ပိုလျှံသည်များကို ရောင်းချရန် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပြီး အများအားဖြင့် ဒေသမျိုးများကိုသာ စိုက်ပျိုးကြသည်။

နတ်တလင်းမြို့နယ် မြို့မဈေးနှင့် ညနေဈေးတို့တွင် ၂၀၂၆ ခုနှစ် ဩဂုတ်လ စတုတ္ထပတ်မှစတင်ပြီး ရှားဖြူကုန်းကျေးရွာ၊ သခွတ်ကုန်းကျေးရွာ၊ အနောက်စုကျေးရွာနှင့် အခြားကျေးရွာအချို့မှ ဩဇာသီးများ ဝင်ရောက်လာကြောင်း၊ တစ်နှစ်တစ်ကြိမ်သာ ထွက်ရှိသည့် သီးနှံဖြစ်သည့်အတွက် စားသုံးသူများက ကြိုက်နှစ်သက်စွာ ဝယ်ယူစားသုံးကြသလို လက်ဆောင်ပေးရန် ဝယ်ယူခြင်းများလည်းရှိ၍ အရောင်းသွက်လျက်ရှိကြောင်း၊ ဥက္ကံမြို့၊ သုံးဆယ်မြို့တို့သို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း ဩဇာသီး ရောင်းချသူများထံက သိရသည်။

DOCA(ပဲခူး)


## သွေးသည် အသက်

**တစ်ဦးတည်း ဖြစ်ပါကြောင်း**
သာစည်မြို့နယ်၊ ဇီးတောကျေးရွာနေ ဦးချိုလေး (ခ) ဦးအောင်ချိုလေး ၉/သစန(နိုင်) ၁၀၃၀၄၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးချိုလေး(ခ)ဦးအောင်ချိုလေး

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 52W/60414, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းဝင်း (၇/ရတရ(နိုင်)၀၇၀၂၁၁) က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)

### မိဘအမည်မှန်
မြောင်မြို့နယ်၊ ဆွဲလဲအိုကျေးရွာမှ မောင်ဇော်မျိုးနောင် ၅/မမန(နိုင်)၀၆၅၈၉၇ ၏ မိဘအမည်မှာ ဦးသန်းမြင့်၊ ဒေါ်ခင်မျိုးမြင့် ဖြစ်ပါကြောင်း။
ဦးသန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်

### မိဘအမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်
မြောင်မြို့နယ်၊ ဆွဲလဲအိုကျေးရွာမှ မမြင့်သန္တာ ၅/မမန(နိုင်)၀၆၅၉၀၃ ၏ မိဘအမည်မှာ ဦးသန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၆-၅-၁၉၈၅ ဖြစ်ပါကြောင်း။

### မိဘအမည်မှန်
လားရှိုးမြို့၊ အ.ထ.က(ခွဲ)၊ အ.လ.က(၇)၊ Grade (11) တွင် ပညာသင်ကြားနေသော မဇွန်ဇွန်အောင် ၏ မိဘအမည်မှန်မှာ ဦးကြာညွန့် နှင့် ဒေါ်စက်ကြည် ဖြစ်ပါကြောင်း။
ဦးကြာညွန့်၊ ဒေါ်စက်ကြည်

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း
ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး (၁၆/ကံကြီးကုန်း)၊ ကွင်း/အကွက်အမှတ် (၆၆၂/ကံကြီးကုန်း)၊ ဦးပိုင်အမှတ် (၆၁/ ၁၃၊ ၆၁/၁၄၊ ၆၁/၁၅)၊ မြေဧရိယာ ( ၀ .၆၁) ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ပေါင်း၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်နန်းမွေးကြိုင်မှ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

### "ကန့်ကွက်နိုင်ပါသည်"
ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂/မြောက်)ရပ်ကွက်၊ ဇင်္ဂမလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂/မြောက်)၊ မြေကွက်အမှတ်(၁၅/က)၊ အကျယ်အဝန်း(၁၂၀၀)စတုရန်းပေ၊ (၀.၀၂၇)ဧကရှိ ဒေါ်သန်းအေး အမည်ပေါက်သည့် နှစ်(၆၀) ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချသူမှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းအေး (၁၂/ ကခက (နိုင်) ၀၃၇၃၃၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေ အချို့ကိုပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့် ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍(၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
"ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ"
ဦးအောင်နိုင်ထူး "တရားလွှတ်တော်ရှေ့နေ" စဉ်(၁၃၅၇၅) LL.B., WIPO (Switzerland)
အမှတ်(၅၀)၊မြေညီထပ်၊(၃၉)လမ်းအောက်၊(၈)ရပ်ကွက်၊ကျောက်တံတားမြို့နယ်၊ Ph:09-420088970

### အများသိစေရန်ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၆၊ မြေကွက် အမှတ်-၇၃၇ ဟုခေါ်တွင်သည့် ဧရိယာ(ပေ၄၀ x ပေ၆၀)ရှိမြေကွက်မှာ ဦးဉာဏ်ဝေ အမည်ပေါက် ပါမစ်မြေ အမျိုးအစား ဖြစ်ပါသည်။ အဆိုပါ (ပေ၄၀ xပေ၆၀) ရှိမြေကွက်မှ ဦးကြည်သိန်း (၈/ပဖန(နိုင်)၀၁၂၅၃၇)က (မြေကွက်အား မျက်နှာမူပြီး လက်ဝဲဘက်မှ ရေတွက်လျှင် ဒုတိယအကွက်)ဖြစ်သော (၁၀ပေ Xပေ၆၀ )အား ဆက်စပ်စာချုပ်စာတမ်း မူရင်း/ မိတ္တူများ၊ ပါမစ်မူရင်း/မိတ္တူများနှင့်အတူ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မိမိတစ်ဦးတည်းသာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း မြေကွက်နှင့်ပတ်သက်သော ခိုင်လုံသည့် စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရဲထူးကျော် (LL.B) အထက်တန်းရှေ့နေ(စဉ်-၃၇၅၈၂/၂၃-၉-၂၀၁၁)
အမှတ်-၉/မြေညီ၊၁၀၇-လမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၇၅၂၄၀၄၄၂၈/၀၉-၄၀၉၇၉၇၃၄၄

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (1-B မြစိမ်းရောင်)၊ မြေကွက်အမှတ် (၉၇)၊ ဧရိယာ (၀.၁၃၁)ဧက မြေကွက်တည်နေရာ အမှတ် (၉၇)၊ အနော်ရထာလမ်း၊ အတွင်းပဒံကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ ဒေါ်စီစီသိန်း (၁၂/ပဓတ (နိုင်) ၀၀၈၅၀၇)၊ ဒေါ်အေးမော်သိန်း (၁၂/ပဓတ (နိုင်) ၀၀၈၅၀၉) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်စီစီသိန်း (၁၂/ပဓတ (နိုင်) ၀၀၈၅၀၇)၊ ဒေါ်အေးမော်သိန်း (၁၂/ပဓတ (နိုင်) ၀၀၈၅၀၉)တို့ကိုယ်တိုင်မှ နိုင်ငံသားစိစစ်ရေးကတ်၊ ပါမစ်မူရင်းတွင် မိသားစုဓါတ်ပုံ၊ ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်၊ မြေပုံတို့တင်ပြ၍ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းတို့တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၄၂၆/က)၊ ၁၂၀၀ စ/ပေ၊ မြေကွက်တည်နေရာ အမှတ်(၄၂၆/က)၊ သုမာလာ(၂)လမ်း၊ (၂)ရပ်ကွက်၊ ဒေါ်ညိုညိုသိန်း (CF-၀၅၆၅၆၁) (၁၂/ဥကမ(နိုင်)၀၄၇၈၀၈) အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား မြေအမည်ပေါက်ဒေါ်ညိုညိုသိန်း(မိခင်)သည်(၈- ၇-၂၀၂၆)ရက်တွင်လည်းကောင်း၊ ဦးမောင်မောင်သိန်း(ဖခင်)သည်(၂၆-၇-၂၀၂၁)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် ဦးသိန်းလွင်(၁၂/ဥကမ(နိုင်)၀၄၆၃၁၄)၊ ဒေါ်မိုးမိုးသိန်း(၁၂/ဥကမ(နိုင်)၀၄၇၈၇၄)၊ ဒေါ်အေးအေးသိန်း(၁၂/ဥကမ(နိုင်)၀၄၈၅၆၉)၊ ဒေါ်ပြုံးပြုံးသိန်း(၁၂/ဥကမ(နိုင်)၀၄၈၅၇၁)၊ ဦးဇော်မင်းသိန်း(၁၂/ဥကမ(နိုင်)၀၄၇၈၇၁)၊ ဦးသန်းဇော်မင်းသိန်း(၁၂/ဥကမ(နိုင်)၀၄၆၁၅၃)၊ ဒေါ်ဖြူနှင်းလွင် (၁၂/ဥကမ(နိုင်)၁၈၁၈၂၂)တို့မှ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်အမွေ ဆက်ခံပိုင်ဆိုင်သည့် သား/သမီးများတော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ ကိတ္တိမသား/သမီးများမွေးစားထားခဲ့ခြင်းမရှိသည်မှာမှန်ကန်ကြောင်းကျမ်းကျိန်အမှတ် ၂၁၃၅/၂၄-၈-၂၀၂၆၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ပါကြောင်း
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ထန်းပင်ချောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၁၇၁ ဈ)၊ ကွင်းအမည် (ဝါးကောက်တောအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၂၆/၂)၊ ဧရိယာ (၅.၃၀)ဧကရှိ (၁) ဦးသိန်းထွန်း၊ (၂) ဦးကျော်မြင့် နှင့် (၃) ဦးထွန်းအေး တို့အမည်ပေါက် ပုံစံ-၇၊ ၁၀၅ လယ်မြေကွက်နှင့် ယင်းလယ်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ကိုကို (၇/ပခန (နိုင်) ၂၈၈၇၁၃)ထံမှ ကျွန်မ ဒေါ်ခင်နှင်းဝေ (၁၂/သဃက (နိုင်) ၁၄၈၁၂၈)က ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဒေါ်ခင်နှင်းဝေ (၁၂/သဃက (နိုင်) ၁၄၈၁၂၈)
၀၉- ၇၈၁ ၁၈၄ ၃၁၈

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**

**အင်ဂျင်နီယာသင်တန်းသားများ**

**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင်ဖြစ်စေ၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင်ဖြစ်စေ အခမဲ့ရယူပြီး **၁၁-၁၀-၂၀၂၆** ရက်နေ့မှ စတင်၍ **၈-၁-၂၀၂၇** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှ ၆ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် (၁၀၈)ကြိမ်မြောက်စေတီယင်္ဂဏပရိယတ္တိမွေ့နုဂ္ဂဟစာလျှောက်မေးပွဲ ကျင်းပပြုလုပ်မည့်ရက် ကြေညာခြင်း

၁။ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် (၁၀၈)ကြိမ်မြောက် စေတီယင်္ဂဏပရိယတ္တိမွေ့နုဂ္ဂဟစာလျှောက်မေးပွဲကို ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၁) ရက်၊ (၅-၁၂-၂၀၂၆) ရက် စနေနေ့ မှ နတ်တော်လဆန်း (၂) ရက် (၁၁-၁၂-၂၀၂၆) ရက် သောကြာနေ့အထိ ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ဖြေဆိုမည့်ရဟန်းတော်များသည် ဝင်ခွင့်ပုံစံများကို ဂေါပကအဖွဲ့ရုံး၌ ရုံးချိန်အတွင်းထုတ်ယူ၍ (သို့မဟုတ်) Shwedagon Pagoda ဖေ့(စ်)ဘုတ်အကောင့် ဖေ့(စ်)ဘုတ်စာမျက်နှာမှကူးယူ၍ မှန်ကန်စွာ ဖြည့်သွင်းပြီး ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ (၂၄-၁၁-၂၀၂၆) ရက် အင်္ဂါနေ့တွင် နောက်ဆုံးထား၍ ပေးပို့တော်မူကြပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

၃။ ပရိယတ္တိသာသနာကို ချီးမြှောက်သောအားဖြင့် စာဖြေသံဃာတော်များအား ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းလိုပါက ရွှေတိဂုံစေတီတော်ရင်ပြင်နှင့် ဂေါပကအဖွဲ့ရုံးအလှူခံဌာနများတွင် လှူဒါန်းနိုင်ပါကြောင်း ကုသိုလ်အကျိုးမျှော် နိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း- ၀၁-၃၈၃၅၀၈၊ ၀၁-၃၇၅၇၆၇**
**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ ကျောင်းပိုင်းလမ်းသွယ်(၁)၊ နယ်မြေ(၅)၊ ကွင်းအမှတ် (၆၇၆-A၊ ဗိုလ်ချုပ်ရွာမကွင်း) ဟုခေါ်တွင်သော အလျား x အနံ (၈၅ x ၂၁) ပေအကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးစိန်မင်း (ဘ) ဦးအေးတင် (၁၂/အစန(နိုင်)၀၅၃၈၈၃) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများ (၁) ဦးကျော်ဇေအောင် (ဘ) ဦးသက်အောင် (၁၂/ သကတ (နိုင်) ၁၅၉၃၈၇)၊ (၂) ဒေါ်သူဇာအောင် (ဘ) ဦးဝင်းထွန်း (၁၂ / သကတ (နိုင်) ၁၅၃၂၁၂) တို့က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဦးဇာနည် | ဒေါ်အိအိမော်(ခ)ဒေါ်အိသဥ္ဇာအောင် | ဒေါ်ခင်သီတာမြင့်အောင် |
| (LL. B, DBL, DIPL, DIL) (စဉ်-၁၄၆၆၈) | (LL. B, DIPL) (စဉ်-၁၈၇၂၆) | (LL. B, DBL) (စဉ်-၂၀၀၇၈) |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံးအမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း - ၀၉ ၄၂၀၃၀၀၂၆၂**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့၊ အထက (၁) မုဒုံ၊ ကောဒသမတန်းမှ မောင်ဇော်ပိုင်သက်၏ ဖခင်အမည်မှန်မှာ မင်းထွန်းအေး ၁၀/မဒန(နိုင်)၁၆၇၁၉၇ ဖြစ်ပါကြောင်း။

**မင်းထွန်းအေး**

## အမှန်ဖတ်ရှုပါရန်

၁၀-၁၀-၂၀၂၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ -၂၅ တွင်ပါရှိသော ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဂရန်အမည်ပေါက် ဦးအေးကျော် (ခင်ပွန်း)ဖြစ်သူသည် (၂၇-၇-၂၀၂၅) ရက်အစား (၂၇-၇-၂၀၁၅) ရက်တွင် ကွယ်လွန်ဟု အမှန်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/4895, Honda Wave 100 M/C အား စစ်တွေမြို့၊ ရွာကြီးတောင်ရပ်ကွက်နေ ဦးအောင်မင်းဖြိုးထူး ၁၁/စတန (နိုင်) ၁၃၂၂၃၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀/၉၃၉၈ ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈) ရပ်ကွက်၊ ရေစက်လမ်း၊ တိုက်အမှတ် (၁၆၁ /ခ)ဟုခေါ်တွင်သော (၂)ခန်းတွဲ ( ၆ )ထပ်တိုက် အဆောက်အအုံ၏ (ဒုတိယထပ်)၊ ၃-လွှာ၊ (ညာဘက်ခြမ်း)၊ အကျယ်အဝန်း (အလျား ၁၇ ပေ x အနံ ၅၄ ပေ)ရှိတိုက်ခန်းနှင့်တကွ ရေမီးစုံအပါအဝင် ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်ကို မြေရှင်ကန်ထရိုက်တာ နှစ်ဖက်သဘောတူ စာချုပ်အရ ကန်ထရိုက်တာထံမှ (၁၄-၂-၂၀၂၃) ရက်တွင် ဝယ်ယူခဲ့ပြီး လက်ဝယ်ထား ပိုင်ဆိုင်သူ ဒေါ်ဟန်နွယ်စိုးနိုင် (၁၂/တမန(နိုင်)၁၁၇၄၁၀)မှ မိမိတစ်ဦးတည်း ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အထွေးကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းချသူထံ ပေးချေထားပါသည်။

အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူမည်သူမဆို တိုက်ခန်းနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၆၈)**
**အမှတ် - ၁၂၉၇ /အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့**
**မြန်မာ့အလင်းသတင်းစာတွင်**
**ကြော်ငြာစို့**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနမှ ကော်မတီလုပ်ငန်းများတွင် အသုံးပြုရန် ဒီဇယ်ဆီ(၈၅၀၀၀)ဂါလန်၊ Octane-92(၂၀၀၀၀)ဂါလန် နှင့် ပရီမီယမ်ဒီဇယ်ဆီ (၄၅၀၀၀) ဂါလန် ဝယ်ယူရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၃-၁၀-၂၀၂၆ ရက်
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၆-၁၀-၂၀၂၆ ရက်
(ဂ) **လျှောက်လွှာရောင်းချမည့်နေရာ** - ၆၂လမ်း၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန
(ဃ) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်ရက်** - ၂၉-၁၀-၂၀၂၆ ရက်
(င) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေရာ** - ၂၆ လမ်း၊ ၇၁x၇၂ လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
(စ) တင်ဒါပုံစံဈေးနှုန်းများမှာ - ဒီဇယ်ဆီ ကျပ် ၁၅,၀၀၀/-၊ Octane-92 ကျပ် ၁၀,၀၀၀/-၊ ပရီမီယမ်ဒီဇယ်ဆီ ကျပ် ၁၅,၀၀၀/-

၂။ တင်ဒါဝင်ရောက်ယှဉ်ပြိုင်သောကုမ္ပဏီအနေဖြင့် စက်သုံးဆီသွင်းကုန်လိုင်စင် Fuel Import License (လိုအပ်ပါက မူရင်းတင်ပြရမည်) တင်ပြနိုင်ရမည့်အပြင် စက်သုံးဆီများအား ပြည်ပမှတိုက်ရိုက်မှာယူတင်သွင်းထားသည့် ကုမ္ပဏီဖြစ်ရပါမည်။

၃။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများအားလုံးကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်ရုံမော်တော်ယာဉ်ဌာန ဖုန်း- ၀၂-၄၀၈၀၁၅၇၊ ၀၂- ၄၀၈၁၃၁၆၊ ၀၉-၄၄၄၀၁၅၀၇၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ အကွက်အမှတ်(၆/၃၊ နန္ဒဝန်)၊ ဦးပိုင်အမှတ်(၂၆-က)၊ မြေဧရိယာ(၀.၁၆၀) ဧကရှိ မြေကွက်အား အမည်ပြောင်းဂရန်လျှောက်ထားနိုင်ရေး ဦးချို့ဝင်း (၉/မမန (နိုင်)၀၀၀၀၉၃)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ပြင်ဆင်ဖတ်ရှုနိုင်ပါရန်

(၃၀ -၉ -၂၀၂၆)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၈) ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ဝေဝေအောင် (စဉ် - ၁၂၄၆၈) ၏ အများသိစေရန် အသိပေးကြေညာချက်တွင် ဖော်ပြပါရှိသော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ပင်းယ(၁၆)လမ်း၊ အမှတ် (၉၆၃/ခ) ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၅) ၊ မြေကွက်အမှတ် (၆၉၃ / ခ)၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ပေ) အနက်မှ ခေါင်းရင်းခြမ်း၊ (၂၀ ပေ x ၆၀ပေ) အစား (၁၀ ပေ x ၆၀ ပေ) ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22U/1260, Bajaj 200 T/W အား စစ်တွေမြို့၊ ကသဲရပ်ကွက်နေ ဦးမင်းသီဟဖြိုး ၁၁/စတန (နိုင်) ၀၉၃၂၀၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၄၃၂၁၆, Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးမိုးကျော် ၉/ပမန(နိုင်) ၁၂၇၂၇၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အိမ်အမှတ်(ဃ-၅၁)နေ ဦးလိခေါန်၏ သမီးဖြစ်သူ ဒေါ်ချောစုလှိုင်(၁၃/တမည(နိုင်)၀၁၁၃၄၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာပါသည်-

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁/ပဒေသာ)၊ ဦးပိုင်အမှတ်(၃၀၀)၊ ဧရိယာ (၀. ၀၄၆)ရှိ ဦးအောင်ဆန်း(ဘ)ဦးဖိုးကျား ( DX-၀၃၃၆၅၀)(၉/မမန(နိုင်)၀၀၇၄၅၇)အမည်ဖြင့် မြေပေးမိန့်စာအုပ်အမှတ်စဉ်(၁၃)ဖြင့် ရရှိထားသောမြေကွက်၏ အကျိုးခံစားခွင့်အဝဝအား ရောင်းချပိုင်ခွင့်ရှိသူ၊ လက်ရှိထားသူဟု အဆိုပြုသော ဒေါ်သက်နှင်းဖြူ(ဘ)ဦးဝင်းတင်(၉/ပမန(နိုင်)၁၅၀၈၅၀)မှ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ စာရွက်စာတမ်းမှန်ကန်ကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်ချောစုလှိုင်(၁၃/တမည(နိုင်)၀၁၁၃၄၄)မှ ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ သို့အတွက် အထက်ပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဖြစ်စေ၊ ကျွန်ုပ် ၏မိတ်ဆွေဖြစ်သူဒေါ်ချောစုလှိုင် (၁၃/တမည(နိုင်)၀၁၁၃၄၄) ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ချောစုလှိုင်(ဘ)ဦးလိခေါန်** | **ဒေါ်အေးငြိမ်းငြိမ်းသူ(LL.B)** |
| **(၁၃/တမည(နိုင်)၀၁၁၃၄၄)** | **စဉ်-၁၀၂၂၁** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **အမှတ်(၁၅၉၆)၊ စိတ္တလမ်းသွယ်(၃)၊** |
| | **အောင်သုခရပ်ကွက်၊ ရပ်ကွက်ကြီး(၅)၊** |
| | **ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၀၂၆၅၉၉၁၇** |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အမျိုးသမီးရေးရာဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသမီးရေးရာဝန်ကြီးဌာန၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အောက်ဖော်ပြပါ စက်ပစ္စည်း(၂)မျိုး ဝယ်ယူရန်အတွက် တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်-

| တင်ဒါ အမှတ်စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| Lot 1 | Desktop Computer | ၃၆ လုံး |
| Lot 2 | Laptop Computer | ၅၂ လုံး |

၂။ တင်ဒါအဆိုပြုပုံစံနှင့်အတူ ကုမ္ပဏီအကြောင်းအရာ Profile, Form6, Form26 ဖြင့် စသည်တို့ကို အောက်ပါအတိုင်း တင်သွင်းရမည်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်၊ အချိန်** - ၁၃-၁၀-၂၀၂၆ ရက်မှ ၂၉-၁၀-၂၀၂၆ ရက်ထိ (၀၉:၀၀ နာရီမှ ၁၆:၀၀ နာရီထိ) ရုံးချိန်အတွင်း
(ခ) **တင်ဒါတင်သွင်းရမည့်ရက် ၊ အချိန်** - ၁၅-၁၀-၂၀၂၆ ရက်မှ ၃၀-၁၀-၂၀၂၆ ရက်ထိ (၀၉:၀၀ နာရီမှ ၁၆:၀၀ နာရီထိ) ရုံးချိန်အတွင်း
(ဂ) **တင်ဒါပုံစံရယူနိုင်သည့်နေရာနှင့် တင်ဒါတင်သွင်းရမည့်နေရာ** - အမျိုးသမီးရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၆၀၇

**တင်ဒါကော်မတီ**
**အမျိုးသမီးရေးရာဝန်ကြီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ -၂၀) ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော် ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၂၅

| | | |
|---|---|---|
| ဒေါ်ခင်မိုးသက် | နှင့် | ဦးသောင်းစိန် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ ၁၃၉(ဘီ)လမ်း၊ ၆၃x၆၄ လမ်းကြားနေ ဦးသောင်းစိန်(ဘ)ဦးဝေ (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်မိုးသက်က မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၈ဓ-၁၄)၊ ဦးပိုင်အမှတ်(၆၇)၊ ဧရိယာ (၀.၀၅၅)ဧက အကျယ်အဝန်းရှိ ဦးသောင်းစိန် အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်၊

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အင်ကြင်းဖူး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁က/၃၇၂၁ ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)မြစ်ကြီးနားမြို့**

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ဦးကျော်အောင် ၁၂/မဂဒ(နိုင်)၀၅၇၆၉၂ နှင့် ဒေါ်မျိုးမျိုး ၁၂/ဒလန(နိုင်) ၀၅၀၂၄၁ တို့သည် ၂၉-၈-၂၀၂၆ ရက်က အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲ ခြင်းကတိစာချုပ် ချုပ်ဆိုပြီး မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ဦးကျော်အောင်နှင့် ဒေါ်မျိုးမျိုးတို့သည် ကွာရှင်းပြတ်စဲသည့်ရက်မှစ၍ နောက်နောင်မည်သည့်ကိစ္စနှင့်မှ ပတ်သက်ဆက်နွယ်ခြင်းအလျှင်းမရှိတော့ပါကြောင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်အောင် ၏ လွှဲအပ်ချက်အရ-**
**ဒေါ်စန္ဒီအောင်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၁၂)**
**အမှတ်-၁၆(က)၊ စပယ်လမ်း၊ (က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၈၀၁၇၂၃၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17U/2612, TVS Leing 200 T/W အား စစ်တွေမြို့၊ လမ္မာကော်မြောက်ရပ်ကွက်နေ ဦးအောင်နိုင်စိုး ၁၁/စတန (နိုင်) ၁၀၂၅ ၇၈ကက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 19U/8165, Bajaj 200 T/W အား စစ်တွေမြို့၊ မင်းဝံရပ်ကွက်နေ ဦးကိုကိုညီ ၁၁/စတန (နိုင်) ၀၉၂၅၈၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## လူမှုဖူလုံရေးအဖွဲ့
## ဝန်ထမ်းများလျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၈ ခုနှစ်၊ တော်သလင်းလကွယ်
## (၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | ရာထူးနေရာ | ပညာအရည်အချင်းသတ်မှတ်ချက် |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၂၀ နေရာ | အနည်းဆုံး တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ (စီးပွားရေးဆိုင်ရာဘွဲ့/ ကွန်ပျူတာသိပ္ပံဘွဲ့/ ဥပဒေဘွဲ့/ အင်္ဂလိပ်စာဘွဲ့ ရရှိသူများ ဦးစားပေးမည်။) |
| (ခ) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၉၀ နေရာ | အနည်းဆုံး တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ (သို့မဟုတ်) Grade-12 (စနစ်သစ်ပညာရေး) အောင်မြင်ပြီးသူဖြစ်ရမည်။ |
| (ဂ) | ယာဉ်မောင်း(၅) (အမျိုးသား) (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၃ နေရာ | အနည်းဆုံး အခြေခံပညာ မူလတန်းအဆင့် ရှိပြီး "ခ" အဆင့်ယာဉ်မောင်းလိုင်စင် ရှိရမည်။ ယာဉ်ကို ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူဖြစ်ရမည်။ |
| (ဃ) | သန့်ရှင်းရေးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁၀ နေရာ | အနည်းဆုံး အခြေခံပညာမူလတန်းအဆင့်ရှိရမည်။ |
| (င) | အစောင့် (အမျိုးသား) (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၇ နေရာ | အနည်းဆုံး အခြေခံပညာမူလတန်းအဆင့်ရှိရမည်။ |
| (စ) | ရုံးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁၀ နေရာ | အနည်းဆုံး အခြေခံပညာအလယ်တန်းအဆင့် ရှိရမည်။ |

၂။ လျှောက်ထားသူများသည် ရွေးချယ်ခြင်းခံရပါက လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ ပြည်နယ်လူမှုဖူလုံရေးရုံး၊ ခရိုင်လူမှုဖူလုံရေးရုံး၊ မြို့နယ်လူမှုဖူလုံရေးရုံး၊ အလုပ်သမားဆေးရုံကြီးများ (ရန်ကုန်/မန္တလေး/ထန်းတပင်) နှင့် မြို့နယ်လူမှုဖူလုံရေးဆေးခန်းများတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လျှောက်ထားသူများသည်-

- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဂ) ဒုတိယဦးစီးမှူးနှင့် အငယ်တန်းစာရေး လျှောက်ထားလိုသူများသည် ကွန်ပျူတာ အခြေခံတတ်ကျွမ်းသူဖြစ်ရမည်ဖြစ်ပြီး ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၉-၁၁-၂၀၂၆ ရက်နေ့တွင် အသက် (၁၈) နှစ် ပြည့်ပြီး အသက် (၃၀) နှစ်ထက် မကျော်စေရ။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ်ထက် မကျော်စေရ။ ဤဝန်ကြီးဌာနတွင် တာဝန်ထမ်း ဆောင်သူဖြစ်ပါက အငယ်တန်းစာရေးရာထူးအတွက် အသက်(၄၅) နှစ် ထက် မကျော်လွန်သူ ဖြစ်ရမည်။
- (ဃ) ယာဉ်မောင်း (၅) လျှောက်ထားလိုသူများသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၉-၁၁-၂၀၂၆ ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက်(၃၅)နှစ်ထက် မကျော်စေရ။
- (င) သန့်ရှင်းရေးအကူနှင့် အစောင့် လျှောက်ထားလိုသူများသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၉-၁၁-၂၀၂၆ ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၄၅) နှစ်ထက် မကျော်စေရ။
- (စ) ရုံးအကူလျှောက်ထားလိုသူများသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၉-၁၁-၂၀၂၆ ရက်နေ့တွင် အသက် (၁၈)နှစ်ပြည့်ပြီး အသက် (၃၅)နှစ်ထက် မကျော်စေရ။
- (ဆ) အစိုးရဌာနတစ်ခုခု၏ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ **ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal)၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာ ပယ်ဖျက်ခံရသူများ** လျှောက်ထားခွင့်မရှိပါ။
- (ဇ) ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက ဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်။

- (က) လျှောက်ထားသူ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ခ) မွေးသက္ကရာဇ် (အသက်)
- (ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
- (ဃ) ပညာအရည်အချင်း၊ အောင်မြင်သည့် ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/တက္ကသိုလ်
- (င) အဖအမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်ရာထူးနှင့် ဌာန
- (ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်နှင့်မှတ်ပုံတင်သည့်ရက်စွဲ
- (ဇ) ဆက်သွယ်ရန် လိပ်စာနှင့် တယ်လီဖုန်းအမှတ်
- (ဈ) အမြဲတမ်းနေရပ်လိပ်စာ (အပြည့်အစုံ)

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

- (က) ဒုတိယဦးစီးမှူးနှင့် အငယ်တန်းစာရေး လျှောက်ထားလိုသူများသည် ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်မိတ္တူနှင့် တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်) (ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။) (အခြားကျွမ်းကျင်မှုဆိုင်ရာ သင်တန်းအောင် လက်မှတ်များရှိပါက မိတ္တူပူးတွဲတင်ပြရန်)
- (ခ) ယာဉ်မောင်း(၅) လျှောက်ထားလိုသူများသည် ပညာအရည်အချင်းအတွက် ကျောင်း ထောက်ခံစာမိတ္တူနှင့် "ခ"အဆင့် ယာဉ်မောင်းလိုင်စင်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်) (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။
- (ဂ) သန့်ရှင်းရေးအကူနှင့်အစောင့် လျှောက်ထားလိုသူများသည် ပညာအရည်အချင်းအတွက် ကျောင်းထောက်ခံစာမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်၊) (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)
- (ဃ) ရုံးအကူလျှောက်ထားလိုသူများသည် ပညာအရည်အချင်းအတွက် ကျောင်းထောက်ခံစာမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်၊) (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)
- (င) လျှောက်ထားသူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)
- (စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ(ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)
- (ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ (၁)လအတွင်းရရှိသည့် ထောက်ခံချက်မူရင်း
- (ဇ) ကျန်းမာရေးကောင်းမွန်ကြောင်း ကျန်းမာရေးဦးစီးဌာန၏ ဆေးထောက်ခံစာမူရင်း
- (ဈ) အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)မိတ္တူ
- (ည) လွန်ခဲ့သော (၁)လအတွင်း ရိုက်ကူးထားသော ပတ်စပို့ အရွယ်ရောင်စုံဓာတ်ပုံ (၃) ပုံ (၁ ၁/၂" x ၁ ၃/၄") ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ရေးရန်
- (ဋ) တာဝန်ကျရာမည်သည့်ဒေသမဆို သွားရောက်နိုင်ကြောင်း ကတိပြုလွှာ
- (ဌ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ရာထူး၊ လစာနှုန်း၊ ဌာန၊ အဖွဲ့အစည်းအမည်နှင့် ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်မူရင်း

၅။ ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ(၁၂) ရရှိပြီးသူများအား သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ဌာနမှသတ်မှတ်ထားသော အသက်ထက် (၃) နှစ် တိုးမြှင့်လက်ခံပေးမည်ဖြစ်ပါသည်။ (ပုံစံ-၁၂ လက်မှတ်တင်ပြနိုင်ရမည်။)

၆။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံများအား အလုပ်သမားဝန်ကြီးဌာန Website **www.mol.gov.mm** နှင့် လူမှုဖူလုံရေး Website **https://ssb.gov.mm** တို့တွင် Download ရယူ လျှောက်ထားနိုင်သည်။

၇။ လျှောက်လွှာများကို လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ ပြည်နယ်လူမှုဖူလုံရေးရုံးများ၊ ခရိုင်လူမှုဖူလုံရေးရုံးများနှင့် မြို့နယ်လူမှုဖူလုံရေးရုံးများသို့ ပေးပို့လျှောက်ထားနိုင်ပြီး ၉-၁၁-၂၀၂၆ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍လျှောက်ထားရမည်။ သတ်မှတ်ချက်မကိုက်ညီသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၁၉-၁၁-၂၀၂၆ ရက်နေ့နှင့် ၂၀-၁၁-၂၀၂၆ ရက်နေ့တို့တွင် ရုံးချိန်အတွင်း ထုတ်ပေးမည်။

၉။ အမှတ်စဉ် (၁) (က) နှင့် (ခ) လျှောက်ထားသူများသည် အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ နှင့် ကွန်ပျူတာဘာသာရပ်၊ လူတွေ့(နှုတ်ဖြေ) စသည့် အရည်အချင်းစစ်စာမေးပွဲအား ဖြေဆိုရမည်ဖြစ်သည်။

၁၀။ အမှတ်စဉ် (၁) (ဂ) မှ (စ) အထိ လျှောက်ထားသူများသည် လူတွေ့(နှုတ်ဖြေ) ဖြေဆိုရမည်ဖြစ်ပါသည်။

၁၁။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ခုံအမှတ်တို့ကို လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ ပြည်နယ်လူမှုဖူလုံရေးရုံးများ၊ ခရိုင်လူမှုဖူလုံရေးရုံးများနှင့် မြို့နယ်လူမှုဖူလုံရေးရုံးများရှိ ကြော်ငြာသင်ပုန်းနှင့် ဝန်ကြီးဌာန Website **www.mol.gov.mm** နှင့် လူမှုဖူလုံရေး Website **https://ssb.gov.mm** တို့တွင် ကြေညာပေးထားမည်ဖြစ်ပါသည်။

၁၂။ အရည်အချင်းစစ်စာမေးပွဲအစီအစဉ်-

**ဒုတိယဦးစီးမှူး၊ အငယ်တန်းစာရေးရာထူး**

- (က) ၂၅-၁၁-၂၀၂၆ ရက်နေ့၊ နံနက် ၀၉:၃၀ နာရီမှ ၁၀:၃၀ နာရီအထိ အထွေထွေဗဟုသုတမေးခွန်းလွှာ၊ မွန်းလွဲ ၁၁:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ အင်္ဂလိပ်စာမေးခွန်းလွှာ။
- (ခ) ၂၆-၁၁-၂၀၂၆ ရက်နေ့၊ နံနက် ၀၉:၃၀ နာရီမှ ၁၀:၃၀ နာရီအထိ ကွန်ပျူတာစစ်ဆေးခြင်း၊ မွန်းလွဲ ၁၁:၃၀ နာရီမှ ပြီးဆုံးချိန်ထိ လူတွေ့(နှုတ်ဖြေ) စစ်ဆေးခြင်း။

**ယာဉ်မောင်း(၅)၊ သန့်ရှင်းရေးအကူ၊ အစောင့်၊ ရုံးအကူရာထူးများအတွက်**

- (က) ၂၇-၁၁-၂၀၂၆ ရက်နေ့၊ နံနက် ၀၉:၃၀ နာရီမှ ပြီးဆုံးချိန်ထိ လူတွေ့(နှုတ်ဖြေ) စစ်ဆေးခြင်း။

၁၃။ အရည်အချင်းစစ်စာမေးပွဲကို **နေပြည်တော်စာစစ်ဌာန** [လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) အပါအဝင်၊ နေပြည်တော်ကောင်စီနယ်မြေ]၊ **ရန်ကုန်တိုင်းဒေသကြီးစာစစ်ဌာန** (ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်)၊ **မန္တလေးတိုင်းဒေသကြီးစာစစ်ဌာန** (မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး)၊ **စစ်ကိုင်းတိုင်းဒေသကြီးစာစစ်ဌာန** (စစ်ကိုင်းတိုင်းဒေသကြီး)၊ **တနင်္သာရီတိုင်းဒေသကြီးစာစစ်ဌာန** (တနင်္သာရီတိုင်းဒေသကြီး)၊ **ကချင်ပြည်နယ်စာစစ်ဌာန** (ကချင်ပြည်နယ်)၊ **ကယားပြည်နယ်စာစစ်ဌာန** (ကယားပြည်နယ်)၊ **ရခိုင်ပြည်နယ်စာစစ်ဌာန** (ရခိုင်ပြည်နယ်)၊ **ရှမ်းပြည်နယ်စာစစ်ဌာန**(ရှမ်းပြည်နယ်) တို့တွင် စာစစ်ဌာန(၉)ခုဖြင့် ကျင်းပပြုလုပ်ပါမည်။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီး/ပြည်နယ်လူမှုဖူလုံရေးရုံးများနှင့် လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ နေပြည်တော်-၀၆၇-၃၄၁၇၉၀၆ သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လူမှုဖူလုံရေးအဖွဲ့**
**အလုပ်သမားဝန်ကြီးဌာန**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၇၁

၁။ ဦးဖြိုးထက်ဇော် နှင့် ဒေါ်အဲညွန့်
၂။ ဒေါ်မို့မို့အောင်

**(တရားလိုများ)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ သုခလမ်း၊ အမှတ်-၆၈၉ နေ ဒေါ်အဲညွန့် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌တရားလိုများက "ပဋိညာဉ်အတိုင်းအရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် (၁၃၈၈ ခုနှစ်၊ သတင်းကျွတ်လဆန်း ၁၁ ရက်) မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာ အတွင်းရှိ Estella Townhouses၊ မြေနှင့် အဆောက်အအုံအမှတ် (441B)၊ လမ်းအမှတ် (Lane6)၊ ခန့်မှန်း မြေရေိယာ (၁၂၁၀) စတုရန်းပေ၊ ခန့်မှန်း အဆောက်အအုံဧရိယာ (၁၂၇၇) စတုရန်းပေရှိ မြေနှင့် အဆောက်အအုံတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဦးသက်ညီမျိုးသန်း ၁၀/မလမ(နိုင်)၁၃၁၂၇၂ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ် ဦးအောင်သူဝင်း ၁၂/သလန(နိုင်)၁၁၁၈၅၆၊ ဦးအောင်ကိုကို ၁၂/ စခန (နိုင်)၀၆၇၅၁၀ နှင့် ဦးမင်းသန့် ၁၂/တကန(နိုင်) ၁၅၉၁၂၀ မှ စရန်ပေးချေခဲ့ပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်လုပ်ဆောင်သွားပါမည်။

**ဦးအောင်ကိုကို**
**ဖုန်း-၀၉-၅၄၀၇၁၄၄**

---

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/အကွက် အမှတ်နှင့်အမည် (RA-II/ကွက်ပြင်-၂)၊ ဦးပိုင်အမှတ် (၁၄၇-က)၊ မြေဧရိယာ (၀ ဒသမ ၀၇)ဧကရှိမြေအား (၁)ဒေါ်ခင်မလေး (၉/မမန(နိုင်)၀၁၇၆၀၄)၊ (၂)ဒေါ်တင်မလေး (၉/မကန(နိုင်)၀၁၀၄၀၃)၊ (၃) ဦးကျော်မင်း (၁၁/ကဖန(နိုင်)၀၅၁၉၈၆)၊ (၄) ဒေါ်ခင်သန်းနု (၉/မမန(နိုင်)၀၁၇၅၉၇) တို့ (၄) ဦး အမည်ဖြင့် မြေငှားဂရန်သက်တမ်းတိုး လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

---

## မရွှေရည်ဝင်း (၁၂/ဥကတ(နိုင်)၁၉၆၀၉၅) အား သမီးဖြစ်မှ ရာသက်ပန် အပြီးအပိုင်အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်- ၈၇၇(က)၊ ဇာဂ (၁၅)လမ်း၊ (၄) ရပ်ကွက်နေ ဦးသန်းဋ္ဌေး (၁၂/မဂတ(နိုင်)၀၀၄၀၄၀)၊ ဒေါ်စန်းရီ (၁၂/မဂတ(နိုင်)၀၀၄၈၂၅) တို့သည် မရွှေရည်ဝင်း (၁၂/ဥကတ(နိုင်)၁၉၆၀၉၅) (ဘ) ဦးကျော်ဆွေဦးအား ငယ်စဉ်ကပင်ကျွေးမွေးစောင့်ရှောက် ပညာသင်ပေးပြီး သမီးအဖြစ်မွေးစားခဲ့ပါသည်။ သို့ရာတွင် ခွင့်မလွှတ်နိုင်သောအရာများ၊ စိတ်ဆင်းရဲသောကမျိုးစုံ ပေးသောကြောင့် အမွေစား၊ အမွေခံသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မရွှေရည်ဝင်းနှင့်ပတ်သက်သော ငွေကြေးကိစ္စနှင့် မည်သည့်ကိစ္စရပ်မျိုးကိုမျှ လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းဋ္ဌေး (၁၂/မဂတ(နိုင်)၀၀၄၀၄၀)**
**ဒေါ်စန်းရီ (၁၂/မဂတ(နိုင်)၀၀၄၈၂၅)**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ(၅) ရပ်ကွက်၊ မြေတိုင်းအမှတ်( ၁၅A)၊ မြေကွက်အမှတ် ( ၄ )၊ မြေဧရိယာ (၀.၀၅၅ ) ဧကရှိမြေအား ဒေါ်မြခင်မှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက မြေငှားဂရန် အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပဲခူးမြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ(၆) ရပ်ကွက်၊ မြေတိုင်းအမှတ် (၁၈)၊ မြေကွက်အမှတ် ( ၆၀၈ခ )၊ မြေဧရိယာ(၀.၁၁၀) ဧကရှိမြေအား ဒေါ်စိုးစိုးမှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပဲခူးမြို့**

---

## မိခင်အမည်မှန်

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ အထက တောင်ပေါ်ရပ်ကျောင်း Grade- 10မှ မောင်အောင်မြင့်မြတ်ဇော်၏ မိခင်အမည်မှန်မှာ ဒေါ်ယဉ်ယဉ်အေး ၃/ဘအန(နိုင်)၂၄၉၅၈၇ ဖြစ်ပါကြောင်း။

**ဒေါ်ယဉ်ယဉ်အေး**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးတင်မောင်စိုး ၉/မနမ(နိုင်)၀၇၄၂၃၅ ပိုင်ဆိုင်သော သံ-၁၂၂၆ စက်မဲ့ကုန်တင် ရေယာဉ်၏ ရညန/လငလစ/ဗဟ/က-၈/၀၈၅၈ လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် အပိုင်း (၁)+(၂) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၈၈၁၂၁၃၈**

---

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ အထက(ခွဲ) ရွာသစ် (ရ) ကျောင်း G-12 မှ မောင်စိုင်းစိုင်း၏ ဖခင်အမည်မှန်မှာ ဦးညွန့်လှိုင်ဦး ၉/ပဘန (နိုင်)၂၀၁၄၄၈ ဖြစ်ပါကြောင်း။

**ဦးညွန့်လှိုင်ဦး**

---

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့၊ အထက(၁) မုဒုံ၊ န၀မတန်းမှ မိယုနန္ဒာအောင်၏ ဖခင်အမည်မှန်မှာ မင်းချမ်းညီညီ ၁၀/ကမရ (နိုင်) ၀၆၉၇၂၆ ဖြစ်ပါကြောင်း။

**မင်းချမ်းညီညီ**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4F/7964, Toyota Ipsum ACM 21, Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ဇင်ဟန် ၁၂/ဥကတ(နိုင်) ၁၇၃၉၅၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 32W/65217, VANBO 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစွမ်းမင်းဦး ၉/ခမစ (နိုင်) ၁၀၆၂၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3M/3738, Toyota Crown JZS 171, Saloon(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှိုင်းမို့မို့ဖွေး ၁၂/တမန(နိုင်)၁၁၀၂၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

# ဇရာကိုအန်တုနိုင်ဖို့ FAME က ထုတ်လုပ်လိုက်တဲ့

ပျို့ရွှယ်နုဆေးတွင် ဆိုက်ကလိုအက်စထရာဂျီနော (Cycloastragenol) ပါဝင်သော မွန်ဂိုပဲပင်အမြစ် အဆီအနှစ် ၁၀၀ မီလီဂရမ်နှင့် ခိုင်တိုစန်အမှုန့် (Chitosan) ၅၀ မီလီဂရမ် ပါဝင်ပါသည်။

## ကျန်းမာရေးအကျိုးကျေးဇူးများ

လူ့ခန္ဓာကိုယ်၏ဆဲလ်များအတွင်းရှိ ခရိုမိုဆုမ်းများတွင် ပါဝင်နေသည့် တယ်လိုမဲရာနှင့် တယ်လိုမဲရေ့စ်တို့မှာ ဇရာကိုအန်တုရာ၌အရေးပါကြောင်း ရှာဖွေတွေ့ရှိခဲ့ကြသည်။ တယ်လိုမဲရာများသည် ခရိုမိုဆုမ်း၏ အစွန်းထိပ်ဖျားတွင် ဦးထုပ်သဖွယ်တည်ရှိပြီး ခရိုမိုဆုမ်းများကို မပျက်စီးစေရန် ကာကွယ်ပေးပါသည်။ ဆဲလ်ပွားများမှု အကြိမ်ရေများလာသည်နှင့်အမျှ တယ်လိုမဲရာများ ပို၍ တိုလာလေဖြစ်သောကြောင့် အသက်ရှည် ကျန်းမာစေရန်အတွက် တယ်လိုမဲရာများရှည်နေရန်မှာ အရေးကြီးပါသည်။

